http://www.dhammadownload.com

မုံရွာမြို့

K-1208

ကျမ်းပြုအကျော် ကမ္ဘာကျော်

# လယ်တီဆရာတော်ဘုရားကြီး

ပြုစုရေးသားတော်မူသော

# ဝေဿဒီပနီ

သာသနာ-၂၅၅၀ ကောဇာ- ၁၃၆၈ ခရစ်- ၂၀၀၆

(ဒုတိယအကြိမ်)

http://www.dhammadownload.com

# မေဃဒီပနီ၏အနှစ်သာရ

## မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး၌

- လဇ္ဇီ၊အလဇ္ဇီ၊ဒုဿီလ ပုဂ္ဂိုလ်(၃)မျိုးကွဲပြားကြောင်း လက္ခဏာများ
- အလဇ္ဇီ၊ ဒုဿီလ ပုဂ္ဂိုလ်တို့ကို ဆည်းကပ် ကိုးကွယ်လျှင် မင်္ဂလာဖြစ်, မဖြစ် အကျိုးအပြစ်များ၊ ထိုပုဂ္ဂိုလ်တို့အား အပြစ်စကားထိပါး ပြောဆိုသူတို့၌ ဒဏ်ဆယ်ပါး ထိုက်, မထိုက်
- ရဟန်းတော်တို့၏ ဝိနည်းဆိုင်ရာများ၊ လူတို့၏ဝိနည်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ အပ်သည်, မအပ်သည် အကြောင်းခြင်းရာများ
- စတုပါရိသုဒ္ဓိသီလ လေးပါးတို့၏ အသီးသီးသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ၊ ပဒဋ္ဌာန်တို့နှင့်တကွ အင်္ဂါလက္ခဏာများ
- သံဃိကဒါနမျိုးတို့၏သရုပ်အဓိပ္ပါယ်နှင့်လှူနည်းလှူပုံ အမျိုးမျိုးတို့ကို အဘိဓာစက ပုစ္ဆာတစ်ဆယ့်သုံးခု အမေးအဖြေနှင့်တကွ လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဖြေကြားထားသော စာအုပ်။

တစ်ပြည်လုံးဖြန့်ချိရေး မိခင်ရောဝတီစာအုပ်တိုက်

မိခင်ရောဝတီ

တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော် အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

http://www.dhammadownload.com

ရွှေကျင်သာသနာပိုင်

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးတိုက်တွန်းတော်မူ၍

မုံရွာမြို့

လယ်တီဆရာတော်ဘုရားကြီး

ဖြေကြားရေးသားသော

# ဓမ္မဒီပနီ

နှင့်

# ဩဝါဒကထာ

မိခင်စာအုပ်အမှတ် (၅၈)

လယ်တီရောင်ခြည်ကွန်ပျူတာ၊ မဟာလယ်တီ၊ မုံရွာ။

http://www.dhammadownload.com

အမှန်တရားသည်အောင်အံ့

သစ္စာ မေတ္တာ


## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၁၁၁၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၅၈၀၀၆၁၀ |
| တန်ဖိုး | ၁၀၀၀ ကျပ် |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း၊ (မြ-၀၃၉၈၁) |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ် |
| စီစဉ်သူ | မိခင်ရောဝတီစာအုပ်တိုက်မိသားစု |
| ကွန်ပျူတာစာစီ | လယ်တီရောင်ခြည်ကွန်ပျူတာ |
| မျက်နှာဖုံးဒီဇိုင်း | ကိုအောင်ကိုမင်း(Eagle) |
| အတွင်းဖလင် | ကိုအောင်ခင်ဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေခြသေ့ံပုံနှိပ်တိုက် (၀၅၄၁၇) |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |

ဖြန့်ချိရေး : မိခင်ရောဝတီစာအုပ်တိုက်

တိုက်အမှတ် (၄)၊ အခန်းအမှတ် (၄၀၂)၊ ကျိုတော်အိမ်ရာ၊
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနနှင့် ကမ္ဘောဇဘဏ်အနီး
အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့။
☎ ၀၁ - ၇၀၁၄၃၁၊ ၀၉ - ၅၀ - ၁၅၆၁၃

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ခေါ် “စာပေပါရဂူ” ဘွဲ့တံဆိပ်တော်ရ



ကျေးဇူးတော်ရှင် ပဌမ လယ်တီဆရာတော်ဘုရားကြီးပုံ

http://www.dhammadownload.com

# လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးအဖွဲ့၏ အမှာစာ

## ဗုဒ္ဓဘုရားပွင့်တော်မူရာအခါ

ဗုဒ္ဓဘုရား ပွင့်တော်မူ၍ ၄၅-ဝါ တိုင်တိုင် တရားတော်များကို ဟောကြားတော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူသွားပါသော်လည်း ဟောကြားတော်မူခဲ့သည့် "တရားတော်များ"ကိုပင် ဘုရားအရာ၌ ထားတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘုရား ပွင့်တော်မူရာ အခါကဲ့သို့ပင် ရှိနေပါသည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

အကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ဘုရားကိုယ်စား "ဘုရား" အမည်တော်ရ ဓမ္မစေတီ၊ ခက်ခဲ နက်နဲလှသော ပိဋကတ်တော်မှ ထုတ်နုတ်၍ လူအများ ဓမ္မအရသာ ခံစားနိုင်ရန် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာစာတ် အလင်းရောင် ပြန့်စေတော်မူခဲ့သည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား၏ ဆန္ဒတော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ရေးသားထားသော ကျမ်းစာများကို ပြည်တွင်းပြည်ပ ပြန့်နှံ့စေလိုသော ဆန္ဒရှိတော်မူခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘုရား၏ တရားတော်များကို ဘာသာအမျိုးမျိုးပြန်ဆိုကြကာ ကမ္ဘာသို့ဖြန့်ရန် အချိန်ရောက်ပြီဟု နိုင်ငံခြားဗုဒ္ဓဘာသာအသင်းကြီး၌ ဩဝါဒပေးတော်မူခဲ့သည်။

http://www.dhammadownload.com

## လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓာနနာယက နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ကေလာသ၊ ရန်ကုန်မြို့ နာဂလှိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်၏ ပဓာနနာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ကျောင်းအုပ် စမ်းချောင်း လယ်တီဝိပဿနာကျောင်းတိုက်၊ လှည်းကူး လယ်တီတောရ ကျောင်းတိုက်တို့၏ ပဓာနနာယက နိုင်ငံတော် သံဃာမဟာနာယက ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ ဆရာတော်တို့ ဦးဆောင်ပြီး လယ်တီ နိကာယဝင် ဆရာတော်ကြီးများနှင့် လူပညာရှိများ စုပေါင်းလျက် လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးကို ဖွဲ့စည်းခဲ့ပါသည်။

## ဆန္ဒတော်ဖြည့်

ဖွဲ့စည်းထားသော လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကို ဖြည့် နိုင်ရန် မိခင်ဧရာဝတီစာအုပ်တိုက်အား ဒီပနီကျမ်းစာများကို ရိုက်နှိပ် ရန် ခွင့်ပြုသဘောတူခဲ့ပါသတည်း။

လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# ဝေနေယျများအတွက်သာလျှင်

ကျမ်းပြုအကျော် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ကြီး၏ ကျမ်းစာများကို ရှေးယခင်ကပင်စ၍ယခုအထိ ပုံနှိပ်တိုက်ပေါင်း၊ စာအုပ်တိုက်ပေါင်းများစွာက ထုတ်ဝေဖြန့်ချိခဲ့ကြပါသည်။ မိမိတို့၏ မိခင်ရောဝတီ စာအုပ်တိုက်ကလည်း စာအုပ်ပေါင်းများစွာကို စက္ကူဖြူချောနှင့် ဖတ်ရှုသူများ ကြာရှည်ဖတ်ရှုအသုံးပြုနိုင်အောင် စံနစ်တကျ သေသေသပ်သပ်နှင့် ရိုက်နှိပ် ထုတ်ဝေပေးခဲ့ပါသည်။ တရားစာသားများ၊ သတ်ပုံများ မှားယွင်းမှုမရှိအောင်လည်း စာတည်းအဖွဲ့ဝင်များက တတ်နိုင်သမျှ ဂရုစိုက်ခဲ့ကြပါသည်။

ဤသို့ ထုတ်ဝေဖြန့်ချိပေးခြင်းဖြင့် အဘယ်အကျိုးရသနည်းဆိုသော် စာရှုသူများအနေနှင့် ဆရာတော်ကြီး၏ သန့်စင်ပြင်ဆင်ပြီးတရားတော်များကို ဖတ်ရှုကျင့်သုံးရခြင်း၊ စာအုပ်များကို ကြာရှည်သိမ်းဆည်းထားနိုင်ခြင်းအပြင် တန်ဘိုးနှုန်း သက်သာခြင်းတို့ဖြစ်ပါသည်။ အကြောင်းမူ ဆရာတော်ကြီး၏ရှားပါး စာအုပ်တစ်အုပ်ကို စာအုပ်အဟောင်းတန်းတွင် သွားဝယ်လျှင် ဆွေးမြေ့နေသောစာရွက်ပါများနှင့် စာအုပ်အဟောင်းကို ရံခါ သောင်းနှင့်ချီ၍ ပေးဝယ်ကြရသည်။ မိမိတို့တိုက်က သိန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ၍ ထုတ်ဝေဖြန့်ချိ ပေးခြင်းကြောင့် သန့်စင်ပြီးတရားတော်များကို ကြာရှည်ခံသေသပ်သော စာအုပ်ပုံစံ၊ သင့်လျော်သောတန်ဘိုးနှုန်းနှင့် သက်သာစွာဝယ်ယူရရှိနိုင်ကြသည်။

ထို့ကြောင့်လည်း အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များ၏ ကျေးဇူးတင်စကားကိုကြားရ၍ ပီတိကိုစား အားရှိခဲ့ရပါသည်။ ဘာသာလူမှုအကျိုး ထမ်းရွက်လိုသော သဒ္ဓါစိတ်များလည်း ဆထက်တိုးပွားခဲ့ရပါသည်။

http://www.dhammadownload.com

သို့သော် စာအုပ်တစ်အုပ်လျှင် ရင်းနှီးမြှုပ်နှံငွေ သိန်း(၃၀)မှ (၅၀) အတွင်းရှိနေသော ဤတရားတော်စာအုပ်ကြီးများ စဉ်ဆက်မပြတ်ထွက်ရှိရေးမှာ ခေတ်ကာလအကြောင်းအမျိုးမျိုးကြောင့် အတော် ပင် ကြိုးစားရပါသည်။ "ဗုဒ္ဓါနုဿတိ" သဒ္ဓါစိတ် ဦးထိပ်တင်၍ ကိုယ်ထူကိုယ်ထစံနစ်နှင့် အခက်အခဲများကို ဖြတ်သန်းခဲ့ရပါသည်။

ဓမ္မဃောသက ဦးမောင်မောင်၏ အမှာစာတွင် ပါရှိသော ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းစာအုပ်ကို (၂၀၀၃)ခုနှစ်တွင် ဤတိုက်မှ ငွေကြေး အမြတ်အစွန်းမကြည့်ဘဲ ထုတ်ဝေပေးခဲ့ပါသည်။ ယခု "ဓမ္မဒီပနီစာအုပ်" ကိုလည်း ထုတ်ဝေဖြန့်ချိရန် မုံရွာမြို့၊ မဟာလယ်တီကျောင်းတိုက်မှ ခွင့်ပြုထားခဲ့သည်မှာ (၂)နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အချိန်အခါသင့်မှု စောင့်နေခဲ့ရသဖြင့် တော်တော်နှင့်မထွက်နိုင်ပဲ ကြာမြင့်ခဲ့ရပါသည်။

သို့သော် ဤကျမ်းစာအုပ်သည် ယနေ့ဗုဒ္ဓဘာသာဝင်များအတွက် အလွန်ပင်လိုအပ်နေသောစာအုပ်၊ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စွာ ကြည်ညိုလိုကြသူများအတွက် အလွန်ပင်ရှိသင့်သော စာအုပ်ဖြစ်သဖြင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ မျက်နှာတော်ကို ဖူးမြော်ကာ ထုတ်ဝေဖြန့်ချိလိုက်ရပါသည်။

ဗုဒ္ဓဘာသာဝင်များ၊ အထူးသဖြင့် မြတ်စွာဘုရား၏ ဝေနေယျများ အတွက်သာလျှင်ဟူသော သဒ္ဓါစေတနာစိတ်ထား အရင်းကြီးကြီး ထားခဲ့မှုကို စာရှုသူများ မြင်တတ်ပါစေဟု ဆန္ဒပြုလျက် . . . ။

ပိဋကဇရာဂဟ် စာအုပ်တိုက်မိသားစု

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါနကထာ | --- | က |
| ဓမ္မဃောသက ဦးမောင်မောင်-၏ (စာဖတ်ပရိသတ်များသို့ တိုက်တွန်းချက်) | --- | ဇ |
| ပဋိညာဉ် | --- | ၁ |
| ပထမပုစ္ဆာအဖြေ | --- | ၂ |
| ဒုတိယ တတိယ ပုစ္ဆာအဖြေ | --- | ၂၃ |
| စတုတ္ထ ပုစ္ဆာအဖြေ | --- | ၄၂ |
| ပဉ္စမ ပုစ္ဆာအဖြေ | --- | ၅၇ |
| ဆဋ္ဌမ ပုစ္ဆာအဖြေ | --- | ၆၂ |
| သတ္တမ ပုစ္ဆာအဖြေ | --- | ၉၃ |
| အဋ္ဌမ ပုစ္ဆာအဖြေ | --- | ၉၆ |
| နဝမ ပုစ္ဆာအဖြေ | --- | ၁၁၂ |
| ဒသမ ပုစ္ဆာအဖြေ | --- | ၁၁၉ |
| ဧကာဒသမ ပုစ္ဆာအဖြေ | --- | ၁၃၃ |
| ဒွါဒသမ ပုစ္ဆာအဖြေ | --- | ၁၃၇ |
| တေရသမ ပုစ္ဆာအဖြေ | --- | ၁၆၆ |
| ဩဝါဒကထာ | --- | ၁၇၃ |

http://www.dhammadownload.com

## နိဒါနကထာ

ဤလောကကြီးတွင် သူသူငါငါတို့ ယခုတွေ့မြင် နေကြရသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ဖြစ်ရပ်မှန်သမျှသည် အကြောင်းနှင့်အကျိုး နှစ်မျိုးဆက်စပ်နေကြသည်ချည်းသာ ဖြစ်ပေသည်၊ အကြောင်းကင်းသော အကျိုးတရားဟူ၍ တစ်စုံတစ်ခုမျှမရှိချေ၊ ယခုဖြစ်ပေါ်ခဲ့သော ဓမ္မဒီပနီဟူသော ကျမ်းမွန်ကျမ်းကောင်း တစ်စောင်သည်လည်း ဖြစ်ပေါ်ရန်အကြောင်းကင်း၍ ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ပေ။

**ဖြစ်ပေါ်ရခြင်း အကြောင်းရင်း** တစ်ရံရောအခါက ဟံသာဝတီနယ် တာကောတိုက် သူကြီးဦးဘိုးအို အစရှိသော ကလျာဏနွယ်ဝင် သူတော်စင် ဒါယကာ -၇- ယောက်နှင့်တကွ ရပ်ရွာတွင်းရှိ လူဒါယကာအပေါင်းတို့၏ စိတ်တွင်းနှလုံးတွင်းဝယ် ဖြေရှင်းမရ စိတ်ဒွိဟဖြစ်နေသော အချက်-၁၃-ချက်တို့ကို စိတ်ဒွိဟဖြေရှင်း သံသယကင်းကွာ သိလိုသော ဆန္ဒများစွာ ရှိနေကြပေသည်။

သို့ဖြစ်၍ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ အဘိယာစက လျှောက်လွှာဆက်ကပ်သည်က အစပြု၍ အကြောင်းရင်း ခံလာခဲ့ခြင်းဖြစ်ပေသည်။

http://www.dhammadownload.com



## အဘိယာစက ပုစ္ဆာတစ်ဆယ့်သုံးခု

အဘိယာစက ပြုသည့် ပုစ္ဆာတစ်ဆယ့်သုံးခုကား-

၁။ ယခုအခါ ဘုရားမြတ်စွာ၏ သာသနာတော်ကြီး၌ လဇ္ဇီ အလဇ္ဇီ ဒုဿီလ ဟူ၍ ပုဂ္ဂိုလ်သုံးမျိုး ကွဲပြား လျက် ရှိနေရာ ၎င်းတို့၏အသီးသီးသော အင်္ဂါ လက္ခဏာတို့ကို ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့နှင့် တကွ သိလိုပါသည်။

၂။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်သောကြောင့် မဆည်း ကပ် မကိုးကွယ်သောသူတို့မှာ "အသေဝနာစ ဗာလာနံ" မင်္ဂလာ ဖြစ်မဖြစ်များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၃။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆည်းကပ် ကိုးကွယ်သောသူတို့မှာ "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာ ဖြစ်မဖြစ် "သဗ္ဗိရေဝ သမာ-သေထ" စသော ဒေသနာတော်နှင့် ညီမညီများကို အကျိုး အပြစ် ဝတ္ထုသက်သေနှင့် တကွသိလိုပါသည်။

၄။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် ဆွမ်းစ သော ဒါနဝတ္ထုတို့ဖြင့် ပူဇော်သက္ကာရပြုသော သူတို့မှာ "ပူဇာစ ပူဇနေယျာနံ" မင်္ဂလာဖြစ် မဖြစ်များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

http://www.dhammadownload.com



၅။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် အရှိ
အသေပြု ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်
ချီခြင်း၊ အရိုအသေ ပြုခြင်းတို့ကိုပြုသော သူတို့မှာ
"ဂါရဝေါစ" မင်္ဂလာဖြစ်မဖြစ် "ဘိက္ခုံစ သီလသမ္ပန္နံ
သမ္ဗုဒ္ဓေဝ သမာစရေ" ဟု ကောသလ သံယုတ်
တွင် ဟောတော်မူသည်နှင့်ညီမညီ, ၎င်းပုဂ္ဂိုလ်တို့
သည် ပါဏာတိပါတ သရဏဂုံ ထိုက် မထိုက်များကို
အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါ
သည်။

၆။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်းသိသောကြောင့် ထို
အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့အား ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာ
ဓိဋ္ဌာန်တွင် တစ်ရပ်ရပ်ဖြင့် အပြစ်စကား ထိပါးပြော
ဆိုသောသူတို့အပေါ်၌ ဒဏ်ဆယ်ပါး ထိုက်,မထိုက်,
အပြစ်လွတ် မလွတ်များကို သိလိုပါသည်။

၇။ အလဇ္ဇီ ပုဂ္ဂိုလ်သည် သံသရာဘေးကို ကြောက်၍
ဓမ္မသံဝေဂရသဖြင့် လဇ္ဇီ သူတော်ကောင်း အဖြစ်သို့
ရောက်လိုသောအခါ မည်ကဲ့သို့သော အမူအရာ
ဖြင့် လဇ္ဇီသူတော်ကောင်း ဖြစ်နိုင်မည့်အကြောင်းကို
သိလိုပါသည်။

၈။ ဂဟဋ္ဌဖြစ်သူ လူတို့၏ ဝိနည်းကျမ်းဂန်များကို
သင်ကြားခြင်းသည် "ဝိနယောစ သုသိက္ခိတော"
ဟောတော်မူသော ဒေသနာတော်နှင့်ညီမညီများကို
အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါ
သည်။

http://www.dhammadownload.com



၉။ ပဗ္ဗဇိတဖြစ်သော ရဟန်းတော်တို့သည် လူဖြစ်သူ ဒါယကာတို့အား ဝိနည်းတရားကို ဟောကြား အပ်သည် မအပ်သည်များကိုလည်း အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၁၀။ စတုပါရိ သုဒ္ဓိသီလ လေးပါးတို့၏ အသီးအသီး လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့်တကွ အင်္ဂါ လက္ခဏာ တို့ကို သိလိုပါသည်။

၁၁။ ၎င်းစတုပါရိသုဒ္ဓိ သီလလေးပါးတို့တွင် ပါတိမောက္ခ သံဝရသီလကို ကျူးလွန်သောသူ၏အပြစ်, စောင့် ရှောက်သောသူ၏အကျိုး, ကျန်သီလသုံးပါးတို့မှာ လည်း ၎င်းအတိုင်းအကျိုးအပြစ်ကို ဝတ္ထုသက်သေ နှင့်တကွ သိလိုပါသည်။

၁၂။ သံဃိကဒါနမျိုးတို့၏ သရုပ်အဓိပ္ပါယ်ကို လှူနည်း လှူပုံနှင့်တကွ သိလိုပါသည်။

၁၃။ ၎င်း သံဃိကဒါန တစ်ပါးတစ်ပါးကို လှူဒါန်းရခြင်း နှင့် အလှူခံပုဂ္ဂိုလ်တကာတို့၏ အထွတ်အထိပ် ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်တစ်ပါးတည်းကို ပုဂ္ဂလိက လှူဒါန်းရခြင်းသည် မည်သူ့အလှူက သာ လွန်၍ အကျိုးကြီးမည်ကို သိလိုပါသည်။

-တို့ပင်ဖြစ်ပေသည်။

http://www.dhammadownload.com



**ဖြေရန်လွဲအပ်**
**တစ်ဆယ့်သုံးရပ် ပြဿနာ**

*မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် မိမိထံမှောက်ရောက်ရှိလာသော ပုစ္ဆာဆယ့်သုံးရပ်ကို အပြန်အလှန်ကြည့်ရှုသုံးသပ်တော်မူပြီးလျှင် ဤတစ်ဆယ့်သုံးရပ်သော ပြဿနာတို့သည်ကား ဖြေဆိုရန်ခဲကပ်သော ပြဿနာများဖြစ်ပေသည်၊ သာမန်အစား ပုဂ္ဂိုလ်များနှင့် သင့်လျော်သည်ကား မဟုတ်၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ထက်မြတ်သော ဉာဏ်အမြင်သတ္တိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော ပြဿနာဖြစ်ပေသည် ဟုအကြံတော်ဖြစ်ကာ-

၁။ လယ်တီဆရာတော်
၂။ မန်လည်ဆရာတော်
၃။ မုံရွာမြို့နယ် ကျောက်အိုင်ဆရာတော်
၄။ ပန်းတနော်မြို့ မုတ်ကျွန်းဆရာတော်

တို့ထံ မေတ္တာရပ်တိုက်တွန်းလွှာနှင့်တကွ ပေးပို့ဖြေဆိုစေခဲ့ပေသည်။

**ဓမ္မဒီပနီ**
**ကျမ်းနှစ်ဆီ**

မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး၏ စေတနာမေတ္တာဖြင့် ပေးပို့သော စာလွှာကို ရရှိတော်မူသော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ခက်ခဲနက်နဲလှစွာ ဤပြဿနာကို အာဂမယုတ္တိ သဘာဝယုတ္တိဟူသော ယုတ္တိနှစ်ပါးတို့ဖြင့် ထင်ရှားမြင်သာ မြန်မာဘာသာစကား အသွား

http://www.dhammadownload.com



အလာ ညက်ညောစွာဖြင့် ရေးသားဖြေဆို ပေးပို့တော်မူခဲ့ပေသည်၊ ဤသို့ရေးသားဖြေကြားခဲ့သည့် အဖြေလွှာသည်ပင် **ဓမ္မဒီပနီ**အမည်ဖြင့် ယနေ့တိုင်ကျော်ကြား ထင်ရှားလျက်ရှိပေသည်။

**ဝဇီရှပမ ဗျာကရဏ**

ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း ပရိယတ် ပဋိပတ် နှစ်ရပ်ကုံလုံ စွယ်စုံတတ်သိ ကဝိပြောင်မြောက် ပါမောက်တစ်ဆူ ဖြစ်တော်မူသည့်အားလျော်စွာ ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ကျမ်းပေါင်းများစွာမှ သဘာဝ အနှစ်ချုပ်တို့ကို ညစ်ထုတ်ယူငင်ကာ ဖြေကြားပေးပို့တော်မူခဲ့ပေသည်၊ ဤသို့ရေးသားဖြေကြားသည့် အဖြေလွှာသည်ပင် **ဝဇီရှပမ ဗျာကရဏ** ကျမ်းဟု ထင်ရှားကျော်ကြားခဲ့ပေသည်။

ကျောက်အိုင်ဆရာတော် မုတ်ကျွန်းဆရာတော်တို့ကလည်း ဉာဏဝဇီရခဂ္ဂ အရှင်ကောင်း အရှင်မြတ်တွေ ဖြစ်ပေရကား အဖြေလွှာရေးသားပေးပို့ကာ ကျမ်းတစ်စောင် တစ်ဖွဲ့စီထွက်ခဲ့ကြမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပေလိမ့်မည်၊ ယင်းကျမ်းတို့၏ အမည်ကို ဤနေရာ၌ ထည့်သွင်းဖော်ပြမှု ပြုသင့်သော်လည်း ယင်းကျမ်းစုတို့ကို မတွေ့မမြင်ခဲ့ရသောကြောင့်သာ ထည့်သွင်းဖော်ပြမှု မပြုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**ငါးကြိမ်မြောက်လာ ဤကျမ်းစာ**

ဤဓမ္မဒီပနီအမည်ရှိသော ကျမ်းစာမွန်သည်ကား-မြန်မာတိုင်းသား ဗုဒ္ဓဘာသာဝင် သူတော်

http://www.dhammadownload.com



စင်များ၏ အသိအမြင်နှင့် အံဝင်ဂွင်ကျဖြစ်ကာ များစွာနှစ်ထောင်းအားရ ရှိကြပေသည်၊ ထို့ကြောင့်လည်း-

၁။ ဟံသာဝတီ ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ဒုတိယစစ်မဖြစ်မီ၊

၂။ မြန်မာ့အလင်းသတင်းစာ ပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ စစ်ပြီးစ၊

၃။ ဟံသာဝတီ စာအုပ်တိုက်၊ တတိယအကြိမ်၊ ၁၉၅၃-ခု၊

၄။ စာပေလောက စာအုပ်တိုက်၊ စတုတ္ထအကြိမ်၊ ၁၉၈၀-ခု၊

ဤသို့လေးကြိမ်တိုင်တိုင် ပုံနှိပ်ဖြန့်ချိခဲ့သော်လည်း လုံလောက်သည်မရှိပဲ ဖြစ်နေခဲ့ပေသည်၊ သို့ဖြစ်၍-

၅။ လယ်တီရောင်ခြည်ကွန်ပျူတာစာပေ မဟာလယ်တီတိုက်၊ မုံရွာမြို့မှ လယ်တီအရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ) နဝမ ပဓာနနာယက ဆရာတော်နှင့် ဦးဗိုလ်မောင် (သာသနဇောတိကဓဇ ဝရမ္မာစရိယ) တို့က သုတ်သင် ပြင်ဆင်လျက် အရှင်နန္ဒိသေန စသော ကွန်ပျူတာစာပေအဖွဲ့တို့က ကြီးမှူးဆောင်ရွက်ကာ- - - - - - - - - - - - - - စာအုပ်တိုက်မှ ပဉ္စမအကြိမ် ထုတ်ဝေဖြန့်ချိအပ်ပေသတည်း။

-------*-------

http://www.dhammadownload.com



## စတုတ္ထအကြိမ်ရိုက်မှ
## ဓမ္မဃောသက ဦးမောင်မောင်–၏
## စာဖတ်ပရိသတ်များသို့ တိုက်တွန်းချက်

နေ့အရက်မတက်မီ ဆွမ်းခံခြင်း၊ ဆွမ်းလောင်းလှူခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ဝါတွင်းကာလ သံဃာ့ဒါန အရုဏ်ဆွမ်းလောင်း အသင်းများသို့ လွန်ခဲ့သည့်နှစ် ၁၃၄၀-ပြည့် ဝါဆိုဦးကာလ သတိပေးနှိုးဆော်စာများကို ဓမ္မဒါနအဖြစ် ပေးပို့ဖြန့်ဝေခဲ့ပါသည်၊ ရန်ကုန်မြို့ ရပ်ကွက်အသီးသီးမှ အရုဏ် ဆွမ်းလောင်းအသင်းများ၏ အတွေ့အကြုံအရ ဆွမ်းခံ ပုဂ္ဂိုလ် အချို့၏ အပြုအမူတို့မှာ မြတ်စွာဘုရား၏ ပညတ်ချက် ဝိနည်း ဥပဒေတော်ကို သွေဖီရာရောက်ကြောင်း ဤသတိပေး နှိုးဆော် စာတွင်ဖော်ပြခဲ့ရာ မုံရွာမြို့ ဦးညီညီ (ဘီ-အေ) မှ တဆင့် မဟာ လယ်တီတိုက် ဂန္ထဝါစကကျောင်း နာယကဆရာတော် လယ်တီ ဦးကေလာသ (သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) ထံမှ ၂၄-၂-၇၉ နေ့စွဲဖြင့် စာတစ်စောင် ရောက်ရှိလာပါသည်။ ဆရာတော်၏စာတွင်. . .

ဒကာကြီး။ ။ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် သာသနာတော်ကြီးအတွက် အဖက်ဖက်မှနေ၍ ကူညီအားပေး နေကြသော လူဒါယကာတို့သည် (ကိုင်းလည်းကျွန်းမှီ၊ ကျွန်း လည်းကိုင်းမှီ) ဆိုသောစကားကဲ့သို့ ဆရာနှင့်ဒကာ၊ ဒကာနှင့် ဆရာတို့သည် အချင်းချင်း အညှမညှ ပစ္စည်းတပ်၍ ပြုလုပ်

http://www.dhammadownload.com



ဆောင်ရွက်ကြမှသာလျှင် သာသနာတော်ကြီးသည် မြော်လင့်ထားကြသည့်အတိုင်း တိုးပွားစည်ပင်လျက် ငါးထောင်ကြာရှည်တည်တံ့နိုင်ပေလိမ့်မည်။

အကယ်၍ ဝါသနာဘာဂီ ဆက်တိုင်းမီ ဟူသော စကားပုံကဲ့သို့ ဝါသနာအလျောက် အဆင်မပြေသော သံဃာတော်အနည်းငယ် ပေါ်ပေါက်လာခဲ့လျှင်လည်း အပြစ်မရှုပဲ ကုသိုလ်မှုကိုသာ အာရုံပြု၍ သီဟိုဠ်ကျွန်း သဒ္ဓါတိဿမင်းကြီး၏ ထုံးကိုနှလုံးမူ၍ ပြုလုပ်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါ၏၊ သို့မှသာဆရာနှင့်ဒကာ ပြေလည်စွာဖြင့် သာသနာတော် တိုးပွား စည်ပင်ကြောင်း ကောင်းစွာ အားထုတ်နိုင်ကြမည်ဖြစ်ကြောင်း အကြံပေးအပ်ပါသတည်း။

မှတ်ချက်။ ။ သီဟိုဠ်ကျွန်း သဒ္ဓါတိဿမင်းကြီး၏ အကြောင်းအရာကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ "ဓမ္မဒီပနီ" စာမျက်နှာ ၅၁-တွင်ကြည့်ပါဟူ၍ ဖော်ပြပါရှိ၏။

စာရေးသူထံတွင် လယ်တီဒီပနီကျမ်းပေါင်း ၄၀-ခန့်ရှိ၏။ သို့သော် ဤမည်သော ဓမ္မဒီပနီကျမ်းစာအုပ်ကား မပါရှိချေ၊ သို့အတွက် ဆရာတော် လယ်တီဦးကေလာသ ရည်ညွှန်းသော ဓမ္မဒီပနီကျမ်းစာအုပ်ကို လက်ဝယ်ထားရှိနိုင်ရန် ရှာပုံတော်ဖွင့်ရ၏၊ ရန်ကုန် မန္တလေးရှိ ပိဋကတ်စာအုပ်ဆိုင်များ၊ ပိဋကတ်ပုံနှိပ်တိုက်များသို့ အတော်နှံ့နှံ့ရောက်ခဲ့၏၊ မေးမြန်းခဲ့၏၊

http://www.dhammadownload.com



စုံစမ်းခဲ့၏၊ မရပါ၊ ပြင်ပပုံနှိပ်သူ၊ ထုတ်ဝေသူ အများအပြား သာမက ကမ္ဘာအေး ဗုဒ္ဓသာသနာ အဖွဲ့ကြီးကပင်လျှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များကို တခမ်းတနား အတော်ပင်ပြည့်စုံအောင် ပုံနှိပ်ထုတ်ဝေလျက် ရှိကြသော်လည်း ဤဓမ္မဒီပနီစာအုပ်မှာမူ ဝ, ကွက်၍ ကျန်နေပေသည်။

ကံအားလျော်စွာ ဟောင်းနွမ်း ညစ်ပေနေသော "ဓမ္မဒီပနီ နှင့် ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း" အမည်ရှိသော စာအုပ်တစ်အုပ်ကို ပုံနှိပ်တိုက် တစ်တိုက်မှ ခေတ္တငှားရမ်း ဖတ်ရှုခွင့်ရခဲ့၏၊ ဓမ္မဒီပနီ တွင် သီဟိုဠ်ကျွန်း သဒ္ဓါတိဿမင်းကြီးအကြောင်းကိုသာမက လဇ္ဇီ အလဇ္ဇီ ဒုဿီလအကြောင်းအရာတို့ကို တွေ့မြင်ဖတ်ရှုရ သည်ဖြစ်ရာ သာသနာတော်၌ ကြည်ညိုလေးစားစိတ် ရှိသူတိုင်း အတွက် တကယ့်အဖိုးတန် ကျမ်းစာအုပ်တစ်အုပ်သည် အဘယ် ကြောင့်မှေးမှိန် ပျောက်ကွယ်၍ နေရပါသနည်းဟု စာရေးသူ အနေဖြင့် တွေးမိ၏။

"သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ်များ စောင့်ရှောက်လတ္တံ့= အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ" ဟူသော ရှေး မထေရ်မြတ်ကြီးများ၏ ကြွေးကြော်သံစာတမ်းကို ရန်ကုန်မြို့ ကမ္ဘာအေး လိုဏ်ဂူတော်ကြီးအတွင်း ထိပ်ဘက်နံရံကြီး၏ လက်ယာဘက် အပေါ်ထောင့်တွင် ထင်ရှားစွာ ရေးထားသည်ကို စာရေးသူ သတိပြုမိပါသည်။

လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်မြတ်များက သာသနာ တော်ကို စောင့်ရှောက်ထိန်းသိမ်းတော်မူကြ၏-ဟု ဆိုလျှင်

http://www.dhammadownload.com



အလဇ္ဇီ ဒုဿီလများက သာသနာ့တော်ကို ဖျက်ဆီးကြသည်ဟု မှတ်ယူကြရပါမည်၊ သို့ဖြစ်ရာ ကျွန်တော်တို့သည် လဇ္ဇီ အလဇ္ဇီနှင့် ဒုဿီလဟူသော ဝေါဟာရများ၏ အဓိပ္ပါယ်နှင့် အင်္ဂါရပ်များကို ကျနသေချာစွာ သိရှိထားဖို့လိုပါသည်၊ မသိနားမလည်သဖြင့် အလဇ္ဇီ ဒုဿီလကို လဇ္ဇီပုဂ္ဂိုလ်၊ သီလဝန္တပုဂ္ဂိုလ်အဖြစ်ဖြင့် ကိုးကွယ်ဆည်းကပ်မိပါက ယခုပစ္စုပ္ပန်ဘဝမှာရော နောင်သံသရာအတွက်ပါ အကျိုးမဲ့ဖြစ်ရပြီးလျှင် သာသနာတော်အတွက်လည်း ညစ်နွမ်းပျက်စီးရာ ရောက်ပါသည်၊ လဇ္ဇီပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ထင်မှတ် ယူစွဲမိပါကလည်း မိမိတို့အဖို့ အပြစ်ဖြစ်တတ်ပါသည်။

သို့အတွက် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဤဓမ္မဒီပနီကျမ်းကို မိမိတို့ ကိုယ်တိုင်လည်း ဖတ်ရှုလေ့လာကြပါ သူတစ်ပါးကိုလည်း တိုက်တွန်းဆော်ဩခြင်း ပြုတော်မူကြပါဟု လေးစားစွာဖြင့် မေတ္တာရပ် နှိုးဆော်အပ်ပါသည်။

သာသနာတော်ကြီး စင်ကြယ်သန့်ရှင်းရေးနှင့်
စည်ပင်ပြန့်ပွားရေးကို ရှေ့ရှုနှလုံးသွင်းလျက်

ဓမ္မဃောသက ဦးမောင်မောင်
၃၂--မဟာသုခလမ်း၊ ကျီတော်ရပ်
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့။
၁၃၄၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော်။ (၅၊ ၉၊ ၇၉)

http://www.dhammadownload.com

# ဓမ္မ ဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဋိညာဉ်

သက္ကရာဇ် ၁၂၆၃-ခု ပထမ ဝါဆိုလဆုတ် ၁၀-ရက်နေ့တွင် အုတ်ကန်ရွာ-

၁။ တဂေါ့တိုက်သူကြီး မောင်ဘိုးအို,
၂။ တန်ဆောင်းတကာ မောင်ရွှေလာ,
၃။ ဘုရားတဂါ ဦးဘော်,
၄။ ကျောင်းတကာ ဆရာဖိုင်,
၅။ ကျောင်းတကာ မောင်ထွတ်,
၆။ ပြာသာဒ်တကာ မောင်ရွှေရေး,
၇။ ရဟန်းတကာ မောင်ငယ်,

နှင့် ၎င်းရွာဒါယကာအပေါင်းတို့ တောင်းပန် လျှောက်ထားချက် ပုစ္ဆာ ၁၃-ရပ်ကို အစဉ်အတိုင်း သိသာထင်လင်းရုံ အကျဉ်းမျှ ဖြေဆိုပေအံ့။

**ဝိခင်ဝရာဝတိ**

http://www.dhammadownload.com



## ပထမပုစ္ဆာအဖြေ

ယခုအခါ ဘုရားမြတ်စွာ၏ သာသနာတော်ကြီး၌ လဇ္ဇီ အလဇ္ဇီ ဒုဿီလ ဟူ၍ ပုဂ္ဂိုလ်သုံးမျိုး ကွဲပြားလျက်ရှိနေရာ ၎င်းတို့၏ အသီးသီးသော အင်္ဂါလက္ခဏာတို့ကို ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့နှင့်တကွ သိလိုပါသည်-ဟူသော ပထမပုစ္ဆာ၌ အဖြေကား--

၁။ လဇ္ဇီပုဂ္ဂိုလ်

၂။ အလဇ္ဇီပုဂ္ဂိုလ်

၃။ ဒုဿီလပုဂ္ဂိုလ်

သုံးမျိုးရှိသည်တွင် လဇ္ဇီပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာကို ဤသို့ဟောတော်မူ၏။

**လဇ္ဇီလက္ခဏာ-**

သဉ္စိစ္စ အာပတ္တိံ နာပဇ္ဇတိ၊ အာပတ္တိံ န ပရိဂူဟတိ။
အဂတိဂမနဉ္စ န ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ လဇ္ဇီ ပုဂ္ဂလော။
[ပရိဝါပါဠိတော်]

သဉ္စိစ္စ=ပညတ်တော်ကိုသိသောစိတ်နှင့်တကွ စေ့ဆော်၍၊ အာပတ္တိံ=အာပတ်သင့်မှုကို၊ နာပဇ္ဇတိ=မလွန်ကျူး၊ အာပတ္တိံ= ပုထုဇန်ဂတိဖြင့် စွန်းငြိသောအာပတ်ကို၊ န ပရိဂူဟတိ=မဖုံးလွှမ်း၊ အဂတိဂမနဉ္စ=အဂတိတရားလေးပါးသို့လည်း၊ န ဂစ္ဆတိ=မလိုက်

http://www.dhammadownload.com



စား၊ ဧဒိသော=ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို၊ လဇ္ဇီပုဂ္ဂလော= လဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

၁။ ဤအမှုကိုပြုလျှင် ဧကန်အာပတ်သင့်၏ ဟု သိလျှင် ထိုအမှုကို မပြုခြင်းသည်လည်း လက္ခဏာ တစ်ပါး,

၂။ မသိ၍သော်လည်းကောင်း၊ သိလျက်နှင့်စိတ်ကို မချုပ်တည်းနိုင်၍သော်လည်းကောင်း၊ ပြုမိ၍ မိမိ၌ အာပတ်ရှိနေမှန်း သိခဲ့လျှင် ထိုအာပတ်ကို လျှို့ဝှက်ဖုံးလွှမ်း၍ နေ့ကူးအောင် မထားခြင်းသည် လည်း လက္ခဏာတစ်ပါး။

၃။ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာဌာန စသည်၌ အဂတိ ဓလေးပါးသို့ မလိုက်မစား တရားသဖြင့်ပြုခြင်း သည်လည်း လက္ခဏာတစ်ပါး၊

ဤသုံးပါးသော လက္ခဏာနှင့်ပြည့်စုံသောရဟန်းကို လဇ္ဇီ' ရဟန်းဟူ၍ ဆိုအပ်၏။

[ပါဠိလျှောက်အမိပ္ပါယ်။]

လဇ္ဇီလက္ခဏာပြီး၏။

------*------

http://www.dhammadownload.com



အလဇ္ဇီပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာကို ဤသို့ဟောတော်မူ၏။

**အလဇ္ဇီလက္ခဏာ--**

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီ
ပုဂ္ဂလော။

[ပရိဝါပါဠိတော်]

သဉ္စိစ္စ=ပညတ်တော်ကိုသိသောစိတ်နှင့်တကွ စေ့ဆော်၍၊ အာပတ္တိံ=အာပတ်သင့်မှုကို၊ အာပဇ္ဇတိ=လွန်ကျူး၏၊ အာပတ္တိံ=ပုထုဇဉ်ဂတိဖြင့် စွန်းငြိသောအာပတ်ကို၊ ပရိဂူဟတိ=လျှို့ဝှက်ဖုံးလွှမ်း၏၊ အဂတိဂမနဉ္စ=အဂတိတရားလေးပါးသို့လည်း၊ ဂစ္ဆတိ=လိုက်စား၏၊ ဧဒိသော=ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို၊ အလဇ္ဇီပုဂ္ဂလော=အလဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

၁။ ဤအမှုကိုပြုသော် ငါ့ကေနာပတ်သင့်၏ ဟုသိလျက် ပြုခြင်းသည်လည်း လက္ခဏာတစ်ပါး,
၂။ မသိ၍သော်လည်းကောင်း သိလျက်နှင့် စိတ်ကိုမချုပ်တည်းနိုင်၍သော်လည်းကောင်း ပြုမိ၍ မိမိ၌ အာပတ်သင့်မှန်း သိခဲ့လျှင် ထိုအာပတ်ကို လျှို့ဝှက်ဖုံးလွှမ်း၍ နေ့ကူးအောင် ထားခြင်းသည်လည်း လက္ခဏာတစ်ပါး,

http://www.dhammadownload.com



၃။ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာဌာနစသည်၌ အဂတိလေးပါးသို့ လိုက်စား၍ မတရားသဖြင့် ပြုခြင်းသည်လည်း လက္ခဏာတစ်ပါး,

ဤလက္ခဏာ သုံးပါးတွင် တစ်ပါးပါးသော လက္ခဏာနှင့် ပြည့်စုံသောရဟန်းကို အလဇ္ဇီပုဂ္ဂိုလ်ဟု ဆိုအပ်၏။

[ပါဠိလျှောက်အဓိပ္ပါယ်။]

**အလဇ္ဇီလက္ခဏာပြီး၏။**

------o------

ဤ၌--

အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ။

[အဋ္ဌကထာ]

အာဒိတော=အရှင်ရဟန်းဖြစ်သည်မှ၊ ပဋ္ဌာယ=စ၍ အလဇ္ဇီနာမ=အလဇ္ဇီမည်သည်၊ နတ္ထိ=မရှိ။

လဇ္ဇီ အလဇ္ဇီမည်သည် အမျိုးအရိုးနှင့် အမြဲဖြစ်၍ နေသည်မဟုတ်၊ စိတ္တက္ခဏကို စွဲ၍ဖြစ်၏၊ ထိုကြောင့် ပုဂ္ဂိုလ်တစ်ယောက်သည် တစ်ထိုင်တွင်းမှာပင် အလဇ္ဇီလည်း ဆယ်ခါမက ဖြစ်နိုင်၏၊ လဇ္ဇီလည်း ဆယ်ခါမက ဖြစ်နိုင်၏။

အဘယ်သို့ ဖြစ်နိုင်သနည်းဟူမူ တစ်ထိုင်တွင်းမှာပင် ဆယ်ခါမက ဖြစ်နိုင်သော အာပတ်ကိုသည် များစွာရှိကုန်၏၊ သူငယ်ပါးတို့လည်း မသိနိုင်ကုန်၊ ထိုကဲ့သို့သော အာပတ်တို့ကို

http://www.dhammadownload.com



တထိုင်တွင်းမှာပင် စိတ်စေတနာနှင့်တကွ ဆယ်ခါမက လွန်ကျူး ခဲ့လျှင် ဆယ်ခါမက အလဇ္ဇီ ဖြစ်၏၊ သင့်တိုင်း သင့်တိုင်းလည်း အာပတ်သင့်မှုကို ငါပြုမိပြီ၊ ပြုမိသောအမှုကိုလည်း ဒေသနာ ကြားမည်၊ နောက်ကိုလည်း ဤအလဇ္ဇီအမှုကို ငါရှောင်ကြဉ် မည်ဟု လဇ္ဇီဓမ္မသို့ ဆယ်ခါမက သက်ပြန်လျှင် ဆယ်ခါမက လဇ္ဇီဖြစ်နိုင်၏၊ ဤသို့လျှင် လဇ္ဇီ အလဇ္ဇီမည်သည် အမျိုးအရိုး အားဖြင့် အမြဲဖြစ်၍နေသည် မဟုတ်၊ စိတ္တက္ခဏကိုစွဲ၍ ယခုပင် အလဇ္ဇီ၊ ယခုပင် လဇ္ဇီဖြစ်နိုင်သော သဘောမျိုးတည်း၊ တစ် သက်လုံး အမြဲလဇ္ဇီဓမ္မသို့ မသက်ပဲနေလျှင် တစ်သက်လုံးပင် အလဇ္ဇီ အမြဲဖြစ်ရ၏။

[ဤကား "အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ" ဟူသော အဋ္ဌကထာပါဠိ၏ အဓိပ္ပါယ်တည်း။]

ဤအဋ္ဌကထာပါဠိကို ထောက်၍ ပြဆိုခဲ့ပြီးသော အလဇ္ဇီ ပုဂ္ဂိုလ်အဖြစ်မှာ အလဇ္ဇီစိတ် အလဇ္ဇီလက္ခဏာ တင်းလင်းရှိနေဆဲ ခဏ၌သာ အလဇ္ဇီအဖြစ်ကို ဆိုအပ်၏၊ လဇ္ဇီဓမ္မသို့ သက်သော စိတ်အခိုက်သို့ ရောက်ပေလျှင် လဇ္ဇီပုဂ္ဂိုလ်အဖြစ်ကို ဆိုအပ်၏။

သာရတ္ထဒီပနီဋီကာ၌လည်း. . . .

အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထီတိ ဣမိနာ
ဒိဋ္ဌေ ဒိဋ္ဌေ သံသယော န ကာတဗ္ဗောတိ ဒဿေတိ။

မိန့်၏။

http://www.dhammadownload.com



အာဒိတော ပဌာယ အလဇ္ဇိနာမ နတ္ထိတိ ဣမိနာ။ အာဒိတော ပဌာယ အလဇ္ဇိနာမ နတ္ထိ-ဟူသောပါဠိဖြင့်၊ ဒိဋ္ဌေ ဒိဋ္ဌေ-မြင်တိုင်း မြင်တိုင်းသော ပုဂ္ဂိုလ်၌၊ ဝါ-တစ်ယောက်သော ပုဂ္ဂိုလ်ကိုပင်လျှင် မြင်တိုင်းမြင်တိုင်းသော ခဏာ၌၊ သံသယော-အလဇ္ဇိဘာဝသံသယကို၊ န ကာတဗ္ဗော-မပြုအပ်၊ ဣတိ-ဤသို့၊ ဒဿေတိ-ပြတော်မူပေ၏။

အလဇ္ဇိမှု တင်းလင်းနှင့် တွေ့မြင်လျှင် ထိုအမှုတင်းလင်း ရှိနေဆဲခဏ၌သာ ထိုပုဂ္ဂိုလ်ကို အလဇ္ဇိအနေနှင့် သံသယပြု ထိုက်၏၊ အလဇ္ဇိမှုကို မမြင်သောအခိုက်၌ သံသယ မပြုအပ် ဆိုလိုသည်။

"သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ"၌ အာပတ်ကို လွန်ကျူးမှုသည်. . .

၁။ ပညတ်တော်ကို သိလျက်လွန်ကျူးမှု၊
၂။ ပညတ်တော်ကို မသိ၍လွန်ကျူးမှု၊
၃။ ဝတ္ထုကို သိလျက်လွန်ကျူးမှု၊
၄။ ဝတ္ထုကို မသိ၍လွန်ကျူးမှု၊

ဟူ၍ လေးမျိုးရှိ၏။

အသားကြီးဆယ်ပါးကို ရဟန်းတို့ မစားအပ်၊ စားလျှင် အာပတ်သင့်စေဟု ပညတ်တော်ရှိ၏၊ ဤပညတ်တော်ကို သိသည်ကား ပညတ်သိတည်း၊ ဤပညတ်တော်ကို မသိသည်

http://www.dhammadownload.com



ကား ပညတ်မသိတည်း၊ အသားကို မြင်သောအခါ ဤအသား သည် အကပ္ပိယ အသားမျိုးဟုတ်၏, မဟုတ်ဟု သိခြင်း, မသိခြင်း သည်လည်း ဝတ္ထုသိ, မသိမည်၏။

ရွှေငွေစသည်တို့၌ ဤသို့ပြုလျှင် ဤသို့ဆိုလျှင် ခံခြင်း မြောက်၏, မမြောက် စသည်ဖြင့်အမှုကိုသိခြင်း, မသိခြင်းသည် လည်း ဝတ္ထုသိ, မသိမည်၏။

၁။ လောကဝဇ္ဇ,

၂။ ပဏ္ဏတ္တိဝဇ္ဇ, -

ဟူ၍ အာပတ်နှစ်မျိုးရှိ၏။

၁။ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော ပကတိပင် အကုသိုလ်မှုမျိုးဖြစ်သော အာပတ်မျိုးသည် လောကဝဇ္ဇ အာပတ်မည်၏။

၂။ မြေကိုတူးခြင်း၊ မြက်သစ်ပင်ကို ဖြတ်ခြင်းအစ ရှိသော ပကတိမှာ အကုသိုလ်မှုမျိုးမဟုတ်။ ဘုရားပညတ်၍သာ ဖြစ်ရသော အာပတ်မျိုး သည် ပဏ္ဏတ္တိဝဇ္ဇမည်၏။

ထိုနှစ်မျိုးတွင် လောကဝဇ္ဇ အာပတ်မျိုး၌ ပညတ်ဝတ္ထု နှစ်ပါးကိုသိလျက် လွန်ကျူးအံ့၊ အာပတ်လည်းသင့်၏၊ အလဇ္ဇီ လည်းဖြစ်၏၊ ပညတ်ကိုပင် မသိသော်လည်း ဝတ္ထုကိုသိလျက် လွန်ကျူးအံ့၊ အချို့သောအမှု၌ အာပတ်လည်းသင့်၏၊

http://www.dhammadownload.com



လည်းဖြစ်၏၊ ပါဏာတိပါတမှု သုရာပါနမှုစသည်တည်း။

အချို့သောအမှု၌ အာပတ်ပင်မသင့်၊ အာပတ်မသင့်လျှင်လည်း အလဇ္ဇီဖြစ်သည်မဆိုသာ၊ သေခိယသိက္ခာပုဒ် စသည်တည်း။

ဤသေခိယသိက္ခာပုဒ်မျိုး မဟာဝါ စူဠဝါတို့၌ လာသော သိက္ခာပုဒ်မျိုးတို့သည်ကား ပညတ်တော်ကိုမသိသော သူတို့မှာ အာပတ်လွတ်သည်များ၏၊ ပညတ်တော်ကိုသိလျက် ဝတ္ထုကို မသိ၍လွန်ကျူးမိအံ့၊ အချို့သောအမှု၌ အာပတ်သင့်၏၊ အလဇ္ဇီကား မဖြစ်၊ သုရာပါနမှုပေတည်း၊ ဤသုရာပါန၌ ယစ်မျိုးမှန်း မသိ တစ်ခြားတစ်ပါးသော ဝတ္ထုမျိုးမှတ်ထင်၍ သောက်မိမျိုမိသော်လည်း အာပတ်သင့်သည်သာဖြစ်၏၊ အချို့သောအမှု၌ အာပတ်လည်း မသင့်၊ အလဇ္ဇီလည်း မဖြစ်၊ ပါဏာတိပါတအမှုစသည်တည်း၊ ဤပါဏာတိပါတမှု၌ အသက်ရှိသောဝတ္ထုဟု မသိ၊ တစ်ခြားတစ်ပါးသော ဝတ္ထုထင်မှတ်၍ ဖျက်ဆီးမိရာ၌ အာပတ်မသင့်။

ပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုး၌မူကား ပညတ်ဝတ္ထုနှစ်ပါးစုံကို သိ၍ လွန်ကျူးမှ အလဇ္ဇီဖြစ်သည်၊ ပညတ်ကိုသိလျက် ဝတ္ထုကို မသိ၍ လွန်ကျူးမိအံ့၊ အလဇ္ဇီမဖြစ်၊ ဝတ္ထုကိုသိလျက် ပညတ်ကို မသိမူ၍ လွန်ကျူးမိအံ့၊ အလဇ္ဇီ မဖြစ်၊ ပညတ် ဝတ္ထု နှစ်ပါးစုံကို

http://www.dhammadownload.com



မသိ၍ လွန်ကျူးမိအံ့ အလဇ္ဇီ မဖြစ်။

[ဤကား "သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ" ဟူသောအလဇ္ဇီ အင်္ဂါ၌ သဉ္စိစ္စသဒ္ဒါ၏ အနက်သွားကို ပြဆိုချက်တည်း။]

"အာပတ္တိံ ပရိဂူဟတိ"ဟူသော ဒုတိယအင်္ဂါ၌---

၁။ အာပတ်သင့်သည်လည်းဖြစ်စေ,
၂။ အာပတ်သင့်သည်ဟု သိသည်လည်းဖြစ်စေ,
၃။ မိမိနေရာဘနီးအပါး၌ မိမိအကျိုးကို လိုလားသော သဘာဂရဟန်းရှိသည်လည်းဖြစ်စေ,
၄။ သဘာဂ ရဟန်းရှိ၏ဟု သိသည်လည်းဖြစ်စေ,
၅။ အန္တရာယ်ဆယ်ပါးတွင် တစ်ပါးပါးမျှ မရှိသည် လည်းဖြစ်စေ,
၆။ အန္တရာယ်မရှိဟု သိသည်လည်းဖြစ်စေ,
၇။ မိမိ၌ နှုတ်မြွက်ရွတ်ဆို၍ ဒေသနာကြားခြင်းငှါ မစွမ်းနိုင်လောက်အောင် အနာရောဂါ မရှိသည် လည်း ဖြစ်စေ,
၈။ အနာရောဂါမရှိဟု သိသည်လည်းဖြစ်စေ,
၉။ အရုဏ်တက်သည် တိုင်အောင် ဖုံးလွှမ်း၍ ထားလို သော စိတ်ရှိသည်လည်းဖြစ်စေ,
၁၀။ အရုဏ်တက်သည် တိုင်အောင် ဒေသနာမကြားပဲ

http://www.dhammadownload.com



ဖုံးလွှမ်း၍ ထားသည်လည်းဖြစ်စေ,

ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံ၍ အရုဏ်တက်စေသည် ဖြစ်အံ့၊ အရုဏ်တက်သောအခါ၌ ဖုံးလွှမ်းမှုအတွက်ကြောင့် ဒုက္ကဋ် အာပတ်လည်းထပ်မံ၍ သင့်ပြန်၏၊ အလဇ္ဇီလည်းဖြစ်၏၊ ဤအင်္ဂါဆယ်ပါးတွင် တစ်ပါးပါးချို့တဲ့၍ အရုဏ်တက်စေသည် ဖြစ်အံ့၊ ဒုက္ကဋ်အာပတ်လည်း မသင့်၊ အလဇ္ဇီလည်းမဖြစ်။

**ဆိုဖွယ်အထူးကား ...**

မိမိ၌ အာပတ်သင့်မှန်းသိလျက် ဒေသနာကြားရန် အကြောင်းအခွင့်စုလည်း ထင်ရှားရှိလျက် အရုဏ်မတက်မီ အတွင်း၌ ဒေသနာမကြားလိုသော ရဟန်းသည် ဒေသနာမကြား လိုသော စိတ်ဖြစ်သည့်အခါမှစ၍ ထိုအာပတ်ကို ဒေသနာ ကြားလိုသော လဇ္ဇီဓမ္မသို့ မသက်သမျှ ကာလပတ်လုံး တစ်လ တစ်နှစ်စသည်ပင် ကြာသော်လည်း အလဇ္ဇီအဖြစ်၌သာ တည်၏။

အာပတ်သင့်သည်ဟု သိသည်လည်းဖြစ်စေ ဟူသော ဒုတိယအင်္ဂါ၌ ဝိနည်းကျမ်းဂန်ကို မတတ်သောသူတို့အား အာပတ်သင့်သော်လည်း သင့်မှန်းသိသောအရာကား နည်းပါး၏၊ မသိသောအရာကား အလွန်များပြား၏၊ မသိ၍သင့်သော အာပတ်အတွက် မသိ၍ဖုံးလွှမ်းသော အာပတ်အတွက်ကား

http://www.dhammadownload.com



အလဇ္ဇီမဆိုအပ်။

[ဤကား "အာပတ္တိ ပရိဂူဟတိ" ဟူသောဒုတိယအင်္ဂါအရကို ပြဆိုချက်တည်း။]

"အဂတိဂမနဉ္စ ဂစ္ဆတိ" ဟူသော တတိယအင်္ဂါ၌. . .

၁။ ဃော ဆန္ဒာဂတိံ န ဂစ္ဆတိ,

၂။ ဒေါသာဂတိံ န ဂစ္ဆတိ,

၃။ ဘယာဂတိံ န ဂစ္ဆတိ,

၄။ မောဟာဂတိံ န ဂစ္ဆတိ,

ဟူ၍ သံယိကပစ္စည်းကို ဝေဘန်ရာဌာနစသည်၌ ဟောတော်မူသည်ကို ပမာနပြု၍ အဂတိတရားလေးပါးကို ပစ္စည်းဝေဖန်မှု စသည်နှင့်စပ်၍ ကျမ်းဂန်တို့၌ ဖွင့်ဆိုကြသည်၊ အဂတိတရားသို့ လိုက်စားမှုဆိုသော်လည်း အာပတ်သင့်ကောင်းသော လိုက်စားမှုကိုယူရမည်၊ ဆိုင်ရာသိက္ခာပုဒ်ကို ကျူးလွန်ကျော်နင်း၍ အာပတ်သင့်အောင် လိုက်စားမှုသာ အလဇ္ဇီဖြစ်သည်ဟု ဆရာမြတ်တို့ မိန့်ဆိုကြကုန်၏။

နှစ်ဦးနှစ်ဖက်သောသူတို့ ဝိနည်းစကား, သုတ္တန်စကား, အဘိဓမ္မာစကား ပြောဆိုကြရာဌာန၌ သူများဘက်စကား တရားလမ်းမှန် သက်သည်ကိုသိလျက် အညံ့မခံချင်သည့်အတွက် ထိုအယူ ထိုစကားကို မတရားအဓမ္မဖြစ်အောင် ပြောဆိုခြင်း,

http://www.dhammadownload.com



မိမိတို့ဘက်စကား တရားတိမ်းလွဲသည်ကိုသိလျက် အညံ့မခံချင်သည့်အတွက် မိမိတို့အယူ မိမိတို့စကားကို တရားလမ်းမှန်ဖြစ်အောင် ပြောဆိုခြင်း, ဤနည်းအတူ အာပတ္တိထင်လျက် အညံ့မခံချင်သည့်အတွက် အနာပတ္တိ ဖြစ်အောင်ပြောဆိုခြင်း, အနာပတ္တိထင်လျက် အာပတ္တိထင်အောင်ပြောဆိုခြင်း, ဤကဲ့သို့ ဝိနည်းသုတ္တန် အဘိဓမ္မာဝိဝါဒ အရာတို့၌ လိုက်စားသောမုသာဝါဒ အဂတိတရားမျိုးသည်လည်း အဂတိမျိုးဖြစ်၏။

[ဤကား "အဂတိဂမနဥဂ္ဃဋ္ဋိတ"ဟူသော တတိယအင်္ဂါ အရကို ပြဆိုချက်တည်း]

ဤလဇ္ဇီ အလဇ္ဇီအရာ၌ ဝိနည်းကျမ်းဂန်ကို မတတ်သောသူတို့မှာ သီလလည်းနည်းပါး၏၊ အလဇ္ဇီဖြစ်ရန်လည်း နည်းပါး၏၊ ဝိနည်းကျမ်းဂန်ကို တတ်သောသူတို့မှာကား ကောင်းစွာကျင့်သည်ဖြစ်အံ့၊ သီလအလွန်ကြီးကျယ်၏၊ ကောင်းစွာ မကျင့်သည်ဖြစ်အံ့၊ အလဇ္ဇီဖြစ်ရန် အလွန်များပြား၏၊ ဘုန်းကံလည်းကြီးမား အခြွေအရံလည်းများသည် ဖြစ်အံ့၊ သာသနာတော်ကို အကြီးအကျယ် ဖျက်နိုင်၏၊ ဆီမီးညှိထွန်း၍ တိုက်ခန်းဝင်လျှိုးသူခိုးကြီးနှင့်တူ၏။

လဇ္ဇီ အလဇ္ဇီအင်္ဂါ အကျဉ်းပြချက်ပြီး၏။

-----------

http://www.dhammadownload.com



**ဒုဿီလပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာကို ဤသို့ မှတ်အပ်၏...**

ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကကျမှုကို မြင်ခြင်း ကြားခြင်း ယုံမှားခြင်းမရှိဘဲ ရဟန်းအဖြစ်မှ ရွေ့လျောစေလိုသော စိတ်သက်သက်ဖြင့် ပါရာဇိကကျရောက်သည်ကို ပြဆိုသော စကားလုံးတို့နှင့် တစ်ပါးသောရဟန်းကို စွပ်စွဲခဲ့လျှင် စွပ်စွဲသော ရဟန်းအား သံဃာဒိသေသ် အာပတ်ကြီးသင့်၏၊ ဤကဲ့သို့သော စကားလုံးတို့ဖြင့် စွပ်စွဲခဲ့သည်ရှိသော် ပါရာဇိက တစ်ကယ် ကျပြီးသော ရဟန်းကိုပင် စွပ်စွဲမိသော်လည်း စွပ်စွဲသောရဟန်းမှာ သံဃာဒိသေသ်အာပတ်ကြီး သင့်သေးသည်သာ ဖြစ်၏၊ ရဟန်း အဖြစ်မှ ရွေ့လျောစေလိုသော စိတ်မဟုတ်၊ ရဟန်းအဖြစ်၌ အရှိန်အစော်မဲ့စေလိုသောစိတ်ဖြင့် စွပ်စွဲဆဲရေးခဲ့သည်ရှိသော် ပါရာဇိက တကယ်ကျပြီးသော ရဟန်းကိုပင် စွပ်စွဲဆဲရေးမိသော်လည်း စွပ်စွဲဆဲရေးသောရဟန်းမှာ ပါစိတ်အာပတ်သင့်သေး၏။

**ပါရာဇိကကျရောက်သည်ကို ပြဆိုသော စကားလုံးမျိုး ဆိုသည်ကား...**

တွံ=သင်သည်၊ ပါရာဇိကံ=ပါရာဇိကမှုသို့၊ အာပန္နော= ရောက်သောသူသည်၊ အသိ=ဖြစ်၏။

တွံ=သင်သည်၊ ဒုဿီလော=သီလမရှိသည်၊ အသိ=ဖြစ်၏။

http://www.dhammadownload.com



တွဲ-သင်သည်၊ အသမဏော-ရဟန်းမဟုတ်သည်၊ အသိ-ဖြစ်၏။

တွဲ-သင်သည်၊ အသကျပုတ္တိယော-သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ အသိ-ဖြစ်၏။

[ဤသို့စသော စကားမျိုးသည် ပါရာဇိကကျရောက်သည်ကို ပြဆိုသော စကားလုံးမျိုးဟူ၍ အဋ္ဌကထာတို့၌လာသည်။]

အလဇ္ဇီ ဟူသော စကားသည်ကား ပါရာဇိကကျရောက်သည်ကို ဆိုသောစကားလည်း ဟုတ်၏၊ ဒုက္ကဋ် အာပတ်သင့်သည်ကို ဆိုသောစကားလည်း ဟုတ်၏၊ ဤသို့အာပတ်အများနှင့် ဆက်ဆံသောစကားဖြစ်၍ အလဇ္ဇီဟူသော စကားနှင့် တစ်ပါးသောရဟန်းကို စွပ်စွဲမိသော်လည်း စွပ်စွဲသောရဟန်းမှာ သံဃာဒိသေသ်အာပတ်ကြီးမသင့်၊ ဤသို့သော ကျမ်းဂန်ယုတ္တိကို ထောက်၍ ပါရာဇိက ကျရောက်ပြီးသော ရဟန်းသည်သာ ဒုဿီလမည်၏၊ ဒုဿီလဆိုလျှင် ရဟန်းမှာ ပါရာဇိကကျရောက်ပြီးသော ရဟန်းကို ဆိုသည်ဟုမှတ်အပ်၏။

ပါရာဇိကမှ ကြွင်းသော အာပတ်မျိုး သင့်ရှိသော ရဟန်းကို ဒုဿီလရဟန်း မဆိုအပ်၊ အလဇ္ဇီအင်္ဂါနှင့်ပြည့်စုံလျှင် အလဇ္ဇီရဟန်းဟူ၍သာ ဆိုအပ်၏။

[ဤကား အလဇ္ဇီ၊ ဒုဿီလနှစ်ပါးခွဲနည်းတည်း]

http://www.dhammadownload.com



ဤအရာ၌ ခပ်သိမ်းသော သိက္ခာပုဒ်တို့နှင့် ဆက်ဆံသော အကျိုးဆယ်ပါး၌ “ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ” ဟူသောပုဒ်၌ ဒုမ္မင်္ကူနံ-ပုဒ်ကို ဒုဿီလာနံဟု အဋ္ဌကထာဖွင့်ရာ၌ ဒုမ္မင်္ကု-ပုဒ်သည် အလဇ္ဇီပုဒ်၏ ပရိယာယ်ဖြစ်ရာ၏။

အလဇ္ဇီသည်-

၁။ ဒုဿီလအလဇ္ဇီ,

၂။ သာမညအလဇ္ဇီ, -ဟူ၍ နှစ်ပါးရှိ၏။

ပါရာဇိက သိက္ခာပုဒ်အရာဖြစ်၍ ဒုဿီလ အလဇ္ဇီကို အဋ္ဌကထာဖွင့်ပြလေသည်၊ တစ်ပါးသော သိက္ခာပုဒ်အရာ ဖြစ်မူကား သာမည အလဇ္ဇီကို ဒုမ္မင်္ကု-ဟု ယူအပ်၏၊ ဝိမတိဋီကာ ရှင်ကား ထိုဒုဿီလာနံ-ပုဒ်ကို ဝိဂြိုဟ်နှစ်ချက်ကြံ၏၊ ပါရာဇိက အရာဖြစ်အံ့၊ “ဒုဿီလာနံ=အချင်းခပ်သိမ်း သီလမရှိကုန်သော” တစ်ပါးသော သိက္ခာပုဒ်အရာဖြစ်အံ့၊ “ဒုဿီလာနံ=တစ်စိတ် အားဖြင့် ပျက်သောသီလရှိကုန်သော” ဤသို့အနက် နှစ်ချက် ယူ၏၊ ဒုက္ကဋ် ဒုဗ္ဘာသိမျှပင်ဖြစ်စေ အာပတ်သင့်ခဲ့လျှင် သင့်သော အာပတ်အတွက် ဒုဿီလဖြစ်၏ဟု အဓိပ္ပါယ်ရောက်၏၊ အလဇ္ဇီ ဖြစ်မှုထက်ပင် ဒုဿီလဖြစ်မှု လွယ်ရာကျ၏၊ ဤသို့ မသင့်မြတ်သော အနက်ရောက်ခဲ့သည်တစ်ကြောင်း “ဒုဿီလဿာတိ နိဿီလဿ၊ ဒုဿီလောတိ နိဿီလော”ဟု အဋ္ဌကထာဋီကာကြီး တို့ ဖွင့်မြဲ အရိုးအစဉ်နှင့် မညီညွတ်ခဲ့သည်တစ်ကြောင်း,

http://www.dhammadownload.com



ပါရာဇိကကျမှုကို တိုက်ရိုက်ပြနိုင်သော "အသမဏော အသကျ-ပုတ္တိယော" ပုဒ်တို့နှင့် အတူတကွ ဒုဋ္ဌဒေါသ သံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် ဒုဿီလသဒ္ဒါကို ပြဆိုသော အဋ္ဌကထာများနှင့် ဆန့်ကျင်သည် တစ်ကြောင်း, သို့အကြောင်းများကြောင့် ထိုဝိမတိ ဋီကာရှင် ဖွင့်ချက်ကို ဆရာမြတ်တို့ အယူ မရှိကြကုန်။

ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်ဆိုသည်ကား ရဟန်းသီလ ရဟန်းသိက္ခာဟူ၍ အကျုံးမျှမရှိသော ပါရာဇိက ကျရောက်ပြီး သော ရဟန်းကိုသာယူအပ်၏၊ ထိုပါရာဇိကကျရောက်ပြီးသော ရဟန်းသည်လည်း ငါရဟန်း မဟုတ်ဟု မပြောမူ၍ အကြင်မျှ လောက် ကာလပတ်လုံး ရဟန်းကောင်းပြုလုပ်၍ တစ်ပါးသော ရဟန်းကောင်းတို့နှင့် ပေါင်းဖော်ခြင်း၊ လူတို့အလှူအဒါန်းကို ရဟန်းကောင်းအနေနှင့် ခံယူခြင်းများကိုပြုလုပ်၍နေ၏၊ ထိုမျှ လောက်သော ကာလပတ်လုံး ဒုဿီလရဟန်းဟုဆိုရ၏၊ မိမိ ကိုယ်ကို ငါရဟန်းမဟုတ်ဟု ဖွင့်၍ပြောကြားသောအခါမှစ၍ ဒုဿီလလည်း မဟုတ်ပေပြီ ရဟန်းလည်း မဟုတ်ပြီ။

**ဤစကား၌ စောဒနာရန်ရှိ၏. . . .**

ငါရဟန်း မဟုတ်ဟု ဖွင့်၍ ပြောကြားသောအခါမှ စ၍ ဒုဿီလလည်းမဟုတ်ပေပြီ။ ရဟန်းလည်းမဟုတ်ပြီဟု ဆို၏။ ဖွင့်၍မပြောကြားမီ ရှေးအဖို့၌ကား ထိုပါရာဇိကကျ ဒုဿီလ

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် ရဟန်း ဟုတ်သေးသလောဟု စောဒနာရန်ရှိ၏၊ အမြေကား ဘိက္ခုဘောကို မစွန့်သောကြောင့် ရဟန်းအရာ၌ တည်လျက်ပင် ရှိပေသေးသည်ဟုမှတ်။

**ယုတ္တိကား. . .**

ဒုဋ္ဌဒေါသ သံဃာဒိသေသ် အာပတ်ကြီးအရာ၌ ပြဆိုခဲ့ပြီး သောနည်းဖြင့် ပါရာဇိကကျရောက်ပြီးသော ငါရဟန်းဟူသော ပဋိညာဉ်ရှိသေးသော ထိုရဟန်းကို ဒိဋ္ဌသုတ ပရိသင်္ကိတ မရှိပဲ ပါရာဇိကမှု ပါရာဇိကစကားလုံးနှင့် စွပ်စွဲမိသောရဟန်းမှာ ရဟန်းကောင်းကို စွပ်စွဲသည်နှင့်အတူ သံဃာဒိသေသ် အာပတ်ကြီးပင် သင့်သည်။ လူ သာမဏေ ကို စွပ်စွဲမိလျှင် ဒုက္ကဋ်မျှ အာပတ်မျှသာ သင့်သည်။ ။ ဤလည်း ယုတ္တိတစ်ချက်။

လူ သာမဏေကိုဆဲရေးမိလျှင် ဒုက္ကဋ်အာပတ်သာ သင့်သည်၊ ထိုရဟန်းကိုဆဲရေးမိလျှင် ရဟန်းကောင်းကို ဆဲရေး မိသည်နှင့်အတူ ပါစိတ်အာပတ်သင့်သည်။ ။ ဤလည်း ယုတ္တိ တစ်ချက်။

တစ်မိုးတစ်ရံတည်းသောကျောင်း၌ နှစ်ညဥ့်သုံးညဥ့် ထက်အလွန် လူ သာမဏေနှင့် အတူတကွအိပ်လျှင် ပါစိတ် အာပတ်သာ သင့်သည်၊ ရဟန်းချင်းချင်း တစ်သက်လုံးပင် အိပ်သော်လည်း အာပတ်ပင် မသင့်၊ ထိုရဟန်းနှင့် တစ်သက်လုံး

http://www.dhammadownload.com



ပင် အိပ်သော်လည်း အာပတ်ပင် မသင့်။ ။ ဤလည်း ယုတ္တိ တစ်ချက်။

လူ သာမဏေ ဆန္ဒပါရိသုဒ္ဓိဆောင်လျှင် မရောက်၊ ထို ပါရာဇိကကျသော ရဟန်းဆောင်လျှင် ရောက်လာ၏။ ။ဤ လည်း ယုတ္တိတစ်ချက်။

[ဤသို့ အစရှိသည်ဖြင့် ရဟန်းအရာ၌တည်သေးသော အချက်များစွာ ရှိချေသည်။]

ပါရာဇိကကျပြီးဖြစ်လျက် ဘိက္ခုပဋိညာဉ် ရှိနေသည့် အတွက် ရဟန်းအရာ၌ တည်လျက်ရှိနေသည်ကား အဘယ်၏ အစွမ်းပေနည်းဟူမူကား-

၁။ မြတ်စွာဘုရား အမိန့်တော် အာဏာတော်မြတ် နှင့် ပြအပ်သော သက်န်းတောင်းမှု သက်န်းပေးမှု အစွမ်း,

၂။ မြတ်စွာဘုရား အမိန့်တော် အာဏာတော်မြတ် နှင့် ပြအပ်သော ဥတ်ကမ္မဝါစာမှုအစွမ်း,

ဤနှစ်ပါး၏ အစွမ်းပေတည်း။

မှန်၏၊ သာမဏေပြုစဉ်အခါ၌ မြတ်စွာဘုရားအမိန့်တော် အာဏာတော်မြတ်နှင့် ညီညွတ်စွာ သက်န်းတောင်းမိ ပေးမိ ဝတ်မိလျှင်ပင် လူအဖြစ်ကိုလွန်ပြီ၊ သာမဏေအရာ၌ တည်ပြီ၊

http://www.dhammadownload.com



သရဏဂုံမယူရသေး၍ သာမဏေစင်စစ်ကား မဖြစ်သေး၊ သရဏဂုံပေးသူ ရဟန်းမရှိ၍ ထိုအနေနှင့် တစ်သက်လုံး ကောင်းစွာနေ၍သွားလျှင် လူထက်အရာ အထောင်မက သာလွန်မြင့်မြတ်သော ပဗ္ဗဇိတဂုဏ်၌ တည်သောသူပင် ဖြစ်ပေလတ္တံ့၊ ရဟန်းမှာလည်း ကမ္မဝါလေးကြိမ်တွင် ပထမကမ္မဝါ အကြိမ်ပြီးမြောက်လျှင်ပင် သာမဏေအဖြစ်ကို လွန်ပြီ၊ ရဟန်းအရာ၌ တည်ပြီ၊ ဒုတိယအကြိမ် တတိယအကြိမ် ပြီး မြောက်ရာ၌ ဆိုဖွယ်မရှိ၊ စတုတ္ထအကြိမ်မပြီးသေး၍ ရဟန်းစင် စစ်ကား မဖြစ်သေး၊ စတုတ္ထအကြိမ်ကို ဖတ်ရွတ်ခွင့် မရ၍ ထိုအနေနှင့် တစ်သက်ပတ်လုံး ကောင်းမွန်စွာ နေ၍သွားလျှင်ပင် လူသာမဏေတို့ထက် အရာအထောင်မက သာလွန်မြင့်မြတ် သော ပဗ္ဗဇိတဂုဏ်၌ တည်သောသူပင် ဖြစ်ပေလတ္တံ့၊ သရဏဂုံ စတုတ္ထကမ္မဝါ ပြီးဆုံးသောအခါ၌ သာမဏေစင်စစ် ရဟန်းစင်စစ် ဖြစ်လေ၏။

သာမဏေမှာ လိင်ထိုက်သောအမှုကို ပြုမိသောအခါ သရဏဂုံပျက်၏၊ သာမဏေစင်စစ်ပျက်၏၊ သက်န်းဝတ်မှု ရှိသေးသောကြောင့် လူကားမဖြစ်သေး၊ သာမဏေ အရာ၌ပင် တည်သေး၏၊ သက်န်းကိုစွန့်ပစ်မှ လူဖြစ်လေ၏၊ ရဟန်းမှာလည်း ပါရာဇိကမှုကို ပြုမိသောအခါ ရဟန်းကောင်းစင်စစ်ပျက်လေ၏၊ လူသာမဏေအဖြစ်သို့ကား မရောက်သေး၊ ရဟန်းအရာ၌ပင်

http://www.dhammadownload.com



တည်သေး၏၊ ဘိက္ခုပဋိညာဉ်ကို စွန့်သောအခါမှ ရဟန်းအရာ ပျောက်ငြိမ်းလေ၏။

[ရဟန်းကောင်းမှာ သိက္ခာချသောအခါ ရဟန်းအရာ ပျောက်ငြိမ်းသကဲ့သို့တည်း။]

ဤသို့လျှင် မြတ်စွာဘုရားအမိန့်တော် အာဏာတော်မြတ်၏ အစွမ်းကြောင့် ထိုပါရာဇိကကျရောက်ပြီးသော ရဟန်းသည် ဘိက္ခုပဋိညာဉ်ကို မစွန့်သမျှကာလပတ်လုံး ရှေး၌ပြဆိုခဲ့ပြီးသော ယုတ္တိစုံအတိုင်း ရဟန်းအရာ၌ တည်သေးသည်ကို သိအပ်၏၊ ထိုအခါ၌သာ ဒုဿီလအဖြစ်လည်းတည်၏၊ ဘိက္ခုပဋိညာဉ်ကို စွန့်ပေမူကား ရဟန်းလည်း မဟုတ်ပြီ၊ ဒုဿီလလည်းမဟုတ်ပြီ၊ ဘိက္ခုပဋိညာဉ်ကိုပင် စွန့်သော်လည်း သင်္ကန်းကိုမစွန့်သေးလျှင် လူဖြစ်သည် မဆိုရသေး။

ဤအရာ၌ ထိုဒုဿီလရဟန်းကို အမူလက ပါရာဇိကမှုဖြင့် စွပ်စွဲဆဲရေးမိသည်ရှိသော် ရဟန်းကောင်းကို စွပ်စွဲဆဲရေးမိသည်နှင့်အတူတူပင်၊ ရဟန်းတို့မှာ ကြီးစွာသော အာပတ်အဖြစ်သင့်ရောက်သည်ကိုထောက်၍ လူသီလဝန္တကို စွပ်စွဲဆဲရေးမိသည်ထက် ရဟန်းဒုဿီလကို စွပ်စွဲဆဲရေးမှုသည် အဆများစွာသာလွန်၍ အပြစ်ကြီးကျယ်ရန် အခွင့်ကို သိသင့်လှလေသတည်း၊ အကြောင်းမူကား ဘိက္ခုပဋိညာဉ်ကို မစွန့်သေးသမျှကာလပတ်လုံး ဥတ်ကမ္မဝါမှုဟူသော ဘုရားစက်ရိပ်၊ တရား

http://www.dhammadownload.com



စက်ရိပ်၊ သံဃာစက်ရိပ်တို့မှ မလွတ်သေး၊ ထိုစက်ရိပ်တို့ တည်ရှိသေးလေသောကြောင့်တည်း။

ထိုစက်ရိပ်တို့သည်ကား ထိုဒုဿီလရဟန်းကို ကယ်ဆယ်ဘို့ မဟုတ်ကုန်ပြီ၊ ထိုဒုဿီလရဟန်းကိုလည်း အပြစ်လေးသည်ထက် လေးစေဘို့, ထိုဒုဿီလအား ပြစ်မှားသော သူတို့ကိုလည်း အပြစ်ကြီးစေဘို့, ထိုစက်ရိပ်တော်တို့၏ ဂုဏ်ကျေးဇူးကို သိမြင်ကြည်ညို၍ ရိုသေသမှုပြုနိုင်သောသူတို့အား အကျိုးများစေဘို့သာ ဖြစ်ကုန်၏။

[ဤတွင်ရွေ့ကား ဒုဿီလ၏အင်္ဂါလက္ခဏာကို ပြဆိုချက်ပြီး၏။]

ပထမပုစ္ဆာ အဖြေပြီး၏။

--------*--------

http://www.dhammadownload.com



## ဒုတိယ တတိယ ပုစ္ဆာအဖြေ

၂။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်သောကြောင့် မဆည်းကပ် မကိုးကွယ်သောသူတို့မှာ "အသေဝနာ စ ဗာလာနံ" မင်္ဂလာ ဖြစ်,မဖြစ်များကို အကျိုးအပြစ်ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

၃။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် ဆည်းကပ်ကိုးကွယ်သောသူတို့မှာ "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာဖြစ်,မဖြစ် "သဗ္ဗိရေဝ သမာသေထ" စသောဒေသနာတော်နှင့် ညီမညီများကို အကျိုးအပြစ်ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသော ပုစ္ဆာနှစ်ရပ်ကို ပေါင်း၍ဖြေဆိုအံ့။

ဤပုစ္ဆာတို့၌ အလဇ္ဇီ ဒုဿီလကို ဇာတ်တည်၏၊ မင်္ဂလသုတ်၌ ဗာလ ပဏ္ဍိတကိုဟော၏၊ "သဗ္ဗိရေဝ သမာသေထ"၌ သပ္ပုရိသ အသပ္ပုရိသကိုဟော၏၊ ထို့ကြောင့်-

http://www.dhammadownload.com



၁။ သုသီလ. . . ဒုဿီလ. . . တစ်စုံ၊
၂။ ဗာလ. . . ပဏ္ဍိတ. . . တစ်စုံ၊
၃။ သပ္ပုရိသ. . . အသပ္ပုရိသ. . . တစ်စုံ၊

ဤသုံးစုံတို့၏ လက္ခဏာအထူးကို ရှေးဦးစွာခွဲခြမ်း၍ သိအပ်၏။

စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် ပါဠိတော်မြတ်၌ ဤသုံးပါးတို့၏ လက္ခဏာအထူးကို ဟောတော်မူသည်။

ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ၊
ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ။
ကထံ ဝိဓံ သပ္ပုရိသံ ဝဒန္တိ၊
ကထံ ဝိဓံ နော သိရီ ဇဟာတိ။ ။

[သိကြားမင်း၏ အမေးပုစ္ဆာလေးချက်။]

၁။ ကထံဝိဓံ=အဘယ်သို့သဘောရှိသောသူကို၊ သီလဝန္တံ=သီလရှိသောသူဟူ၍၊ ဝဒန္တိ=ပညာရှိတို့ ဆိုကြပါကုန်သနည်း။

၂။ ကထံဝိဓံ=အဘယ်သို့သဘောရှိသောသူကို၊ ပညဝန္တံ=ပညာရှိသောသူဟူ၍၊ ဝဒန္တိ=ပညာရှိတို့ ဆိုကြပါကုန်သနည်း။

၃။ ကထံဝိဓံ=အဘယ်သို့သဘောရှိသောသူကို၊

http://www.dhammadownload.com



သပ္ပုရိသံ=သူတော်ကောင်းဟူ၍၊ ဝဒန္တိ=ပညာရှိတို့
ဆိုကြပါကုန်သနည်း။

၄။ ကထံဝိဓံ=အဘယ်သို့သဘောရှိသောသူကို၊ သိရီ=
ရရှိပြီးသောဘုန်းကျက်သရေသည်၊ နော ဇဟာတိ=
မစွန့်ခွါပဲ အမြဲတည်နေပါသနည်း။

၁။ ကာယေန ဝါစာယ ယောဓ သညတော၊
မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။
န အတ္တ ဟေတု အလီကံ ဘဏာတိ၊
တထာဝိဓံ သီလဝန္တံ ဝဒန္တိ။

၂။ ဂမ္ဘီရပဉှံ မနသာ ဘိစိန္တယံ၊
နစ္စာယိကံ ကမ္မံ ကရောတိ လုဒ္ဒံ။
ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊
တထာဝိဓံ ပညဝန္တံ ဝဒန္တိ။

၃။ ယော ဝေ ကတညူ ကတဝေဒီ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိစ ဟောတိ။
ဒုခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။ ။

၄။ ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
သဒ္ဓေါ မုဒုံ သံဝိဘာဂီ ဝဒညူ။

http://www.dhammadownload.com



သင်္ဂါဟကံ သခိလံ သဏှဝါစံ၊
တထာဝိဓံ နော သိရီ ဇဟာတိ။ ။
[ပုစ္ဆာလေးချက်ကို အစဉ်အတိုင်း အလောင်းတော်သူမြတ် ဖြေတော်မူသော ပိဿဇ္ဇနာ ဂါထာလေးရပ်။]

၁။ ဣဓ=ဤလောကဌ်၊ ယော=အကြင်သူသည်၊ သညတော=စောင့်စည်းခြင်း အလေ့ရှိသည်ဖြစ်၍၊ ကာယေနစ= ကိုယ်ဖြင့်ရှင်း၊ ဝါစာယစ=နှုတ်ဖြင့်လည်းကောင်း၊ မနသာစ= စိတ်ဖြင့်လည်း ကောင်း၊ ကိဉ္စိ=တစ်စုံတစ်ခုသော၊ ပါပံ=မကောင်း မှုကို၊ န ကရောတိ=မပြု၊ အတ္တဟေတု=ကိုယ်ခန္ဓာ အသက်ဟူ သော အကြောင်းကြောင့်သော်လည်း၊ အလီကံ=မဟုတ်မမှန် ဖောက် ပြန် ချွတ်ယွင်းသော စကားကို၊ န ဘဏာတိ=မဆို၊ တထာဝိဓံ= ထိုသို့သဘောရှိသောသူကို၊ သီလဝန္တံ=သီလရှိသော သူဟူ၍၊ ဝဒန္တိ=ပညာရှိတို့ ဆိုကြကုန်၏။

၂။ ယော=အကြင်သူသည်၊ ဂမ္ဘီရပဉှံ=နက်နဲသောတရား ဓမ္မ ပုစ္ဆာပြဿနာကို၊ မနသာ=ပညာပြဓာန်း စိတ်သဘော အစွမ်းဖြင့်၊ အဘိစိန္တယံ=အထူးကြံဖန်၍ အမှန်အဟုတ်ကို ဖေါ်ထုတ်ဖြေဆိုနိုင်၏၊ အစ္စာယိကံ=အတ္တဟိတ ပရဟိတကို ကျူးလွန်၍ အဆောတလျင်ဖြစ်သော၊ လုဒ္ဒံ=ကြမ်းကြုတ်သော၊ ကမ္မံ=အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်မှုကို၊ န ကရောတိ= မပြု၊ ကာလာဂတံ=အခွင့်ကာလဆိုက်ရောက်သော၊ အတ္ထပဒံ=

http://www.dhammadownload.com



အကျိုးစီးပွားများရန် အဖို့ကို၊ န ရိဉ္စတိ=ဆိတ်ကင်း ကျွန်လွန်လျက် မပျက်မစီးစေတတ်၊ တထာဝိဓံ=ထိုသို့သဘောရှိသောသူကို၊ ပညဝန္တံ=ပညာရှိဟူ၍၊ ဝဒန္တိ=ပညာရှိတို့ဆိုကြကုန်၏။

၃။ ယော=အကြင်သူသည်၊ ဝေ=စင်စစ်၊ ကတညူ=မိမိအားပြုဘူးသော သူ့ကျေးဇူးကို သိတတ်သော အလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ကတဝေဒီ=သိတိုင်းလည်း သူ့ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ဓီရော=တည်ကြည်သော စိတ်သဘောရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ကလျာဏမိတ္တော=မိတ်ကောင်းဆွေကောင်း ခင်ပွန်းကောင်း အင်္ဂါနှင့်ပြည့်စုံသည်လည်း၊ ဟောတိ=ဖြစ်၏၊ ဒဠ္ဟဘတ္တိ=ဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ကို ရိုသေလေးမြတ် ဆည်းကပ်ခယမ်းခြင်း၌ မပျင်းမရိ သတိစိတ်စွဲ မြဲမြံစွာ ဆည်းကပ်ခြင်းအလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ဒုခိတဿ=ဆင်းရဲနွမ်းပါး၍နေသော မိတ်ကောင်း ဆွေကောင်း ခင်ပွန်းကောင်း၏၊ ကိစ္စံ=ဆောင်ရွက်ထိုက်သမျှသော အမှုကိစ္စအမျိုးမျိုးကို၊ သက္ကစ္စံ=ကိုယ့်အမှုမှုမက ပိုမိုအရိုအသေပြု၍၊ ကရောတိ=ပြုစုရွက်ဆောင်လေ့ရှိ၏၊ တထာဝိဓံ=ထိုသို့ သဘောရှိသောသူကို၊ သပ္ပုရိသံ=သူတော်ကောင်းဟူ၍၊ ဝဒန္တိ=ပညာရှိတို့ ဆိုကြကုန်၏။

http://www.dhammadownload.com



၄။ ယောဒအကြောင်းသူသည်၊ သဗ္ဗဟိ-အလုံးစုံကုန်သော၊ ဧတေဟိ ဂုဏေဟိ-ဤသီလဝန္တဂုဏ် ပညဝန္တဂုဏ် သပ္ပုရိသဂုဏ်တို့နှင့်၊ ဥပေတော-ပြည့်စုံ၏၊ သဒ္ဓေါ-သဒ္ဓါတရားရှိ၏၊ မုဒုံ-စိတ်နှလုံးနူးညံ့၏၊ သံဝိဘာဂီ-မိမိလက်ရှိ ပစ္စည်းဥစ္စာတွေကို ဝေဝေမျှမျှပြုလေ့ရှိ၏၊ ဝဒညူ-အလှူခံပုဂ္ဂိုလ်တို့နှင့်စပ်သော စကားအနက် အချက်အလိုကို သိလေ့ ရှိသည်လည်း၊ ဟောတိ-ဖြစ်၏၊ သင်္ဂါဟကံ-သင်္ဂဟတရားလေးပါးတို့ဖြင့် သူတစ်ပါးကို သင်္ဂြိုဟ်ချီးမြှင့်လေ့ရှိထသော၊ သခိလံ-မငြိမတွယ် ကြေလယ်ပြေပြစ်သော စကားရှိထသော၊ သဏှဝါစံ-နူးညံ့သော စကားရှိ ထသော၊ တထာဝိဓံ-ထိုသို့သဘောရှိသောသူကို၊ သိရီ-ရရှိပြီးသော ကျက်သရေသည်၊ နော ဇဟာတိ-မစွန့်။

**လိုရင်းအဓိပ္ပါယ်ကား---**

ဒုစ္စရိုက်မှု အာပတ်သင့်သော အမှုတို့ကို မပြုခြင်းသည် သီလဝန္တလက္ခဏာမည်၏။

၁။ နက်နဲသော တရားဓမ္မ အမေးပုစ္ဆာ ပြဿနာတို့ကို နေရာတကျ ဖြေဆိုနိုင်ခြင်း,

၂။ မိမိအကျိုးမဲ့ သူတစ်ပါးအကျိုးမဲ့ ဖြစ်အံ့သော ကြမ်းကြုတ်သော ကာယကံ ဝစီကံမှုကို မပြုခြင်း,

http://www.dhammadownload.com



၃။ အခါကာလကိုသိ၍ ဆိုက်တိုက်သောအခါ ကာလ၌ ဖြစ်ထိုက်သော အတ္တဟိတ ပရဟိတတို့ကို ဖြစ်ပွားအောင် ပြုနိုင်ခြင်း,

ဤအင်္ဂါသုံးပါးသည် ပဏ္ဍိတအင်္ဂါမည်၏။

၁။ ကတညူကတဝေဒီဂုဏ်နှင့် ပြည့်စုံခြင်း,

၂။ ကလျာဏမိတ္တဂုဏ်နှင့် ပြည့်စုံခြင်း,

၃။ ပဏ္ဍိတသေဝနဂုဏ်နှင့် ပြည့်စုံခြင်း,

၄။ မိတ်ကောင်း ခင်ပွန်းကောင်း ဖြစ်သောသူ ဆင်းရဲပင်ပန်း နွမ်းပါး၍နေသောအခါ ထိုသူ၏ကိစ္စကို ရှေးကထက်တိုး၍ သည်ပိုးရွက်ဆောင်ခြင်း,

ဤအင်္ဂါလေးပါးသည် သပ္ပုရိသ အင်္ဂါမည်၏။

သိရီအင်္ဂါ၌ကား ထိုအင်္ဂါစုနှင့်တကွ သဒ္ဓါတရားကောင်းခြင်း, စိတ်နှလုံးနူးညံ့ခြင်း စသည်လာ၏။

[ဂါထာအနက်တိုင်း သိလေ။]

သီလံ သိရီစာပိ သတဉ္စ ဓမ္မော၊
ပညာ စ တံ သေဋ္ဌတရံ ဝဒန္တိ။

[သိကြားမင်း၏ အမေးပုစ္ဆာ]

သီလဉ္စ=သီလတရားလည်းကောင်း၊ သိရီစာပိ=သိရီတရားလည်းကောင်း၊ သတဉ္စဓမ္မော=သပ္ပုရိသ အင်္ဂါတရားလည်းကောင်း၊ ပညာစ=ပညာတရားလည်းကောင်း၊ တေသု=ဤ

http://www.dhammadownload.com



လေးပါးသော တရားတို့တွင်၊ ကာံ=အဘယ်တရားကို၊ သေဋ္ဌတရံ= အထွတ်အမြတ် ချီးမွမ်းအပ်သည်ဟူ၍၊ ဝဒန္တိ=ပညာရှိတို့ဆိုကြကုန်သနည်း။

ပညာ ဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊
နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံ သိရီစာပိ သတဉ္စ ဓမ္မော၊
အန္ဝာယိကာ ပညဝတော ဘဝန္တိ။

[အလောင်းတော်အဖြေ]

ကုသလာ=ဘုရားအစရှိကုန်သော ပညာရှိတို့သည်၊ တာရကာနံ=ကြယ်အပေါင်းတို့ထက်၊ နက္ခတ္တရာဇာ=နက္ခတ်တို့၏ မင်းဖြစ်သော လဗိမာန်သည်၊ သေဋ္ဌောဣဝ=အလွန်ချီးမွမ်း အပ်မြင့်မြတ်သကဲ့သို့၊ ပညာ=ပညာသည်၊ သေဋ္ဌာ=အလွန် ချီးမွမ်း အပ် အမြတ်ဆုံးဟူ၍၊ ဝဒန္တိ=ဟောကြကုန်၏၊ သီလံစ=သီလသည် လည်းကောင်း၊ သိရီစာပိ=သိရီသည်လည်းကောင်း၊ သတဉ္စ-ဓမ္မော=သပ္ပုရိသ အင်္ဂါတရားစုသည်လည်းကောင်း၊ ပညဝတော= ပညာရှိသောပုဂ္ဂိုလ်၏နောက်သို့၊ အန္ဝာယိကာ= အစဉ်လိုက်ကြကုန်သည်၊ ဘဝန္တိ=ဖြစ်ကြကုန်၏။

[ဤမှနောက်၌ ပညာကို ရကြောင်းတရား ပညာ၏ အကျိုးများကို အစဉ်အတိုင်း အမေးအဖြေလာ၏။ ဤစာအုပ်၌ လိုရင်းမဟုတ်၍ မထုတ်လိုက်ပြီ။]

http://www.dhammadownload.com



ထိုလေးပါးတို့တွင်လည်း လျှောက်လွှာပါ ပုစ္ဆာနှစ်ရပ်မှာ ရွေ့သုံးပါးသာ လိုရင်းဖြစ်၏၊ ထိုရွေ့သုံးပါး၌ သီလဝန္တ လက္ခဏာနှင့်မပြည့်စုံသောသူသည် ထိုက်သည့်အားလျော်စွာ အလဇ္ဇီ, ဒုဿီလ လက္ခဏာသို့ရောက်၏၊ ပညဝန္တ ပဏ္ဍိတ လက္ခဏာနှင့် မပြည့်စုံသောသူသည် ဗာလဒုပ္ပညလက္ခဏာသို့ ရောက်၏၊ သပ္ပုရိသလက္ခဏာနှင့် မပြည့်စုံသောသူသည် အသပ္ပုရိသ လက္ခဏာသို့ရောက်၏။

၁။ သုသီလ--ဒုဿီလ တစ်စုံ

၂။ ပဏ္ဍိတ--ဗာလ တစ်စုံ

၃။ သပ္ပုရိသ--အသပ္ပုရိသ တစ်စုံ,

ဤသုံးစုံတို့၏ အင်္ဂါ လက္ခဏာသုံးပါး ကွဲပြား၏။

ထိုသုံးစုံတို့တွင် သီလဝန္တကိုမှီဝဲ ဆည်းကပ်သောသူသည် သီလဝန္တဖြစ်တတ်၏၊ အလဇ္ဇီ ဒုဿီလကို မှီဝဲဆည်းကပ်သောသူသည် အလဇ္ဇီ ဒုဿီလဖြစ်တတ်၏၊ ပဏ္ဍိတကိုမှီဝဲ ဆည်းကပ်သော သူသည် ပဏ္ဍိတဖြစ်တတ်၏၊ ဗာလကို မှီဝဲ ဆည်းကပ်သောသူသည် ဗာလဖြစ်တတ်၏၊ သပ္ပုရိသကို မှီဝဲ ဆည်းကပ်သောသူသည် သပ္ပုရိသဖြစ်တတ်၏၊ အသပ္ပုရိသကို မှီဝဲဆည်းကပ်သောသူသည် အသပ္ပုရိသဖြစ်တတ်၏၊ သီလဝန္တ အင်္ဂါ ပဏ္ဍိတအင်္ဂါ သပ္ပုရိသအင်္ဂါ သုံးမျိုးလုံးနှင့် ပြည့်စုံလုံ လောက်သောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရခြင်းသည် အမြတ်ဆုံး

http://www.dhammadownload.com



ဖြစ်၏။

ထိုသို့မဟုတ်မူ၍ သီလဝန္တဗာလ အသပ္ပုရိသပုဂ္ဂိုလ်ကို မှီဝဲခဲ့ငြားအံ့၊ မှီဝဲသော သူသည်လည်း သီလဝန္တဗာလ အသပ္ပုရိသ ပင် ဖြစ်တတ်၏၊ သီလဝန္တအတွက်ကား ကောင်းမြတ်၏၊ ဗာလ အတွက် သပ္ပုရိသအတွက် မကောင်း၊ သီလဝန္တ, ဗာလ, အသပ္ပုရိသ ပုဂ္ဂိုလ်ဆိုသည်ကား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်အပြစ်မှ စင်ကြယ်ရန် သိက္ခာပုဒ်တော် များကို လုံခြုံအောင် စောင့်ထိန်း၏၊ ပုထုဇ္ဇနိကဂတိ ဖြစ်၍ "သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ" ဟူသော ပထမအင်္ဂါသို့ ရံခါရောက်ငြား သော်လည်း ထိုအာပတ်ကို ခဏချင်းစင်ကြယ်အောင် ပြု၏၊ ဤသို့ ပြုသည့်အတွက် သီလဝန္တအင်္ဂါနှင့် ပြည့်စုံ၏၊ အလွန် တတ်သိလိမ္မာခြင်းငှာ ကြံကြိုက်ခဲလှစွာသော သုတ္တန်ဓမ္မ အဘိဓမ္မာဓမ္မတို့၌မူကား တတ်သိလိမ္မာခြင်းမရှိ၊ ဤသို့ မရှိသည့် အတွက် ဗာလဖြစ်၏၊ တစ်ဖန် ကတညူ ကတဝေဒီ လက္ခဏာ ပျက်၏၊ သူ့ကျေးဇူးကို မမြင်တတ်ရှိ၏၊ မြင်သမျှကိုလည်း အလေးမပြုတတ်၊ ကလျာဏမိတ္တအင်္ဂါ ပျက်၏၊ စပ်ကြားက ကုန်းတိုက်သူရှိလျှင် ခဏချင်း စိတ်ပြောင်း၏၊ ဒဠ္ဟဘတ္တိအင်္ဂါ ပျက်၏၊ မိမိထက်ပညာရှိသူကို ရှာကြံဆည်းကပ်လိုသော စိတ်သဘော မရှိ၊ ရှေး၌ ကလျာဏမိတ္တ ဖြစ်ပြီးသောသူ နွမ်းပါး သောအခါ မတွေ့ချင် မမြင်ချင် အသိလို့မှ မပြောချင်၊ ဤသို့

http://www.dhammadownload.com



ဖြစ်သည့်အတွက် အသပ္ပုရိသ ဖြစ်၏၊ သူတော်ကောင်း မဟုတ်။

**[ဤကား သီလဝန္တ ဗာလ အသပ္ပုရိသ ပုဂ္ဂိုလ်၏ လက္ခဏာကို ပြဆိုချက်တည်း။]**

ပဏ္ဍိတ အလဇ္ဇီ အသပ္ပုရိသ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်သောသူသည် ပဏ္ဍိတ အလဇ္ဇီ အသပ္ပုရိသ ဖြစ်တတ်၏၊ ပဏ္ဍိတဖြစ်သည့် အတွက်ကောင်းမြတ်၏၊ အလဇ္ဇီအသပ္ပုရိသ ဖြစ်သည့်အတွက် မကောင်း၊ ဤ၌ ဝိနည်း သုတ္တန် အဘိဓမ္မာတို့၌ ကောင်းစွာတတ်သိ ကျွမ်းကျင်သည့်အတွက် ပဏ္ဍိတဖြစ်၏၊ အလဇ္ဇီမှုကို အလေးမပြု အမှုမထား ကျူးလွန်ခြင်း များလှသည့်အတွက် အလဇ္ဇီဖြစ်၏၊ သူ့ကျေးဇူးကို ကျေးဇူးမမှတ်ပြုခြင်းစသည်ရှိသည့်အတွက် အသပ္ပုရိသ ဖြစ်၏၊ သူတော်ကောင်း မဟုတ်။

**[ဤကား ပဏ္ဍိတ အလဇ္ဇီ အသပ္ပုရိသ ပုဂ္ဂိုလ်၏ လက္ခဏာကို ပြဆိုချက်တည်း။]**

ဤနည်းနှစ်ပါးကို မှီ၍ အင်္ဂါလက္ခဏာ အကောင်းအဆိုး ရောနှော၍ ပုဂ္ဂိုလ်အများဖြစ်အောင် ဝေဖန် စိတ်ဖြာ၍ သိလေ၊ ဤသို့ အကောင်းအဆိုး ရောယှက်၍နေသော ပုဂ္ဂိုလ်လည်း အများပင် ရှိသည်၊ ထိုကြောင့် လဇ္ဇီပဏ္ဍိတ သပ္ပုရိသအင်္ဂါ သုံးမျိုးနှင့် ပြည့်စုံလုံလောက်သောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရခြင်းသည် အကောင်းဆုံး အမြတ်ဆုံး ဖြစ်၏၊ ထိုသို့သော

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို နိစ္စထာဝရ မှီဝဲဆည်းကပ်ခွင့် မရနိုင်ရှိခဲ့မူကား မှီဝဲဆည်းကပ်သောသူက အလိမ္မာရှိစေရမည်။

ဥပမာကား--

ကောင်းမွန်စွာ အိမ်ဆောက်လုပ်ရန် တိုင်ရှည် တိုင်တိုထုပ်လျှောက် အခြင်များကိုလို၍ သစ်တောသို့ ဝင်သောယောက်ျားသည် သစ်တစ်ပင်ထဲမှာပင် လိုသမျှခပ်သိမ်းကိုပြည့်စုံလုံလောက်စွာရပါမူကား အလွန်ကောင်းမြတ်လှပါ၏၊ ထိုကဲ့သို့စုံလင်သော သစ်ပင်ကောင်းကြီးကို မတွေ့ခဲ့သော်လည်း အိမ်မဆောက်ရ မရှိစေအပ်၊ အိမ်မရှိလျှင် ဒုက္ခများစွာ ဖြစ်လတ္တံ့၊ သစ်ပင်အများကို ကြည့်ရှု၍ တိုင်ရှည်ဘို့ကောင်းသော သစ်ပင်မှ တိုင်ရှည်ကို ရအောင်ယူ၊ တိုင်တိုဘို့ ကောင်းသောသစ်ပင်မှ တိုင်တိုကို ရအောင်ယူ၊ ဤသို့စသည်ဖြင့် တွေ့ရှိသမျှသော သစ်ပင်မှ မိမိအသုံးပြုဘို့ ကောင်းရာကိုကွက်၍ယူ၊ မကောင်းရာကိုထားခဲ့၊ ဤသို့ပြုလျှင် သစ်တစ်ပင်ကောင်းတွေ့သောသူကဲ့သို့ပင် အိမ်ကောင်း ထမြောက်၍ မိမိတစ်သက် သားစဉ်မြေးဆက် မှီခိုရာဖြစ်လတ္တံ့။

ဤဥပမာအတူ သီလဝန္တ ဗာလ အသပ္ပုရိသ ပုဂ္ဂိုလ်ရှိနေခဲ့လျှင် သီလဂုဏ်သက်သက်ကို ကွက်ခြား ကြည်ညိုရိုသေလေးမြတ်၍ ဆည်းကပ်မှီခိုရမည်၊ ထိုပုဂ္ဂိုလ်ပြုသော ဗာလမှု

http://www.dhammadownload.com



အသပ္ပုရိသမှုတို့ကိုကား လျစ်လျူရှု၍ ထားရမည်၊ ရော၍ မပါစေနှင့်၊ ချုပ်ချယ်ခြင်းကိုလည်း မပြုနှင့်၊ ရော၍ပါခဲ့လျှင် မိမိလည်း ဗာလ အသပ္ပုရိသအဖြစ်နှင့် နစ်လိမ့်မည်၊ ချုပ်ချယ်ခဲ့လျှင် သီလအတွက် မိမိမှာ ဖြစ်ရာသော အကျိုးစီးပွားပျက်လိမ့်မည်၊ အသိအလိမ္မာပွားများရန် ပဏ္ဍိတပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှု, စိတ်နှလုံး ဖြူစင်ဖြောင့်စင်း နူးညံ့ပျော့ပျောင်းရန် သပ္ပုရိသပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှုများကို အမြဲကြောင့်ကြစိုက်ရမည်။

ထိုသီလဝန္တ ဗာလ အသပ္ပုရိသပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်သောသူသည် ထိုပုဂ္ဂိုလ် ဗာလဖြစ်သည့်အတွက် "အသေဝနာစ ဗာလာနံ" ဟူသော မင်္ဂလာနှင့် ဆန့်ကျင်ဖက် မနေလော၊ အသပ္ပုရိသဖြစ်သည့်အတွက် "သဒ္ဓိံရေဝ သမာသေထ" ဟူသော ဒေသနာနှင့် ဆန့်ကျင်ဖက် မနေလောဟူမူ၊ ထိုသို့ရွေးချယ်မှု၌ လိမ္မာ၍ မှီဝဲသောသူမှာ ဆန့်ကျင်ဖက်မနေသည့်ပြင် "ပဏ္ဍိတာ-နဉ္စ သေဝနာ" မင်္ဂလာပင် ဖြစ်ကောင်းသေး၏။

အဘယ်သို့ ဖြစ်ကောင်းသနည်းဟူမူ အဘိဓမ္မာ၌ "ဗာလာ ဓမ္မာ, ပဏ္ဍိတာ ဓမ္မာ" နှစ်ပုဒ်အရတွင် သီလတရားသည် ပဏ္ဍိတဓမ္မ ဖြစ်၏၊ သီလဂုဏ်သက်သက်ကို ကွက်ခြား၍ မှီဝဲဆည်းကပ်သည့်အတွက် "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာ

http://www.dhammadownload.com



တစ်စိတ်ပင်ဖြစ်၏၊ ထိုပုဂ္ဂိုလ် ပြုသောဗာလအမှု အသပ္ပုရိသ အမှုများကို ရောနှော၍ စိတ်ရောကိုယ်ပါ လိုက်စားခဲ့လျှင် မင်္ဂလာနှစ်ပါးပျက်၍ ဗာလအဖြစ် အသပ္ပုရိသ အဖြစ်၌သာ တည်လေရာ၏။

[ကြွင်းသော အကောင်းအဆိုး ရောယှက်သော ပုဂ္ဂိုလ်တို့ကို မှီဝဲရာ၌လည်း ဤနည်းတူ သိလေ။]

အကောင်းအင်္ဂါ တစ်ပါးမျှ မပါသော အလဇ္ဇီ ဗာလ အသပ္ပုရိသ ပုဂ္ဂိုလ်ကိုမူကား မှီဝဲမှု ဆည်းကပ်မှုကို သက်သက် မပြုအပ်။ လျစ်လျူအနေနှင့်သာ တည်ရာ၏၊ ထိုသို့ တည်ခြင်း သည် "အသေဝနာစ ဗာလာနံ" ဟူသော မင်္ဂလာကြီး ဖြစ်၏။

ဤကား ပုစ္ဆာ၌ အလဇ္ဇီ ဒုဿီလကို မ,တည်ပြုပြီးလျှင် ဗာလပဏ္ဍိတ သပ္ပုရိသဒေသနာတို့နှင့် နှီးနှောရောဘက်၍ မေးသောပုစ္ဆာဖြစ်လေသောကြောင့် ဝေဖန်စိတ်ဖြာဘွယ် များပြား လျက်ရှိခဲ့သည်နှင့် ဝေဖန်စိတ်ဖြာ၍ ပြလိုက်သည်၊ ဤဝေဖန် စိတ်ဖြာ၍ ပြချက်ကို သိမြင်ခဲ့လျှင် ဤဒုတိယပုစ္ဆာ တတိယ ပုစ္ဆာတို့၌ ဖြေလိုရင်းအနက်ကိုလည်း ဝေဖန်စိတ်ဖြာ၍ ကောင်း စွာသိနိုင်ရာတော့သည်။

ယခုကာလ၌ကား မှီဝဲဆည်းကပ်သူ အလိမ္မာလိုလှ၏၊ မလိမ္မာသူတို့၏ သဘောကား မှီဝဲရင်း၌ သီလဝန္တဖြစ်၍သီလ

http://www.dhammadownload.com



ဂုဏ်ကိုကြည်ညိုလေးမြတ်၍ မှီဝဲ၏၊ မှီဝဲ၍ ဆရာတကာဖြစ်ခဲ့လျှင် ဂေဟာဿိတ တဏှာဘွဲ့စည်း၍ ဆိုးတူကောင်းဘက် ဖြစ်အောင် ရော၍ အနှစ်အမွှန်းခံလေ၏။

မင်္ဂလာဆိုသည်ကား ကုသိုလ်တရားပွါးများမှုသည် စင်စစ်မင်္ဂလာတည်း၊ အကုသိုလ်တရားဖြစ်ပွါးမှုသည် စင်စစ် အမင်္ဂလာတည်း၊ မှီဝဲအပ် မမှီဝဲအပ်ဆိုသည်မှာလည်း ကုသိုလ်ဖြစ်ပွါးမှု အကုသိုလ်ဖြစ်ပွါးမှုသည် အချုပ်တည်း။

**ထိုကြောင့် သေဝိတဗ္ဗာသေဝိတဗ္ဗ သုတ္တန်ပါဠိတော်၌. . .**

ယထာရူပံ သာရိပုတ္တ ပုဂ္ဂလံ သေဝတော
အကုသလာဓမ္မာ အဘိဝဍ္ဎန္တိ။ ကုသလာဓမ္မာ
ပရိဟာယန္တိ။ ဧဝရူပေါ ပုဂ္ဂလော န သေဝိတဗ္ဗော။
ယထာရူပဉ္စ ခေါ သာရိပုတ္တ ပုဂ္ဂလံ သေဝတော
အကုသလာဓမ္မာ ပရိဟာယန္တိ။ ကုသလာဓမ္မာ
အဘိဝဍ္ဎန္တိ။ ဧဝရူပေါ ပုဂ္ဂလော သေဝိတဗ္ဗော။

ဟူ၍ဟောတော်မူသည်။

သာရိပုတ္တ=ချစ်သားသာရိပုတ္တရာ၊ ယထာရူပံ=အကြင်သို့ သဘောရှိသော၊ ပုဂ္ဂလံ=ပုဂ္ဂိုလ်ကို၊ သေဝတော=မှီဝဲသောသူ အား၊ အကုသလာဓမ္မာ=အကုသိုလ်တရားတို့သည်၊ အဘိဝဍ္ဎန္တိ=

http://www.dhammadownload.com



ပွါးများကုန်၏၊ ကုသလာဓမ္မာ=ကုသိုလ်တရားတို့သည်၊ ပရိဟာယန္တိ=ဆုတ်ယုတ်ကုန်၏၊ ဧဝရူပေါ=ဤသို့သဘော ရှိသော၊ ပုဂ္ဂလော=ပုဂ္ဂိုလ်ကို၊ နသေဝိတဗ္ဗော= မမှီဝဲအပ်၊ သာရိပုတ္တ= ချစ်သားသာရိပုတ္တရာ၊ ခေါ်=စင်စစ်၊ ယထာရူပဋ္ဌ=အကြင်သို့ သဘောရှိသည်သာလျှင်ဖြစ်သော၊ ပုဂ္ဂလံ=ပုဂ္ဂိုလ်ကို၊ သေဝ-တော=မှီဝဲသောသူအား၊ အကုသလာဓမ္မာ=အကုသိုလ်တရားတို့သည်၊ ပရိဟာယန္တိ=ဆုတ်ယုတ်ကုန်၏၊ ကုသလာဓမ္မာ= ကုသိုလ်တရားတို့သည်၊ အဘိဝဍ္ဎန္တိ=ပွါးများကုန်၏၊ ဧဝရူပေါ= ဤသို့သဘောရှိသော၊ ပုဂ္ဂလော=ပုဂ္ဂိုလ်ကို၊ သေဝိတဗ္ဗော= မှီဝဲအပ်၏။

ဗာလပဏ္ဍိတသုတ်၌--

ဒုစ္စိန္တိတ စိန္တီစ ဟောတိ၊ ဒုဗ္ဘာသိတ ဘာသီစ၊ ဒုက္ကဋကမ္မကာရီစ။

[ဗာလလက္ခဏာအင်္ဂါသုံးပါး။]

သုစိန္တိတစိန္တီစ ဟောတိ၊ သုဘာသိတ ဘာသီစ၊ သုကဋကမ္မကာရီစ။

[ပဏ္ဍိတလက္ခဏာအင်္ဂါသုံးပါး]

ဒုစ္စိန္တိတ စိန္တီစ=မကောင်းသောအကြံကို ကြံလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ဒုဗ္ဘာသိတဘာသီစ=မကောင်းသော စကားကိုပြောဆိုလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ ဒုက္ကဋ-

http://www.dhammadownload.com



ကမ္မကာရီစ=မကောင်းစွာပြုအပ်သောအမှုကို ပြုလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏။

သုစိန္တိတစိန္တီစ=ကောင်းသောအကြံကို ကြံလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ သုဘာသိတဘာသီစ=ကောင်းသောစကားကိုပြောဆိုလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏၊ သုကဋ-ကမ္မကာရီစ=ကောင်းစွာပြုအပ်သော အမှုကိုပြုလေ့ရှိသည်လည်း၊ ဟောတိ=ဖြစ်၏။

**[ဤသို့ ဒွါရသုံးပါးလုံး မကောင်းသောသူကို ဗာလ, ဒွါရသုံးပါးလုံး ကောင်းသောသူကို ပဏ္ဍိတဟူ၍ လာသည်။]**

ယခုကာလ၌ကား ဒွါရသုံးပါးလုံးကောင်းသောသူ ရှား၏၊ အချို့ကာယဒွါရကောင်း၏၊ ဝစီဒွါရ မနောဒွါရ မကောင်း၊ အချို့ဝစီဒွါရကောင်း၏၊ ကာယဒွါရ မနောဒွါရမကောင်း၊ အချို့ကာယဒွါရ ဝစီဒွါရကောင်း၏၊ မနောဒွါရမကောင်း၊ ဤသို့အကောင်းအဆိုး အရောအယှက်သာ များသည်၊ ထို့ကြောင့် ယခုအခါ၌ ဤပုဂ္ဂိုလ်ကိုမှီဝဲဆည်းကပ်သည့်အတွက် ငါ၏သန္တာန်မှာ ကုသိုလ်အလီမွှာ ပွါးများ၏လော, မပွါးလော, အကုသိုလ်အမိုက် တစ်နှစ်တစ်ခြား နည်းပါး၏လော, မနည်းပါးလောဟု မိမိသန္တာန်ကို အရိပ်ကောင်းကောင်းကြည့်၍ မှီဝဲဆည်းကပ်ရာသည်။

http://www.dhammadownload.com



အလဇ္ဇီ ဒုဿီလကိုမှီဝဲရာ၌ အကျိုးအပြစ်ကို ဝတ္ထု သက်သေနှင့်တကွ သိလိုပါသည်ဟူသောစကား၌-

ဧကော အလဇ္ဇီ အလဇ္ဇီသတံပိ ကရောတိ။

ဟူ၍ကျမ်းဂန်လာသည်။

ဧကောအလဇ္ဇီ=အလဇ္ဇီတစ်ယောက်သည်၊ အလဇ္ဇီ- သတံပိ=အလဇ္ဇီပုဂ္ဂိုလ် အရာမကဖြစ်ပွါးအောင်လည်း၊ ကရောတိ= ပြုတတ်၏။

ဤသို့လာသောကြောင့် အလဇ္ဇီကို မှီဝဲဆည်းကပ်လျှင် အလဇ္ဇီဖြစ်တတ်သည်ကား အပြစ်တည်း။

* ရှေး၌လည်း အလဇ္ဇီကိုမှီဝဲလျှင် အလဇ္ဇီဖြစ်တတ် သည်။
* ဗာလကိုမှီဝဲလျှင် ဗာလဖြစ်တတ်သည်။
* အသပ္ပုရိသကို မှီဝဲလျှင် အသပ္ပုရိသ ဖြစ်တတ်သည် ဟုဆိုခဲ့ပြီ။

ဤကား အပြစ်တည်း။

* အလဇ္ဇီဖြစ်လျှင် သီလနှင့် ဘဝအဆက်ဆက် ဝေး တတ်သည်။
* အသပ္ပုရိသဖြစ်လျှင် သမာဓိနှင့် ဘဝအဆက်ဆက် ဝေးတတ်သည်။

http://www.dhammadownload.com



ဗာလဖြစ်လျှင် ပညာနှင့် ဘဝအဆက်ဆက် ဝေး
သည်။

ဤကား မကောင်းကျိုးတည်း။

ဤသို့ မကောင်းကျိုး အမျိုးမျိုးအစားစား ကြီးမားလေသောကြောင့် မမှိုဲအပ်၊ မင်္ဂလာလည်း မဖြစ်၊ စင်စစ်စိတ်ကို ပြုပြင်၍ ဉာဏ်ပညာယှဉ်ပါမှ မင်္ဂလာဖြစ်နိုင်မည်ကိုလည်း သတိထားလေ၊ ဤမှတစ်ပါး ဝတ္ထုနှင့်တကွ အပြစ်အကျိုးများသည် သုတ္တနိပါတ် အဋ္ဌကထာ "အသေဝနာစ ဗာလာနံ" အဖွင့်မှာ အကျယ်လာ၏၊ အလိုရှိလျှင် ဆရာသမားများထံ လျှောက်ထား၍ နာယူလေ။

ဒုတိယ တတိယ ပုစ္ဆာနှစ်ရပ် အဖြေပြီး၏။

---------✳----------

http://www.dhammadownload.com



## စတုတ္ထ ပုစ္ဆာအဖြေ

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်း သိလျက်နှင့် ဆွမ်းစသော ဒါနဝတ္ထုတို့ဖြင့် ပူဇော်သက္ကာရပြုသော သူတို့မှာ“ပူဇာစ ပူဇနီယာနံ” မင်္ဂလာ ဖြစ်,မဖြစ်များကို အကျိုးအပြစ် ဝတ္ထု သက်သေနှင့်တကွ သိလိုပါသည်- ဟူသော စတုတ္ထပုစ္ဆာ၌-

ပူဇနီယ ပုဂ္ဂိုလ်အရကို သုတ္တနိပါတ် အဋ္ဌကထာ၌. . .

၁။ သဗ္ဗညုဘုရား,
၂။ ပစ္စေကဗုဒ္ဓါ,
၃။ အရိယသာဝက,
၄။ အမိ,
၅။ အဘ,
၆။ အစ်ကိုကြီး,
၇။ အစ်မကြီး,
၈။ လင်ရှိ မိန်းမတို့မှာ လင်၏အမိ,
၉။ လင်၏အဘ,
၁၀။ လင်၏အကိုကြီး,
၁၁။ လင်၏အမကြီး, ဟု ဤမျှသာလာ၏။

http://www.dhammadownload.com



ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ သရဏဂုံ သီလတည်သော လူဂဟဋ္ဌပုဂ္ဂိုလ် ပုထုဇ္ဇန်သာမဏေ ပုထုဇ္ဇန် ရဟန်းတို့သည် သောတာပတ္တိမဂ္ဂ၌ အရိယာပုဂ္ဂိုလ်၌ ပါဝင်ကုန်သည်ဟု လာသောကြောင့် ဤပူဇနီယ အရာ၌လည်း ထိုလူပုဂ္ဂိုလ် သာမဏေ ရဟန်းတို့သည် အရိယသာဝကာဟူသော အဋ္ဌကထာပါဌ်၌ ပါဝင်ကုန်သည်၊ ထို့ကြောင့်-

၁၂။ သရဏဂုံတည်သောလူ,

၁၃။ သရဏဂုံနှင့်တကွ ငါးပါးသီလ တည်သောလူ,

၁၄။ ပုထုဇ္ဇန်သာမဏေ,

၁၅။ ပုထုဇ္ဇန်ရဟန်း,

တို့သည် ပူဇော်ထိုက်သော ပူဇနီယပုဂ္ဂိုလ်တို့ပင် ဖြစ်ကုန်၏။

**ထိုသို့ဖြစ်ရာ၌ သာမဏေသည်. . .**

၁။ လဇ္ဇီသာမဏေ,

၂။ အလဇ္ဇီသာမဏေ,

၃။ ဒုဿီလသာမဏေ,

ဟူ၍ သုံးမျိုးရှိ၏။

**ပုထုဇ္ဇန် ရဟန်းသည်လည်း. . .**

၁။ လဇ္ဇီ ရဟန်း,

၂။ အလဇ္ဇီ ရဟန်း,

http://www.dhammadownload.com



၃။ ဒုဿီလ ရဟန်း,

ဟူ၍ သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် လဇ္ဇီသာမဏေ, လဇ္ဇီရဟန်းတို့အား လှူဒါန်းပူဇော်သောသူတို့မှာ"ပူဇာစ ပူဇနီယ" မင်္ဂလာ ဖြစ်သည် မှန်ပြီ၊ အလဇ္ဇီသာမဏေ, အလဇ္ဇီရဟန်း, ဒုဿီလသာမဏေ ဒုဿီလရဟန်းတို့အား လှူဒါန်းပူဇော်သော သူတို့မှာ"ပူဇာစ ပူဇနီယ" ဖြစ်ပါမည်လော မဖြစ်လော ဟူမူ၊ ဒုဿီလမဟုတ်ေ အလဇ္ဇီသက်သက်မျှဖြစ်သော သာမဏေ ရဟန်းတို့အား လှူဒါန်း ပူဇော်မှုသည် "ပူဇာစ ပူဇနီယ" မင်္ဂလာ ဖြစ်၏၊ ဒုဿီလဖြစ် သော သာမဏေ ရဟန်းတို့အား လှူဒါန်းပူဇော်မှုမှာသာ ထို မင်္ဂလာဖြစ် မဖြစ်စိစစ်ဘွယ်ရှိ၏။

[ရှေး၌လည်း အလဇ္ဇီနှင့် ဒုဿီလ နှစ်ပါးကွဲပြားပုံကို ပြဆိုခဲ့ပြီ]

အများတို့စိတ်သဘော၌ ရောယှက်၍နေကြသော အရေး ဌာနကြီးတစ်ခုဖြစ်၍ ဤနေရာ၌ကား ထင်ရှားအောင် ပြဆို လိုက်ဦးအံ့။

* နဝ ကောဋ္ဌိသဟဿာနိ
အသီတိသတကောဋ္ဌိယော။
ပညာသ သတသဟဿာနိ၊
ဆတ္တိံသ စ ပုနာပရေ။

http://www.dhammadownload.com



*　ဧတေ သံဝရဝိနယာ၊
သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊
သိက္ခာဝိနယ သံဝရေ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

နဝကောဋိသဟဿာနိ=ကုဋေကိုးထောင်တို့လည်းကောင်း၊ အသီတိသတကောဋိယော=ကုဋေတစ်ရာ့ ရှစ်ဆယ်တို့လည်းကောင်း၊ ပညာသ သတသဟဿာနိ=ငါးသန်းတို့လည်းကောင်း၊ ပုန=တစ်ဖန်၊ အပရေ=တစ်ပါးကုန်သော၊ ဆတ္တိံသ သဟဿာနိ=သုံးသောင်း ခြောက်ထောင်တို့လည်းကောင်း၊

ဝိနယသံဝရေ=ပါတိမောက္ခသံဝရ ဝိနည်းငါးကျမ်း၌၊ ပေယျာလမုခေန=ပေယျလညွှန်ပြချက်နှင့်တကွ၊ နိဒ္ဒိဋ္ဌာ=ညွှန်ပြအပ်ကုန်သော၊ ဧတေ ဝိနယသံဝရသိက္ခာ=ဤမျှလောက်သော ပါတိမောက္ခသံဝရ ဝိနည်းသိက္ခာပုဒ်တော်မြတ်တို့ကို၊ သမ္ဗုဒ္ဓေန=မြတ်စွာဘုရားသည်၊ ပကာသိတာ=ထုတ်ဖော်ပညတ် ပြတော်မူအပ်ကုန်၏။

ဆောင်... ကိုးထောင့်တစ်ရာ, ရှစ်ဆယ်မှာ,သချာ
ကောဋိကောက်။
ငါးသန်း သုံးသောင်း, ခြောက်ထောင်
ပေါင်း, များတောင်း ပါတိမောက်။

http://www.dhammadownload.com



ဤကား သရဏဂုံ ဥတ်ကမ္မဝါစာ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ သန္တာန်၌ ထိုက်သည့်အားလျော်စွာ တည်ရှိသော ပါတိမောက္ခသံဝရ သိက္ခာပုဒ်အပေါင်းတည်း။

ရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း မြတ်စွာဘုရား၏ ပညတ်တော် အမိန့်တော် အာဏာတော်ဖြင့် သက်န်းတောင်းမှု ပေးမှု, ဝတ်မှုကို ပြုမိလျှင်ပင် လူအဖြစ်ကိုလွန်၍ သာမဏေရပဗ္ဗဇိတအရာ၌တည်၏၊ လူတို့၏ ရှိခိုးပူဇော်မှုကို ခံထိုက်ပြီ၊ ပြဆိုခဲ့ပြီးသော သိက္ခာပုဒ်စုကား မတည်သေး၊ တစ်ဖန် သရဏဂုံ ခံယူ၍ တတိယသရဏဂုံ ပြည့်စုံပြီးစီးသည်နှင့် တစ်ပြိုင်နက် ပြဆိုခဲ့ပြီးသော သာမဏေသိက္ခာပုဒ်တို့သည် တည်ကုန်၏၊ သာမဏေအစစ်ဖြစ်လေ၏၊ သီလခံယူဘွယ်ကိစ္စ မရှိ၊ ထိုသို့ သာမဏေအစစ်ဖြစ်ပြီးသောသူသည် လိင်ဆယ်ပါးတွင် တစ်ပါးပါးကို လွန်ကျူးမိသည်ဖြစ်အံ့၊ သရဏဂုံ ခံယူမှု ပျက်ငြိမ်းပြန်၍ သိက္ခာပုဒ်တို့လည်း အကုန်ကွယ်ပကုန်၏၊ သင်္ကန်း ခံယူမှုသာ တည်ရှိတော့၏၊ လူအဖြစ်သို့ကား မရောက်၊ သာမဏေအရာ၌ပင် တည်သေး၏၊ သာမဏေ အစစ်ကား မဟုတ်။

ထိုအခါ သရဏဂုံကို ထပ်မံ၍ယူရသည်၊ သရဏဂုံ ထပ်မံ၍ယူပြန်လျှင် သာမဏေစစ်ဖြစ်ပြန်၏၊ သိက္ခာပုဒ်တို့

http://www.dhammadownload.com



အကုန်တည်ပြန်ကုန်၏၊ သရဏဂုံကို ထပ်မံ၍မယူပဲ မိမိကိုယ်ကို သိက္ခာရှိသော သာမဏေအစစ်အသွင် ပြုလုပ် ဝန်ခံ၍နေခဲ့အံ့၊ ဒုဿီလသာမဏေ ဖြစ်၏၊ မိမိကိုယ်ကိုဟုတ်မှန်တိုင်း ပြောကြား၍နေလျှင် ဒုဿီလမဖြစ်။

ဤအရာ၌ လိင်ဆယ်ပါးတွင် တစ်ပါးကို ကျူးလွန်လျှင် လူဖြစ်သည်ဟု မှတ်ထင်တတ်ကြ၏၊ သက်န်းခံယူမှုကို မစွန့်မှု၍ တည်သမျှ ကာလပတ်လုံး လူမဖြစ်၊ သာမဏေ လိင်ပြန်မှု လူဝတ်လဲမှုဆိုသည်ကား ဆရာသမားတို့ အဆုံးအမ၌ မတည်။ ဒုဿီလအမှုကို မစွန့်နိုင်သော သာမဏေ ဒုဿီလကိုသာ လူဝတ်လဲ၍ သာသနာမှ အပြီးနှင်ထုတ်မှုသာတည်း၊ "အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရံ နာသေတုံ" ဟူသော ပါဠိတော်၏ အဋ္ဌကထာဝိနိစ္ဆယကို နေရာကျသိတို့ ဆိုလိုက်သည်။

[ဤကား သာမဏေ၏ ဒုဿီလအဖြစ်ကို ပြဆိုချက်တည်း။]

လိင်ဆယ်ပါးမှတစ်ပါး ဒဏ်ဆယ်ပါး သေခိယ ၇၅-ပါး အစရှိသော သိက္ခာပုဒ်တို့သည် သာမဏေတို့အား ဒဏ်အမှုမည်ကုန်၏၊ ထိုဒဏ်သိက္ခာပုဒ်တို့တွင် တစ်ခုခုကို ကျူးလွန်မိသည် ဖြစ်အံ့၊ သရဏဂုံခံယူမှုလည်း မပျက်၊ ထိုသိက္ခာပုဒ်လည်း ကွယ်ပ၍သွားသည် မဟုတ်၊ သံဝရမှုမျှသာ ပျက်၏၊ ဒဏ်ထိုက်၏၊ ဒဏ်ထမ်းလျှင် သံဝရ တည်မြဲတည်၏။

http://www.dhammadownload.com



## သိမ်မွေ့သောအရာဖြစ်၍ ဥပမာပြအံ့...

အင်္ဂလိပ်အစိုးရမင်းတို့၏ ဥပဒေ၌ မြို့အုပ်လုပ်သောသူမှာ မည်မျှသော အာဏာကိုရစေ၊ မည်သည့် အမှုတို့ကိုပြုလျှင် အရာမှကျစေ၊ မည်သည့်အမှုတို့ကို ပြုလျှင် အရာကား မကျ၊ မည်မျှဒဏ်တပ်စေ-ဟု ရှိ၏၊ မြို့အုပ်အရာကို ရသည်နှင့် တစ်ပြိုင်နက် များစွာသော အာဏာတို့ကိုရ၏၊ အရာကျရာ ဥပဒေမှုတစ်ခုခုကို ကျူးလွန်လျှင် အရာမှလည်း ကျ၏၊ ထို အာဏာတို့လည်း အကုန်ပျက်ကုန်၏၊ ဒဏ်ဥပဒေတို့တွင် တစ်ခုခုကို ကျူးလွန်လျှင် ထိုအမှုအတွက် ဒဏ်တပ်၏၊ အရာမကျ သောကြောင့် ထိုအမှုသည်လည်း လက်မလွတ်၊ စီရင်မြဲ စီရင်နိုင်၏၊ တစ်ပါးသော ရရှိပြီး အာဏာတို့လည်း ပကတိအတိုင်း ရရှိကုန်၏၊ ဤဥပမာနှင့်တူစွာ သိအပ်၏။

၁။ မိမိ၌တည်ရှိသော သိက္ခာပုဒ်အပေါင်းတို့တွင် တစ်ခုတစ်ခုသော သိက္ခာပုဒ်၌ ခံယူဆောက် တည် ခြင်းဟူသော သမာဒါနမှု,

၂။ ကောင်းစွာစောင့်ထိန်းခြင်းဟူသော သံဝရမှု,

ဟူ၍ အမှုနှစ်ပါး အသီးသီးရှိကြ၏။

ထိုနှစ်ပါးတွင် သမာဒါနမှုမှာ သရဏဂုံပြည့်စုံသည်နှင့် တစ်ပြိုင်နက်တစ်ချက်တည်း အကုန်ပြီးစီးလေ၏၊ သံဝရမှုမှာ

http://www.dhammadownload.com



ဆောက်တည်ရရှိတည်နေပြီးသော သိက္ခာပုဒ်တို့ကို အခွင့်တိုက်ဆိုက်သောအခါ၌ သဒ္ဓါစေတနာတို့နှင့် နေရာကျစောင့်စည်းလျှင် သံဝရမှုပြည့်စုံ၏၊ မစောင့်စည်းမူ၍ လိင်ထိုက်သောအမှုတစ်ခုခုကို ကျူးလွန်ခဲ့လျှင် သရဏဂုံပျက်၍ သမာဒါနမှု, သံဝရမှု, အကုန်ပျက်၏၊ တစ်စုံတစ်ခုသော သိက္ခာပုဒ်မျှ ထိုသူမှာ မတည်ပြီ၊ ဒဏ်ထိုက်သော အမှုတစ်ခုခုကို ကျူးလွန်ခဲ့လျှင် သရဏဂုံမပျက်၍ တစ်စုံတစ်ခုသော သမာဒါနမှုမျှ မပျက်၊ ကျူးလွန်သောသိက္ခာပုဒ်မှာပင် သမာဒါနမှုမပျက်၊ ရှေးတည်မြဲတိုင်းပင် ကိုယ်၌တည်လျက်ရှိ၏၊ သံဝရမှုမျှသာ ပျက်၏၊ ဒဏ်ထမ်း၍ ဆေးကြောသုတ်သင်လျှင် သံဝရမှု တည်မြဲတည်၏။

ရဟန်းသိက္ခာပုဒ်တို့၌ကား စတုတ္ထကမ္မဝါစာ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် သမာဒါနမှုတည်၏၊ သံဝရမှုမှာ သာမဏေသိက္ခာပုဒ်နည်းတူပင်၊ ပါရာဇိကမှု တစ်ခုခုကို ကျူးလွန်ခဲ့လျှင် သမာဒါနမှုအကုန်ပျက်၏၊ တစ်ခုသော သိက္ခာပုဒ်မျှ အတည်မရှိပြီ၊ ပါရာဇိကမှတစ်ပါးသော သိက္ခာပုဒ်တို့ကို ကျူးလွန်ခဲ့လျှင် ကျူးလွန်သော သိက္ခာပုဒ်မှာပင် သံဝရမျှသာ ပျက်သည်၊ သမာဒါနမပျက်၊ ဤသို့ သမာဒါနပျက်နည်း သံဝရပျက်နည်းများကို ခြားနား၍သိတတ်မှ အလဇ္ဇီ ဒုဿီလ နှစ်ပါးကွဲပြားပုံကို ရှင်းလင်းစွာ သိနိုင်သည်။

http://www.dhammadownload.com



မြတ်စွာဘုရားပညတ်တော် အမိန့်အာဏာတော်မြတ်ဖြစ်သော ကုဋေပေါင်း ကိုးထောင့်တစ်ရာ့ရှစ်ဆယ်နှင့် ငါးသန်း သုံးသောင်းခြောက်ထောင်မျှသော သိက္ခာပုဒ်တော်တို့ တစ်စုံတစ်ခုမျှ သမာဒါနမှု မပျက်မကွက် တည်ရှိလျက်နေသော အလဇ္ဇီပုဂ္ဂိုလ်သည် လူတို့၏ပူဇော်ကိုခံထိုက်သော ပူဇနီယပုဂ္ဂိုလ်စင်စစ်ဖြစ်ထိုက်ကြောင်းကိုလည်း ထင်လင်းစွာ သိသာလှတော့သည်။

[ဤကား အလဇ္ဇီပုဂ္ဂိုလ် ပူဇနီယဖြစ်ကြောင်းကို
ပြဆိုသောအချက်တည်း။]

ဒုဿီလပုဂ္ဂိုလ်ပူဇနီယ ဖြစ်မဖြစ်ကို စိစစ်ဖွယ် အလွန်များချေ၏၊ မြတ်စွာဘုရား၏ ပညတ်တော် အာဏာတော်မြတ်ဖြစ်သော ဝိနည်းတရားတော်၏ အရာသည် အလွန်ကြီးကျယ်နက်နဲ၏၊ ဖလွန်လျှင် အံ့ဘွယ်သရဲရှိ၏။

အဘယ်သို့ အံ့ဘွယ်သရဲ ရှိသနည်းဆိုသော်---

တစ်ထောင့်ငါးရာ ကိလေသာကုန်ငြိမ်းပြီးသော ရဟန္တာဖြစ်သော လူသည် တစ်ထောင့်ငါးရာ ကိလေသာအပြည့်နှင့် ယခုနေ့တွင် ရဟန်းပြုသော ပုထုဇ္ဇန်ရဟန်းကို ရှိခိုးရ၏၊ ထိုပုထုဇ္ဇန်ရဟန်းက ရဟန္တာဖြစ်သောလူကို ရှိမခိုးရ၊ ကိုယ်တွင်းမှာ တည်ရှိကြသော အဘိဓမ္မာတရား သုတ္တန်တရားများအနေကို ထောက်စာလျှင် ထိုနှစ်ဦးသော သူတို့သည် တစ်ဦးနှင့်တစ်ဦး

http://www.dhammadownload.com



နိဗ္ဗာန်နှင့်အဝီစိကဲ့သို့ ကွာလှမ်းကြ၏၊ ရဟန္တာဖြစ်သော လူသည်ကား နိဗ္ဗာန်မှာဆိုက်၍နေ၏၊ တစ်ထောင့်ငါးရာ ကိလေသာရှင်ဖြစ်သော ပုထုဇ္ဇန်ရဟန်းကား အဝီစိနယ်က မလွတ်သေးသို့ဖြစ်ပါလျက် ရှိခိုးပူဇော်မှု၌ ရဟန်းပုထုဇ္ဇန်က အထက်ကျ၏၊ ရဟန္တာ လူက အောက်ကျ၏၊ ဤသို့ ဖြစ်ခြင်းသည် မြတ်စွာဘုရား၏ အစိန္တေယျအပ္ပမေယျဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုးတော် ပညတ်တော် အာဏာတော် သိက္ခာပုဒ်တော်တို့၏ အစွမ်းပေတည်း။

ရဟန်းချင်းမှာလည်း တစ်နာရီမျှ ပညတ်အာဏာ သိက္ခာတည်မှု ရှေးကျသော ပုထုဇ္ဇန်ရဟန်းကို တစ်နာရီမျှ သိက္ခာတည်မှု ရဟန်းဖြစ် နောက်ကျသော ရဟန္တာဖြစ်ပြီးသော ရဟန်းက ရှိခိုးရ၏၊ ယခုပင် ရဟန်းပြုသော ပုထုဇ္ဇန်ရဟန်းယောကျ်ားကို အဝါခြောက်ဆယ်ရပြီးသော ဘိက္ခုနီ ရဟန္တာမက ရှိခိုးရ၏၊ ဤသို့ဖြစ်ခြင်းသည် ပညတ်တော် အာဏာတော်မြတ်တို့၏ အစိန္တေယျ တန်ခိုးအစွမ်းပင်တည်း။

> ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ
> ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန
> သတ္ထာ။

ဟူ၍ငါဘုရား မရှိသည့်နောက် ငါဟောတော်မူခဲ့သော

http://www.dhammadownload.com



သုတ္တန်တရား အဘိဓမ္မာတရား ဝိနည်းတရားတို့သည် ငါ၏ ကိုယ်စားလှယ် ကိုယ်စား ဘုရားဖြစ်ရစ်လတ္တံ့ဟူသော ဗျာဒိတ်တော် မြွက်နှင့်အညီ ပြဆိုခဲ့ပြီးသော သိက္ခာပုဒ်တော် အပေါင်း ကုဋေကိုးထောင့်တစ်ရာ့ရှစ်ဆယ်နှင့် ငါးသန်းသုံးသောင်း ခြောက်ထောင်တို့တွင် တစ်ခုတစ်ခုသော သိက္ခာပုဒ်တော်သည် ဘုရား တစ်ဆူတစ်ဆူအရာနှင့် ဗျာဒိတ်တော်ရလျက်ရှိချေသည်။

သရဏဂုံ ဥတ်ကမ္မဝါစာ ပြည့်စုံစွာ ဖတ်ရွတ်မှု သမာဒါန ကိစ္စပြည့်စုံသဖြင့် ထိုမျှလောက်သော သိက္ခာပုဒ်တော်တို့၏ တည်နေကိန်းဝပ်ရာဖြစ်သော ပုထုဇ္ဇန်ရဟန်း၏ ကိုယ်ခန္ဓာသည် ကုဋေကိုးထောင့်တစ်ရာ့ရှစ်ဆယ်ငါးသန်း သုံးသောင်း ခြောက် ထောင်မျှသော မြတ်စွာဘုရားတို့၏ တည်နေကိန်းဝပ်တော် မူကြရာ စေတီအိမ်အရာ၌ တည်ချေသည်၊ စေတီအိမ်မည်သည် ရွှံ့မြေကိုလုပ်သော်လည်း စေတီကိန်းဝပ်သော အခါမှစ၍ ပူဇော်ခြင်းငှါသာထိုက်၏၊ မရိုမသေ ပြုခြင်းငှါ မထိုက်။

ထိုစေတီအိမ်၏အတွင်း၌ အမှိုက်သရိုက်မစင်တီးပြင်ပင် ပြည့်၍နေငြားသော်လည်း ပူဇော်ခြင်းငှါသာ ထိုက်၏၊ မရို မသေပြုခြင်းငှါမထိုက်၊ ထိုအတူ ထိုပုထုဇ္ဇန်ဖြစ်သော ရဟန်း သည် တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမှိုက် သရိုက် မစင်တီးပြင်အပြည့် ဖြစ်ရှိနေသော ကိုယ်ခန္ဓာသန္တာန်ပင်

http://www.dhammadownload.com



ဖြစ်ငြားသော်လည်း ထိုမျှလောက်သော ဘုရားအရာ သိက္ခာပုဒ်တော်တို့၏ တည်နေကိန်းဝပ်ရာစေတီအိမ်အဖြစ်၌ တည်နေသည့်အတွက်ကြောင့် ရဟန္တာဖြစ်ပြီးသောလူသည် ရှိခိုးပူဇော်ခြင်းကိုသာ ပြုရလေသတည်း။

ဤသို့သော အရာများကို ထောက်ထားဆင်ခြင်သည်ရှိသော် ပုထုဇ္ဇဉ်ရဟန်းတို့၌ပင် ကိန်းဝပ်တည်ရှိသော မြတ်စွာဘုရား တန်ခိုးတော်ပညတ်တော် အာဏာတော် အရှိန်အဝါတို့သည် အဘယ်မျှလောက် ကြီးကျယ်နက်နဲကုန်သည်ဟု ငါတို့ကဲ့သို့သော အဆုံးအစ မြင်နိုင်ထင်နိုင်ကောင်းသော အရာပင်မဟုတ်အောင်ကြီးကျယ်နက်နဲမှုကို ရိပ်မိကြကုန်ရာသည်၊ နိဗ္ဗာန်သို့ဆိုက်၍တည်နေသော လောကုတ္တရာဘုံသားဖြစ်ပြီးသော ရဟန္တာဖြစ်သောလူသည်ပင်လျှင် ပုထုဇ္ဇန်ရဟန်းကို ရိုသေစွာ ရှိခိုးပူဇော်ရချေသေး၏၊ ယခုကာလရှိနေကြသော ပုထုဇ္ဇန်ဖြစ်သူ လူသာမန်တို့မှာ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း၊ သာသနာ့ဝန်ထမ်းရဟန်းတော်ဆိုလျှင် အရိုအသေအလျှင်ဦးအောင်သာ အထူးအားစိုက်ခွင့်ရှိတော့သည်ဟု ပညာသတိ ရှိကြကုန်ရာသည်၊ ဤသို့ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၌ တည်ရှိသော မြတ်စွာဘုရား၏ အာဏာတော် သိက္ခာတော် ပညတ်တော်တို့၏ ဘုန်းတန်ခိုးအရှိန်အဝါ ကြီးကျယ်နက်နဲပုံကို သိအပ်၏။

http://www.dhammadownload.com



ဒုဿီလပုဂ္ဂိုလ်မှာလည်း ထိုအရှိန်အဝါ တစ်စိတ်တစ်ဒေသ ရှိနေကြောင်းကိုကား သူ့ကို အမူလပါရာဇိကနှင့် စွပ်စွဲခဲ့လျှင် ရဟန်းကောင်းကို စွပ်စွဲသည်နှင့်အတူ စွပ်စွဲသူ ရဟန်းမှာ သံဃာဒိသေသ် အာပတ်ကြီးသင့်သည်ဟု ဟောတော်မူသောပါဠိတော်အရ ဖွင့်ဆိုသော အဋ္ဌကထာအရများကို အဦးတည်၍ ရှေး၌ပြဆိုခဲ့ပြီ၊ ဤသို့သော အကြောင်းအရာများကို ထောက်မြော်သည်ရှိသော် ထိုသူ၌ ရှိနေသေးသော မြတ်စွာဘုရားအရှိန်အဝါ၊ တရားတော် အရှိန်အဝါ၊ ဥတ်ကမ္မဝါစာ ရွတ်ဖတ်သော သံဃာတော် အရှိန်အဝါများကို အာရုံပြု၍ ပူဇော်ပါမူ "ပူဇာစ ပူဇနီယ" မင်္ဂလာဖြစ်ပါ၏ဟု ဆိုရန် တစ်ချက်ရှိ၏၊ ထိုသူမှာထင်ရှားရှိသေးသော ဘုရားအရှိန်အဝါ၊ တရားအရှိန်အဝါ၊ သံဃာအရှိန်အဝါကို အာရုံပြု၍ ပူဇော်ရာ၌ အာရုံပြုရာ အရှိန်အဝါဂုဏ်တော် ကျေးဇူးတော်စုသည် အပူဇော်ခံသမား ဖြစ်ကြ၏၊ တရားတော်ကို ပူဇော်လိုလျှင် တရားတော်ကို အာရုံပြု၍ တရားကျမ်းဂန်တတ်သော ပုဂ္ဂိုလ်ကို ပူဇော်ပါမူ တရားတော်ကို ပူဇော်ခြင်းဖြစ်၏ဟုလာသော ကျမ်းဂန်နှင့် အညီတည်း။

[ထိုဒုဿီလပုဂ္ဂိုလ်ကိုပင် ဒုဿီလမှန်း မသိ။ သီလဝန္တထင်မှတ်၍ ပူဇော်ရာ၌မူကား ထိုသူ၏ သီလကို အာရုံပြု လျက်ရှိ၏။ သီလကလည်း ထိုသူမှာမရှိ။ အပူဇော်ခံသမား မရှိပဲနေ၏။]

http://www.dhammadownload.com



သိဟိုဠ်ကျွန်း၌ သဒ္ဓါတိဿ မင်းကြီးကား ထိုကဲ့သို့သော ပုဂ္ဂိုလ်၌ အပူဇော်ခံသမားကို ရအောင်ရှာ၍ပူဇော်၏၊ ထိုမင်းသည် တရံသောအခါ ဆင်စီး၍မြို့တော်ကို လှည့်လည်၏၊ ဒုဿီလရဟန်းတစ်ယောက်သည် မြို့ကျုံး၌ ငါးမျှား၍နေရာ မင်းပရိသတ် လာသည်ကိုမြင်လျှင် ငါးမျှားရာမှတက်၍ သစ်ပင်ရင်းမှာ ထိုင်နေ၏၊ မင်းကြီးသည် ထိုရဟန်းကိုမြင်လျှင် ဆွမ်းကပ်လှူလိုသော စိတ်ဖြစ်၏၊ နန်းတော်သို့ရောက်၍ ပွဲတော်တည်မည်ရှိရာ ထိုရဟန်းကို အမှတ်ရ၍ မှူးမတ်များကို ပွဲတော်အုပ်အတိုင်းနှင့် ထိုရဟန်းကို လှူကြချေဟု စေလွှတ်၏၊ ဒုဿီလရဟန်းလည်း မင်းပရိသတ်သွားလျှင် ငါးမျှားမြဲ ငါးမျှား၍နေ၏၊ ဆွမ်းလှူလာသော မှူးမတ်တို့က အလျင်မြင်လေ၏၊ ထိုရဟန်းလည်း မှူးမတ်တို့လာသည်ကိုမြင်၍ ငါးမျှားမှုကိုလွှတ်၍ သစ်ပင်ရင်းမှာ နေမြဲနေလေ၏၊ မှူးမတ်တို့ကား ထိုရဟန်းအမှုကို သိ၍ မလှူပဲ မြင်ရာအရပ်မှ ပြန်လေ၏၊ နန်းတော်သို့ရောက်၍ လှူခဲ့ကြပြီလောဟု မင်းကြီးကမေးရာ ငါးမျှား၍နေသော ဒုဿီလရဟန်းဖြစ်၍ မလှူခဲ့ကြောင်းကို ပြန်ပြောလေ၏။

ထိုရဟန်းသည် သင်တို့ကိုမြင်သောအခါ အဘယ်သို့ပြုသနည်းဟု မင်းကြီးက မေးလေ၏။

http://www.dhammadownload.com



အကျွန်ုပ်တို့ကို မြင်လျှင်မြင်ခြင်း ငါးများမှုကို လွှတ်၍ သက်နံးကိုခြုံရုံ၍ သစ်ပင်ရင်းသို့ကပ်၍ နေပါသည်ဟု တင်ဆိုလေ၏။

ထိုအခါ မင်းကြီးက ဤသို့ ဆိုပေ၏၊ ထိုရဟန်းသည် သင်တို့ကိုမြင်လျင် ထိုကဲ့သို့ပြုသည်ကား ဟိရီဩတ္တပ္ပကပ်၍ ပြုမူပေတည်း၊ သူတော်ကောင်း ဥစ္စာရတနာ ခုနစ်ပါးတွင် အကျုံးဝင်သော ဟိရီဩတ္တပ္ပတရားရတနာသည် အဖိုးအနဂ္ဃ ထိုက်တန်၏၊ ဤတစ်နပ်စာ ပွဲတော်ထမင်းသည် အဘယ်မျှ အဖိုးထိုက်သနည်း၊ သွားကြကုန်၊ ရှိသေစွာ ကပ်လှူကြကုန်လော့ ဟုဆို၍ လှူကြလေ၏။

မင်းကြီးသည် သဒ္ဓါဗလ ပညာဗလနှင့် ပြည့်စုံသော သူဖြစ်၍ ထိုကဲ့သို့ ညစ်နွမ်းသော ဒုဿီလရဟန်းသန္တာန်မှာပင် အပူဇော်ခံ အဖိုးတန်ကို ရှာကြံ၍ ပူဇော်ပေ၏၊ ထို့ကြောင့် ထိုမင်းကြီးပြုသော ကုသိုလ်မှုသည် ပူဇာစ ပူဇနီယာနံ မင်္ဂလာ ဖြစ်ထိုက်စွာ သတည်း။

**စတုတ္ထပုစ္ဆာ အဖြေပြီး၏။**

---------*---------

http://www.dhammadownload.com



## ပဥ္စမပုစ္ဆာ အဖြေ

၅။ အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် အရိုအသေ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေ ပြုခြင်းတို့ကို ပြုသောသူတို့မှာ' ဂါရဝေါစ"မင်္ဂလာဖြစ်,မဖြစ်, "ဘိက္ခုံစ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ"ဟု ကောသလ သံယုတ်တွင် ဟောတော်မူသည်နှင့် ညီမညီ, ၎င်းပုဂ္ဂိုလ်တို့သည် ပါဏာတိပါတ သရဏဂုံ ထိုက်,မထိုက်များကို အကျိုး အပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသော ပဥ္စမပုစ္ဆာ၌-

[အလဇ္ဇီဒုဿီလနှစ်ပါး ခွဲခြမ်းနည်းကို ဆိုခဲ့လျှပြီ။ ။
ဂါရဝမှု ဟူသည်လည်း ပူဇော်မှုမျိုးပင်ဖြစ်၍ စတုတ္ထပုစ္ဆာနှင့်
များစွာ မထူးကြလှပြီ။]

ဘုဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ။
ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ။

http://www.dhammadownload.com



ဟူသော ကောသလသံယုတ် သုတ်ဂါထာမှာမူကား မိမိ၌ ပစ္စုပ္ပန်အကျိုးမဲ့၊ သံသရာအကျိုးမဲ့ မဖြစ်ရလေအောင် မရှိမသေ မထေလေးစားပြုမှု လွတ်ကင်းစေရသည်ကို "သမ္မဒေဝ သမာစရေ" ဆိုပေသည်။

ဘုဇင်္ဂမဉ္စ=အဆိပ်ထန်သောမြွေကိုလည်းကောင်း၊ ပါဝကဉ္စ=မီးကိုလည်းကောင်း၊ ယသဿိနံ=အခြံအရံနှင့် ပြည့်စုံသော၊ ခတ္တိယဉ္စ=မင်းကိုလည်းကောင်း၊ သီလသမ္ပန္နံ=သီလနှင့် ပြည့်စုံသော၊ ဘိက္ခုဉ္စ=ရဟန်းကိုလည်းကောင်း၊ သမ္မဒေဝ= ကောင်းစွာသာလျှင်၊ သမာစရေ=ပြုကျင့်ရာ၏။

၁။ အဆိပ်ထန်သောမြွေကို တွေ့မြင်လျှင် ထိုမြွေဥပဒ်မှ လွတ်ကင်းအောင် လိမ္မာ၍ပြုသည်ကိုလည်းကောင်း,

၂။ မီးနှင့်ဆက်ဆံသောအခါ ထိုမီးနှင့်စပ်၍ ဥပဒ် မဖြစ်ရအောင် လိမ္မာ၍ပြုသည်ကိုလည်းကောင်း,

၃။ မင်းနှင့် ဆက်ဆံသောအခါ ထိုမင်းနှင့်စပ်၍ ဥပဒ် မဖြစ်ရအောင် လိမ္မာ၍ပြုသည်ကိုလည်း ကောင်း,

၄။ သီလသမ္ပန္န ရဟန်းနှင့် ဆက်ဆံသောအခါ ထိုရဟန်း နှင့်စပ်၍ ကလာပုမင်း ဒဏ္ဍကီမင်း နာဠိကေရမင်း အဇ္ဇုနမင်းတို့ကဲ့သို့ အကျိုးမဲ့တရား မဖြစ်ပွားရ အောင် လိမ္မာ၍ပြုသည်ကိုလည်းကောင်း, "သမ္မဒေဝ

http://www.dhammadownload.com



သမာစရေ"ဆိုသည်။

[ဤလေးပါးကိုသာ ဝိသေသထုတ်၍ ဟောတော်မူခြင်းသည် ရှေ့သုံးပါးမှာ လျင်လျင်မြန်မြန် ကြီးကြီးမားမား ဘေးဥပဒ် ဖြစ်တတ်၍ ဟောတော်မူသည်။ သီလသမ္ပန္န ရဟန်းမှာ အပြစ် လေးတတ်၍ ဟောသည်။]

ဘေးဥပဒ်ကို ဖြစ်စေတတ်သော ခပ်သိမ်းသော မထေ လေးစားမှုကိုပင် ရှောင်ကြဉ်၍ ဘေးဥပဒ် လွတ်ကင်းရာသော အနေကို ရိုသေစွာပြုလေ့ရှိစေရမည်ဟူသော အနက်ကိုလည်း သိအပ်သည်၊ ဘေးဥပဒ်ဆိုသည်ကား အကုသိုလ် ဖြစ်မှုသည် လည်း ဘေးဥပဒ်ပင်ဖြစ်သည်၊ ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်နှင့် တွေ့ကြုံဆက်ဆံသောအခါ၌လည်း အရိုအသေ ရှိမခိုးလျှင် မိမိ၌အကုသိုလ်ဖြစ်ရခြင်းစသော ဘေးဥပဒ်ဖြစ်ရန် အခွင့်ကို မြင် သည်ဖြစ်၍ ရိုသေစွာ ရှိခိုးလျှင် "သမ္ဘဒေဝ သမာစရေ" ဟူသော ပါဠိတော်နှင့်ညီသည်သာ ဖြစ်၏၊ ထိုပါဠိတော်ကို အောက်မေ့၍ ရှိခိုးခဲ့လျှင် ထိုပါဠိတော်ဓမ္မကို ပူဇော်သော "ဓမ္မပူဇာ" မင်္ဂလာပင် ဖြစ်သေး၏။

[ခရိုးဦးကြိုဆိုခြင်း အရိုအသေပြုခြင်း အမှုတို့၌လည်း နည်းတူသိလေ။]

ဒုဿီလပုဂ္ဂိုလ်သည် သိက္ခာသီလမှ ကင်းသည်ဖြစ်၍ ရဟန်းအစစ် သံဃာအစစ် မဟုတ်သောကြောင့် ထိုပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ရှိသေတုပ်ဝပ်သော်လည်း ပါဏာတိပါတသရဏာဂုံ ဖြစ်ခွင့် မရှိလေ၊ သံဃာမှညွှန်းချ၍ ရရှိသော ဒုဿီလပုဂ္ဂိုလ်အား သံဃာကို အာရုံပြု၍ လှူမှုဒါန်းမှုပါဏာတိပါတမှုကို ပြုရာ၌ကား သံဃာသည် အလှူခံသမား ပါဏာတိပါတကို ခံသမား ဖြစ်သောကြောင့် ပါဏာတိ-ပါတသရဏာဂုံ ဖြစ်ထိုက်၏၊ လဇ္ဇီပုဂ္ဂိုလ်နှင့် ဒုဿီလ မဟုတ်သော အလဇ္ဇီပုဂ္ဂိုလ် နှစ်ပါးတို့မှာမူကား ပူဇော်ခြင်းစသည်ကို ပြုသော သူတို့အား အကျိုးပေး အများအနည်း ကွာကြ၏၊ "ပူဇာစ ပူဇနီယ"မင်္ဂလာ "ဂါရဝေါစ" မင်္ဂလာမှာ ဖြစ်ကြသည် ချည်းမှတ်။

**"သမ္ဗဒေဝ သမာစရေ" ဟူသော ဒေသနာတော် အရ၌ ဝတ္ထုသက်သေကား ...**

ကောသလမင်းကြီးသည်ပင်လျှင် တရံရောအခါ မြတ်စွာဘုရားကို ခစားဆည်းကပ်၍နေလေ၏၊ ထိုအခါ၌ တိတ္ထိတို့သည် မင်းကြီးမျက်နှာ ဥပစာသို့ ဖြတ်သန်း၍ သွားကြကုန်၏၊ ကောသလမင်းကြီးသည် မြင်လျှင် မိမိနာမည်ကို ဖော်ကြား၍ ထိုတိတ္ထိတို့အား ရှိခိုးလေ၏၊ အဘယ့်ကြောင့် သဗ္ဗညုမြတ်စွာ ဘုရားကြီးကို ဆည်းကပ် ကိုးကွယ်သူဖြစ်ပါလျက် မြတ်စွာဘုရား ရှေ့တော်မှာပင် မိမိနာမည်ကို ဖော်ကြားခြင်းဟူသော အလွန် နှိမ့်ချသော ဂါရဝတရားကြီးနှင့်တကွ အလွန်ရိုသေစွာ တိတ္ထိတို့ကို မင်းကြီး ရှိခိုးလေသနည်းဟု အမေးပုစ္ဆာထုတ်၍ အဋ္ဌကထာ၌ ဖြေတော်မူသည်ကား ထိုသို့ ရှိမခိုးခဲ့သည်ရှိသော် ကောသလ

http://www.dhammadownload.com



မင်းကြီးသည် ရှင်ဂေါတမကိုသာ ရိုသေသည်၊ ငါတို့ကိုမူကား ရှိခိုးခြင်းမျှကိုမှ မပြုဟု စိတ်နှလုံးခုကြ၍ တစ်စုံတစ်ခုသော ငါ၏အကျိုးမဲ့ကို ပြုခွင့်ဆိုက်သောအခါ ပြုလေရာ၏၊ ထိုသို့သော အကျိုးမဲ့ကို မပြုစေခြင်းငှါ ရှိခိုးသည်ဟု ဖြေပေ၏။

[ကောသလမင်းကြီးပြုသောအမှုသည်လည်း "သမ္ပဒေဝ သမာစရေ" မှုပင်တည်း။]

**တစ်နည်းလည်း. . .**

မင်းကြီးကို ခစားသော ပရိသတ်တို့၌ တိတ္ထိတို့ကို ကိုးကွယ်သောသူတို့သည် အများပင် ပါရှိကြကုန်၏၊ ထိုသူတို့သည် ငါတို့ဆရာများကိုကား မင်းကြီးသည် အလေးမပြုဟု စိတ်ခုကြကုန်၍ ပြုခွင့်သာသောအခါ တစ်စုံတစ်ခုသောအကျိုးမဲ့ကို ပြုကုန်ရာ၏ဟု ထိုသူတို့၏စိတ်နှလုံးကို ကြည်လင်စေခြင်းငှါ မင်းကြီး ရှိခိုးသည်ဟူ၍လည်း ဆိုခွင့်ရှိ၏ ။

ပဉ္စမပုစ္ဆာအဖြေပြီး၏။

-------*-------

http://www.dhammadownload.com



## ဆဋ္ဌမပုစ္ဆာ အဖြေ

၆။ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်း သိသောကြောင့် ထို အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်တို့အား ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန်တွင် တစ်ရပ်ရပ်ဖြင့် အပြစ်စကား ထိပါးပြောဆိုသောသူတို့အပေါ်၌ ဒဏ်ဆယ်ပါး ထိုက်မထိုက်, အပြစ်လွတ်မလွတ်များကို သိလိုပါ သည်။

ဟူသော ဆဋ္ဌမပုစ္ဆာ၌-

"ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ"။

အစရှိသည်ဖြင့် သုဒ္ဓအနင်္ဂဏဖြစ်သော ဘုရား ပစ္စေက ဗုဒ္ဓါ အရိယာတို့အား အလွန်ကြမ်းကြုတ်သော ကာယကံ ဝစီကံ တို့ဖြင့် ထိပါးပြစ်မှားသော သူတို့၌သာ ဒဏ်ဆယ်ပါးကျရောက် တတ်ကြောင်းကို ဟောတော်မူသည်၊ ပုဂ္ဂိုလ်သာမန်တို့အား အပြစ်စကား ထိပါးပြောဆိုရုံမျှနှင့် ဒဏ်ဆယ်ပါး ကျရောက်ခွင့် မရှိပေ။

http://www.dhammadownload.com



## အပြစ်လွတ်မလွတ်ဟူသော စကား၌မူကား...

ဒုဿီလ ဟူသော စကားလုံးသည် ဆယ်ပါးသော အက္ကောသဝတ္ထုတို့တွင် ကြီးစွာသောအာပတ်ဖြင့် ဆဲရေးခြင်း ဖြစ်၏၊ ထို့ကြောင့် ထိပါးစေလိုသော အက္ကောသာဓိပ္ပါယ ပဋိဃစိတ်ဖြင့် ဒုဿီလပုဂ္ဂိုလ်ကိုပင် ဒုဿီလမှန်းသိ၍ ဒုဿီလ စကားဖြင့် ထိပါးပြောဆိုသော သူတို့အား စကားအခွန်းတိုင်း အခွန်းတိုင်း ဖရုသဝါစာ ကမ္မပထမြောက်၏။

## ဒုဿီလပုဂ္ဂိုလ်မှန်း သိသောကြောင့် ဟူသော ပုစ္ဆာပါ၌ စကား၌လည်း...

ဤရဟန်းကား ဒုဿီလရဟန်းတည်းဟု အမှန်သိနိုင်ရန် အမှုသည် မလွယ်လှချေ၊ သိမ်မွေ့လှသော ပါရာဇိက အာပတ္တာ ဓိကရုဏ်းမှုနှင့် မိမိတို့အထံ အဆုံးအဖြတ်ခံခြင်းငှာ အမှုသည်တို့ ဆိုက်ရောက်လာသောအခါ၌ ကျမ်းတတ်ဂန်တတ် ဝိနည်းမိုရ် ပုဂ္ဂိုလ်ကြီးများသည်ပင်လျှင် ဤသူကား ဒုဿီလဟု ဒုဿီလ ဝိနိစ္ဆယချရန်အရေး အလွန်ခက်ခဲလှ၏။

အဋ္ဌကထာကြီး၌လည်း ထိုသို့အမှုသည် ဆိုက်ရောက် လာလျှင် စေ့စုံစွာစစ်ဆေး၍ အမှုသည်လျှောက်ဆိုချက် စကားကို စေ့စုံစွာ ကြားနာရသောအခါ ပါရာဇိက အပြစ်လွတ်အံ့ ထင်ခဲ့လျှင် သုဒ္ဓဖြစ်စာချအပ်၏၊ စွန်းငြိရိပ်ထင်ခဲ့အံ့၊ အသုဒ္ဓဟု

http://www.dhammadownload.com



မဆိုတည့်အပ်၊ လွှတ်ရာသောအချက်ကို အနည်းနည်း ရှာအပ်၏၊ အနည်းနည်းရှာကြံ၍မှ လွှတ်ရာသောအချက်ကို မမြင်ခဲ့လျှင် ဝိနည်းမိုရ်တစ်ပါးထံ လွှတ်ရမည်၊ ဒုတိယဝိနည်းမိုရ် ဆရာသည်လည်း ထိုအမှုသည်ကို ပါရာဇိက လွှတ်ရိပ်ထင်ခဲ့အံ့၊ သုဒ္ဓဖြတ်စာချအပ်၏၊ လွှတ်ရိပ်မထင်ခဲ့အံ့၊ အသုဒ္ဓဟု မဆိုတည့်အပ်၊ ဝိနည်းမိုရ်တစ်ပါးထံ စေလွှတ်ရမည်၊ ဤနည်းနှင်နှင် စေလွှတ်၍ ဝိနည်းမိုရ်တိုင်းကပင် ပါရာဇိကကျရိပ်ထင်ကြ၍ သုဒ္ဓဖြတ်စာလည်း မပေး အသုဒ္ဓလည်း မဆိုကြပဲ ပထမဝိနည်း မိုရ်ထံ ထိုအမှုသည် ရောက်လာပြန်အံ့၊ ဆိတ်ငြိမ်ရာ၌ နေစေ၍ ဘာဝနာများကို နှလုံးသွင်းစေပြီးလျှင် စိတ်ဖြစ်ပုံကို မေးမြန်း၍ စိတ်ပူလောင်လှပါသည်ဆိုလျှင် စိတ်အေးရာအခွင့်ကို ရှာလေတော့ဟု ဆိုရမည်၊ စိတ်ငြိမ်သက်ပါ၏ဆိုလျှင် ကောင်းလှပြီ၊ ကောင်းကောင်းနေလေတော့ဆို၍ လွှတ်ရမည်ဟုလာချေသည်။

သိမ်မွေ့လှသောအရာ၌ စေ့စုံစွာ စစ်ဆေးမေးမြန်း ကြားသိရသဖြင့် ပါရာဇိကကျရိပ် ဒုဿီလဖြစ်ရိပ်ထင်မြင်သော ဝိနည်းမိုရ်ဆရာတို့သော်မှလည်း ပါရာဇိကကျသည်, ဒုဿီလဖြစ်သည်ဟူသော စကားကို မြွက်ဆိုရန်အမှု အလွန်ခဲယဉ်းစွာ လာချေသည်၊ အဘယ်ကြောင့် ခဲယဉ်းလှလေသနည်းဟူမူ ပါရာဇိက အမှန်ကျသောသူကို ပါရာဇိကကျသည်ဟုဆိုမိလျှင် ဝိနည်းမိုရ်ဖြစ်၍တော်ပါ၏၊ မကျသောသူကို ကျသည်ဟုဆိုမိလျှင်

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်သန္တာန်၌ တည်ရှိသော ကုဋေ့ ကိုးထောင်ကျော်မျှသော သိက္ခာပုဒ်တို့ကို ဝိနည်းမိုရ်ဆရာ ဖျက်ဆီးရာရောက်လေ၏၊ ဝန်လေးစွာသော အမှုကို ပြုမိလျက်နေ၏၊ ပါရာဇိကအမှန်ကျသောသူကို မကျထင်၍ မကျဆိုမှုသည်ကား ဝိနည်းမိုရ်ဆရာ၌ အပြစ်မရှိ၊ ထို့ကြောင့် မကျဟု ထင်မြင်ခဲ့လျှင် ထင်မြင်တိုင်းဆိုမှုဆုံးဖြတ်မှုကိုပြုရမည်ဟု အဋ္ဌကထာ၌လာပေသည်။

[ဤသို့ သူတစ်ပါးကို ပါရာဇိကကျ ဒုဿီလဆိုမှုသည် နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို ထမ်းရွက်မှုကဲ့သို့ အလွန်ဝန်လေးလှသော အမှုဖြစ်ချေသည်။ သတိကြီးကြီးထားကြပါကုန်။]

ပါရာဇိကအမှန်ကျပြီးသောသူ, ပါရာဇိကမကျ အလဇ္ဇီမျှသာဖြစ်သောသူ, အလဇ္ဇီမဖြစ် သီလဝန္တဖြစ်သောသူ သုံးဦးလုံးကိုပင် အက္ကောသာဓိပ္ပါယဖြင့် ဒုဿီလ ဆိုမှုသည် ဖရုသဝါစာကမ္မပထမြောက်၏၊ အပါယ်လေးပါးတွင် ဒေါသနှင့်ယှဉ်သောကမ္မပထမျိုးဖြစ်၍ ငရဲ၌ပဋိသန္ဓေကိုပေး၏၊ အက္ကောသာဓိပ္ပါယမျှမကမူ၍ သာသနာမှ ရွေ့စေလိုသော စဝနာဓိပ္ပါယဖြင့် ဒုဿီလဆိုမှုသည်ကား ထိုထက်ဝန်လေးသော အမှုကြီးဖြစ်၏၊ အထူးမှာ ဒုဿီလအမှန်ကို ဒုဿီလဆိုမိ စွပ်စွဲမိရာ၌ ဝန်လေးရုံမျှသာရှိ၏၊ သီလဝန္တကို ဆိုမိစွပ်စွဲမိရာ၌ကား အာနန္တရိယကံနှင့် အလားတူ၏၊

http://www.dhammadownload.com



ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဣဒမပ္ပဟာယ ယထာ-
ဘတံ နိက္ခိတ္တာ ဧဝံ နိရယေ။ ကတမေ ဒွေ။ ယောစ
မိစ္ဆာဒိဋ္ဌိကော ဟောတိ။ ယောစ သီလဝန္တံ
ကလျာဏဓမ္မံ ဗြဟ္မစာရိံ အဘူတေန အန္တိမ ဝတ္ထုနာ
အဒ္ဓာစိက္ခတိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဣမေဒွေပုဂ္ဂလာ=ဤ ပုဂ္ဂိုလ်နှစ်ဦး တို့သည်၊ ဣဒံ=ဤအမှုကို၊ အပ္ပဟာယ=မပယ်မစွန့်သည်ရှိသော်၊ အာဘတံ=ယူဆောင်ခဲ့သော ဝန်ထုပ်ကို၊ နိက္ခိတ္တောယထာ= အိမ်သို့ရောက်က ပစ်ချလိုက်သကဲ့သို့၊ ဧဝံ=ဤအတူ၊ နိရယေ= ငရဲ၌၊ သကေနကမ္မေန=မိမိပြုသော အမှုသည်၊ နိက္ခိတ္တာ=ချအပ် ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏၊ ကတမေဒွေ=အဘယ်နှစ်ဦးတို့ နည်းဟူမူကား၊ ယောစ=အကြင်သူသည်လည်း၊ မိစ္ဆာဒိဋ္ဌိကော= နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသည်၊ ဟောတိ=ဖြစ်၏၊ ယောစ=အကြင် သူသည်လည်း၊ ကလျာဏဓမ္မံ=ကောင်းသောတရားရှိသော၊ ဗြဟ္မစာရိံ=မြတ်သောအကျင့်ရှိသော၊ သီလဝန္တံ=သီလဝန္တ ရဟန်း ကို၊ အဘူတေန=မဟုတ်မမှန်သော၊ အန္တိမဝတ္ထုနာ=ပါရာဇိက မှုဖြင့်၊ အဒ္ဓာစိက္ခတိ=စွပ်စွဲ၏။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား--**

ဦးခေါင်းဖြင့် ဆောင်ခဲ့သော ဝန်ထုပ်ကို အိမ်သို့ရောက်က ပစ်ချလိုက်လျှင် ကောင်းကင်၌တည်နေသည်ဟူ၍ မရှိ၊ မြေသို့ ထုတ်ချောက်ကျရောက်သကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူရှိသော သူသည် ဤဘဝ၌ ထိုအယူကို မစွန့်ပဲ သေသည်ရှိသော် သေသည်၏ အခြားမဲ့၌ အမြဲလျှင် ငရဲသို့သာကျ၏၊ သီလဝန္တရဟန်းကို အန္တိမ ဝတ္ထု ပါရာဇိကမှုဖြင့် စွပ်စွဲသောသူသည်လည်း ထိုသီလဝန္တ ရဟန်းကို တောင်းပန်ဝပ်စင်း ကန်တော့ခြင်းကို မပြုမူ၍ သေ သည်ရှိသော် သေသည်၏အခြားမဲ့၌ မချွတ်မလွဲ ငရဲသို့သာ ကျရ၏ဟူလိုသည်။

[ဒုဿီလ မဟုတ်သော အလဇ္ဇီကိုလည်း သီလဝန္တအလားတူ ယူလေ။]

ဤအရာ၌ ကောဏ္ဍဓာန မထေရ်ဝတ္ထု၊ စိတ္တဟတ္ထက မထေရ်ဝတ္ထုများကို ထုတ်ဆိုအပ်၏။

**ကောဏ္ဍဓာနမထေရ်သည်. . .**

ကဿပဘုရားလက်ထက်၌ သစ်ပင်စောင့်နတ်ဖြစ်၍ အလွန်ချစ်ကြည်သော ရဟန်းနှစ်ဦးကို အလိုစမ်းခြင်းငှါ ခရီးလမ်း၌ အခင်းကြီးငယ် ကိစ္စနှင့် တောချုံတွင်းသို့ ရဟန်း တစ်ပါးဝင်လေရာ မာတုဂါမ အယောင်ဆောင်၍ ထိုရဟန်းနှင့်

http://www.dhammadownload.com



အတူတကွ ချုံမှ ထွက်လာ၏၊ ထိုရဟန်းကားမမြင် အဖော်ရဟန်း ကမြင်၍ ဒုဿီလရဟန်းဟု စွန့်ပစ်၍သွားလေ၏၊ မြို့ရွာ သို့ရောက်ကြ၍သံဃာအများနှင့် ဥပုသ်ပြုကြမည်ရှိရာ အဖော် ရဟန်းက ဒုဿီလရဟန်းနှင့် ဥပုသ်အတူမပြုလိုဟုဆို၏၊ တော အရပ်၌ချုံတွင်းမှ မာတုဂါမနှင့်အတူ ထွက်လာသည်ကို ကိုယ်တိုင်မြင်ရသော ဒိဋ္ဌမှုကို ပြန်ပြော၏၊ ထိုရဟန်းက မဟုတ်ရပါဟု ပြောသော်လည်း အယုံမရှိလေ၊ ထိုအခါ ထိုနတ် လာ၍ အရှင်ဘုရားတို့ ချစ်ကြည်မှုကို သိလို၍သာ အကျွန်ုပ်- လုပ်ကြံသော အမှုဖြစ်ပါသည်ဟု ပြောသော်လည်း မစပ်နိုင် ကြလေပြီ၊ ထိုနတ်သည် သေသည်၏အခြားမဲ့၌ ငရဲသို့ကျလေ၍ ငါတို့ဘုရားလက်ထက်၌ ကောဏ္ဍဓာန ရဟန်းဖြစ်လာ၏၊ ရဟန်းဖြစ်သည်မှစ၍ သွားလေရာနေရာ၌ မာတုဂါမ သူယောင် အမြဲပါ၍နေ၏၊ မိမိကား မမြင်ရ၊ ရဟန်း လူရှင်အများ မြင်ကြ၏၊ ရဟန္တာအဖြစ်သို့ မရောက်မချင်း ဒုဿီလရဟန်းဟူ၍ သာ၀တ္ထိ ပြည်သူ ရှင်လူအပေါင်းတို့၏ ဆဲရေးခြင်းကို ခံရ၏။

[ဝတ္ထုအကျယ်မှာ ဓမ္မပဒအဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာ တို့မှာယူလေ။]

သာသနာထမ်း ရဟန်းတော်တို့နှင့်စပ်သော ဒုဿီလ အချက်မည်သည် ပြစ်မှားလိုသော ဒေါသစိတ်နှင့် မဟုတ်၊ စုံစမ်းလိုသောစိတ်နှင့် သီလဝန္တကို ဒုဿီလထင်ရအောင်

http://www.dhammadownload.com



ပြုမူသည်ပင် သို့လောက်အပြစ်ဝိပါက် အကျိုးဆက် ကြီးကျယ်လှ၏။

**စိတ္တဟတ္ထကမထေရ်သည်. . .**

ကဿပဘုရားသာသနာ၌ ရဟန်းဖြစ်၍ မိတ်ဆွေရဟန်းတစ်ပါးနှင့်အတူနေကြရာ မိတ်ဆွေရဟန်းလူထွက်လိုသောစိတ်ရှိသည်ကိုသိ၍ ရှေးဦးစွာ မထွက်ရအောင်ပြောဆိုလေ၏၊ နောက်အခါ၌ ထိုရဟန်းလူထွက်လျှင် ထိုရဟန်း၏ သင်္ကန်းသပိတ် ပရိက္ခရာများကို ငါရလတ္တံ့ဟု ပရိက္ခရာ၌ တပ်မက်သောစိတ်ဖြစ်လာ၍ လူထွက်ဖြစ်လေအောင် စကားမျိုးကိုပြောဆိုလေ၏၊ ထိုရဟန်းလည်း လူထွက်လေ၏၊ အဖေါ်ရဟန်းသည် ငါတို့ဘုရားလက်ထက်၌ စိတ္တဟတ္ထက မထေရ်ဖြစ်လာ၏၊ ရဟန္တာမဖြစ်မီအတွင်း ထိုဝိပါကဝဋ်လိုက်၍ သာသနာ၌မွေ့လျော်စွာနေခွင့် မရမူ၍ ခုနစ်ကြိမ်တိုင်တိုင် ရဟန်းဖြစ်တုံလူဖြစ်တုံ အရှက်တကွဲ ဖောက်လဲဖောက်ပြန် ဝဋ်ခံရလေ၏။

[အကျယ်မှာ ဓမ္မပဒ အဋ္ဌကထာမှာယူလေ။]

ဤသို့ သာသနာမှ ကောင်းသောရွှေ့ခြင်းဖြင့် ရွှေ့လိုသောသူကို အလိုပြီးအောင် ချီးမွမ်းထောက်ပံ့ ပြောဆိုမိကာမျှနှင့်ပင် ငါတို့ဘုရားလက်ထက်၌ ဝဋ်ဝိပါက်လိုက်ပါ၍ သာသနာ၌ထောက်တည်ရာမရပဲ အရှက်တကွဲ ဖောက်လဲဖောက်ပြန်

http://www.dhammadownload.com



ဝင့်ခံရလေသေး၏။

ဤဝတ္ထုကို ထောက်မြော်၍ မိမိတို့၏ သားရင်းမြေးရင်းကိုပင် ဖြစ်သော်လည်း သာသနာ၌ မွေ့လျော်စွာ နေထိုင်သောရဟန်းသာမဏေများကို လူစိတ်ပါအောင် ဖြားယောင်း သွေးဆောင်ခြင်းအမှုများကို မပြုမိအောင် သတိမူသင့်လှ၏။

ဤဝတ္ထုများကို ထောက်ထား၍ သီလဝန္တရဟန်းကို စဝနာခိပ္ပါယစိတ်ဖြင့် ဒုဿီလဆိုမှု စွပ်စွဲမှုများသည် အဘယ်မျှလောက် အကျိုးရင်းအကျိုးဆက် ဝင့်ဝိပါက် ကြီးကျယ်လိမ့်မည်ဟုရှုဆင်ခြင်ရန်တစ်ချက်, ဤဘဝမှ နောက်နောက်ဘဝတို့၌ ရသေ့ရဟန်းတို့ သာသနာ သဗ္ဗညုဘုရားသာသနာများနှင့် ဘဝအဆက်ဆက်ဝေးကွာ၍ သွားရန်တစ်ချက်, ကံတစ်ပါးထောက်မ၍ ရသေ့ရဟန်းတို့ သာသနာ သဗ္ဗညုဘုရား သာသနာများ၌ ရသေ့အဖြစ် ရဟန်းအဖြစ်ကို ရပါငြားသော်လည်းကောဏ္ဍဓာနရဟန်း စိတ္တဟတ္ထက ရဟန်းတို့ကဲ့သို့ ဝင့်ဝိပါက်လိုက်ပါချက်နှင့် အရုပ်အမျိုးမျိုးပျက် အရှက်အမျိုးမျိုးကွဲ အကျိုးအမျိုးမျိုးနဲ့အောင် ဝင့်ပွဲကြီး တွေ့ကြုံရလတ္တံ့သော အချက်များကိုသတိမူသင့်လှလေသတည်း။

ဤကား ဘုရားသာသနာ၌ ဒုဿီလရဟန်း အလဇ္ဇီရဟန်း သီလဝန္တရဟန်းတို့ကို အက္ကောသာခိပ္ပါယစိတ်, စဝနာခိပ္ပါယ

http://www.dhammadownload.com



စိတ်ဖြင့် ဒုဿီလဟု ဆိုမှုဆဲရေးမှု စွပ်စွဲမှုသည် ဖရုသဝါစာ ကမ္မပထကြီးတစ်ပါးဖြစ်ကြောင်း, နိယတမိစ္ဆာဒိဋ္ဌိ နှင့်အတူ အပြစ်ကြီး ကျယ်ကြောင်း, ဝဋ်ဝိပါက် အကျိုးဆက် ကြီးကျယ် ကြောင်းများကို ပြဆိုလိုက်သော အချက်တည်း။

ပုစ္ဆာ၌ "ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန်နှစ်ပါးတွင် တစ်ပါး ပါးဖြင့် အပြစ်စကား ထိပါးပြောဆိုသောသူတို့အား" ဟူရာ၌ အပြစ်စကားပြောဆိုမှုသည်--

၁။ ပုဂ္ဂလာဓိဋ္ဌာန် ပြောနည်း,

၂။ ဓမ္မာဓိဋ္ဌာန် ပြောနည်း,

နှစ်ပါးရှိ၏။

**ပုဂ္ဂလာဓိဋ္ဌာန်ပြောနည်းသည်...**

၁။ တိုက်ရိုက်ပြောနည်း,

၂။ စောင်းပါးရိပ်ခြေ စကားဆင်၍ ပြောနည်း,

နှစ်ပါးရှိ၏။

ထိုနှစ်ပါးလုံးသည်ပင်လျှင် ထိပါးလိုသောစိတ်နှင့် ပြော ဆိုလျှင် အပြစ်မလွတ်၊ သူတစ်ပါးပက္ခကို ရှုတ်ချလိုသော စိတ်, မိမိပက္ခကို ပလွှားလိုသောစိတ်နှင့် ပြောဆိုခြင်းငှာ မသင့်၊ နှစ်ပက္ခ၏အကျိုးကို လိုလားသော သုဒ္ဓစိတ်ဖြင့် ပြောဆို နိုင်ပါမှုကား-

http://www.dhammadownload.com



ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ၊
အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ။

ဟူ၍ဟောတော်မူသော ပါဠိတော်နှင့်ညီပါ၏၊ ကောင်းပါ၏။

## ဓမ္မာဓိဋ္ဌာန် ပြောနည်းမှာလည်း---

ဓမ္မကို သက်သက် ရှေးရှု၍ပြောဆိုရမည်၊ ဓမ္မကို သက်သက် ရှေးရှု၍ ပြောဆိုပုံကို ပြည့်စုံစွာ ပြဆိုအံ့၊ သမ္မပ္ပဓာန် လေးပါးပေါ်အောင် ပြောဆိုရမည်။

## သမ္မပ္ပဓာန်လေးပါးဆိုသည်ကား---

၁။ မိမိသန္တာန်၌ မဖြစ်သေးသော အကုသိုလ်ဓမ္မကို မဖြစ်လာရအောင် အားထုတ်ခြင်းတစ်ပါး,
၂။ မိမိသန္တာန်၌ ဖြစ်ဘူးသော အကုသိုလ်ဓမ္မကို ပယ်ရအောင် အားထုတ်ခြင်းတစ်ပါး,
၃။ မိမိသန္တာန်၌ မဖြစ်ဘူးသေးသော ကုသိုလ်ဓမ္မကို ဖြစ်စေရအောင် အားထုတ်ခြင်းတစ်ပါး,
၄။ မိမိသန္တာန်၌ ဖြစ်ဘူးသော ကုသိုလ်ဓမ္မကို ပွါးစေရအောင် အားထုတ်ခြင်းတစ်ပါး,

ဤကား သမ္မပ္ပဓာန်လေးပါးတည်း။

[အကုသိုလ်အဖို့၌ နှစ်ပါး၊ ကုသိုလ်အဖို့၌ နှစ်ပါး။]

http://www.dhammadownload.com



အနာဂတ် အကုသိုလ်သည် မိမိသန္တာန်၌ မဖြစ်သေးသော အကုသိုလ်မည်၏၊ အတိတ်အကုသိုလ် ပစ္စုပ္ပန် အကုသိုလ်စုသည် မိမိသန္တာန်၌ ဖြစ်ပြီးဖြစ်ဆဲသော အကုသိုလ်မည်၏။

ဒုစ္စရိုက်-ဆယ်ပါးတို့တွင် မာတုဃာတကကံ ပိတုဃာတကကံ အစရှိသော ပါဏာတိပါတကံတစ်မျိုးကို ကွက်ခြား၍ ပြဆိုရာ၏၊ တစ်ယောက်သော သတ္တဝါအား အနမတဂ္ဂဘဝစုတွင် တရားကိုသိသောဘဝကား အလွန်နည်းပါး၏၊ မသိသော ဘဝသာ အလွန်များပြား၏၊ ပါဏာတိပါတမှုမည်သည် တရားကို မသိသော တစ်ခုတစ်ခုသော ဘဝမှာပင် အသင်္ချေ အသင်္ချေ မရေတွက်နိုင်အောင်ဖြစ်နိုင်၏။

ထို့ကြောင့် တစ်ယောက်သော သူ၏သန္တာန်မှာ အဝီစိသို့ ချနိုင်သော ပါဏာတိပါတကံဟောင်း သိန်းသောင်း ကုဋေမက ရှိနေ၏၊ ထိုအတူ သဃ်ာဋ္ဌငရဲကြီး၌ ချနိုင်သော ပါဏာတိပါတကံဟောင်း သိန်းသောင်းကုဋေမက ရှိနေ၏၊ စသည်ဖြင့် သိလေ။

ယခုဘဝ၌ ငယ်စဉ်အခါကစ၍ ဖြစ်နေသော ပါဏာ-တိပါတ ကံစုကား ထင်ရှားပြီ၊ အချို့သောသူ၌ ဖြစ်ပြီး ကံဟောင်းစုသာ ရှိ၏၊ အချို့သောသူ၌ ဖြစ်ပြီးဖြစ်ဆဲ နှစ်ပါးပင်ရှိ၏။

[ဤကား ဥပ္ပန္နကံစုတည်း။]

http://www.dhammadownload.com



အကြင်မျှလောက် မိမိသန္တာန်၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ နှစ်ပါးသည် ရှိနေ၏၊ ထိုမျှလောက်သော ဘဝအဆက်ဆက် ကာလပတ်လုံး မာတုဃာတက ပိတုဃာတက အစရှိသော ပါဏာတိပါတကံမျိုးသည် ဖြစ်လိမ့်အုံးမည် မုချတည်း၊ ငါ၌ ဘယ်ကံတစ်စုကား ဖြစ်ခွင့်ငြိမ်းပြီဟု ဆိုရန်တစ်ခုမျှ မရှိသေးလေ။

ယနေ့ မဖြစ်သေးသော်လည်း နောက်နောက်နေ့ နောက် နောက်လ နောက်နောက်နှစ် နောက်နောက်ဘဝတို့၌ ဧကန်မုချ ဖြစ်လတ္တံ့၊ အမိကိုလည်း ငါသတ်လတ္တံ့၊ အဖကိုလည်း ငါ သတ်လတ္တံ့၊ ရဟန္တာကိုလည်း ငါသတ်လတ္တံ့၊ ကြွင်းသော သတ္တဝါ တို့ကိုကား ဆိုဖွယ်မရှိ။

[ဤကား အနုပ္ပန္နကံစုတည်း။]

[ကြွင်းသော ဒုစ္စရိုက်ကိုးပါးတို့ကိုလည်း ဤပါဏာတိပါတ ကံနည်း သိလေ။]

အကုသိုလ်၌ အဖို့နှစ်ပါးဖြစ်၏၊ ထိုအဖို့နှစ်ပါးတို့၏ ခေါင်းစီးခေါင်းခံကား သက္ကာယဒိဋ္ဌိပေတည်း၊ သက္ကာယဒိဋ္ဌိ ဆိုသည်ကား မိမိခန္ဓာကိုယ်ကို ငါငါဟုထင်မြင်စွဲမြဲမှုတည်း၊ ထိုငါ ငါဟုစိတ်ထဲတွင် ထင်မြင်စွဲမြဲမှု တင်းလင်းရှိနေသမျှ ဘဝ သံသရာကာလပတ်လုံး ပြဆိုခဲ့ပြီးသော ဥပ္ပန္န အနုပ္ပန္န ဒုစ္စရိုက်ဓမ္မ တို့သည် အဏုမြူမျှ ယုတ်လျော့ခြင်း မရှိကုန်။

http://www.dhammadownload.com



အကြင်အခါ၌ ငါငါဟုစွဲလမ်းမှု ချုပ်ပျောက်၏၊ ထိုအခါ၌ ထိုဒုစ္စရိုက်အနန္တတို့သည်လည်း အကုန်လုံး ချုပ်ပျောက်ကုန်၏၊ ထို့ကြောင့် ငါငါဟုထင်မြင်စွဲလမ်းမှုကို ဒုစ္စရိုက်ကံ အနန္တတို့၏ ခေါင်းစီးခေါင်းခံဆိုပေသတည်း။

မိမိကို အဝီစိငရဲသို့ချရန် မိမိစိတ်သန္တာန်မှာ ယခုပါရှိ၍ နေသော အတိတ်ဒုစ္စရိုက်ကံဟောင်း အသင်္ချေအနန္တတို့ကို ဘုရားသာသနာတွင်း၌ ကြုံကြိုက်သောအခါမှ အကုန်ပျောက်ငြိမ်းအောင် ပြုနိုင်သော အခွင့်ရှိသည်၊ နောက်နောက်နေ့ နောက်နောက်လ နောက်နောက်နှစ် နောက်နောက်ဘဝ အဆက်ဆက်တို့၌ မချွတ်ပြုလတ္တံ့သော ဒုစ္စရိုက်သစ် အနန္တတို့ကိုလည်း ဘုရားသာသနာတွင်း၌ ကြုံကြိုက်သောအခါမှ တစ်ခါတည်း မျိုးပြတ်၍ ငွေ့ရုံမျှ နောင်မငွေ့လာရအောင် ပြုနိုင်သော အခွင့်ရှိသည်။

ထိုသို့ပြုနိုင်သော အပေါက်အလမ်း ကွယ်ပျောက်၍ သွားသည်ကို သာသနာကွယ်သည် ခေါ်သည်၊ မိမိသည်လည်း ယခုနေ့သေ၍ သာသနာမရှိရာဘဝသို့ရောက်၍ သွားလျှင် မိမိမှာယခုနေ့ပင် သာသနာကွယ်လတ္တံ့။

ဤသို့ အခွင့်အလမ်းတို့ကို မြော်မြင်ကြောက်လန့်သဖြင့် မသေမီနေ့ရက်အတွင်း မိမိနှလုံးထဲမှာ အမြဲပါရှိ၍နေသော

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိနှင့်တကွ ထိုဒုစ္စရိုက်နှစ်ပက္ခတို့ကို အကုန်ပယ်သတ်ခြင်းငှာ သမထဝိပဿနာတရား အားထုတ်မှုကို ကုသိုလ်နှစ်ဖို့၌ သမ္မပ္ပဓာန်တရားနှစ်ပါး ဆိုသတည်း။

ကုသိုလ်၌ အဖို့နှစ်ပါးဆိုသည်ကား ဥပ္ပန္နအဖို့ အနုပ္ပန္နအဖို့ နှစ်ပါးပင်တည်း။

[ဤကုသိုလ်အရာ၌ကား ဥပ္ပန္န အနုပ္ပန္နနှစ်ပါးလုံးကိုပင် ယခုဘဝအတွင်း၌ ယူလေ။]

ပိဋကတ်သုံးပုံကို အကျဉ်းချုပ်၍ အဆီထုတ် ယူသည်ရှိသော် -

၁။ အဓိသီလသိက္ခာ တစ်ပါး၊

၂။ အဓိစိတ္တသိက္ခာတစ်ပါး။

၃။ အဓိပညာသိက္ခာတစ်ပါး

ဟူ၍ သိက္ခာသုံးပါး ရ၏၊ သီလ သမာဓိ ပညာ သုံးပါး ဆိုလိုသည်။

သမာဓိဆိုသည်ကား ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးကို ဆိုသည်။

ပညာဆိုသည်ကား ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ သုံးပါးကိုဆိုသည်။

သီလ သမာဓိ ပညာ အချုပ်သုံးပါးတို့တွင် ယခုအခါ၌ သီလသည်သာ ဥပ္ပန္နဖြစ်ကြ၏၊ စောင့်ကြထိန်းကြ၏၊ သမာဓိ

http://www.dhammadownload.com



ပညာနှစ်ပါးသည် အနုပ္ပန္နဖြစ်၏၊ ဗုဒ္ဓါနုဿတိ ကာယဂတာသတိ စသော သမာဓိမှုကို ပြုလုပ်ကြသော်လည်း ကုသိုလ်ဖြစ်ရုံမျှ အတုအပသာ ဖြစ်ကြသည်၊ ဥပစာရသမာဓိအနေမျှပင် မဖြစ်နိုင်ကြ၊ ထို့ကြောင့် သမာဓိကို အနုပ္ပန္နဆိုသည်။

အနိစ္စ ဒုက္ခ အနတ္တကို ပုတီးစိပ်ကြ နှုတ်ဆိုသွင်းကြသော်လည်း ကုသိုလ်ဖြစ်ရုံမျှ အတုအပသာဖြစ်ကြသည်၊ ပုဂ္ဂလသညာ သတ္တသညာ အတ္တသညာများကို တွန်းခွါ၍ နာမ်ရုပ်သို့ အဟုတ်ပေါက်အောင် ထင်မြင်သော ဝိပဿနာ ပညာအစစ် မဖြစ်နိုင်ကြ၊ ထို့ကြောင့် ပညာကို အနုပ္ပန္နဆိုသည်။

ဥပ္ပန္နဖြစ်သော သီလသည်လည်း တဒင်္ဂသီလ အနေမျှသာ ဖြစ်ကြသည်၊ သမုစ္ဆေဒအနေသို့ မရောက်စေနိုင်ကြ။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်တစ်ခုကို ဥပမာနှင့် တကွ ပြဆိုအံ့၊ ထိုသိက္ခာပုဒ်သည်-

၁။ တဒင်္ဂကိစ္စ၊

၂။ သမုစ္ဆေဒကိစ္စ၊

ဟူ၍ နှစ်ပါးရှိ၏။

**ထိုနှစ်ပါးတို့၏ အထူးကား. . .**

တဒင်္ဂကိစ္စမှာ ညည့်အခါ မိုးမှောင်ကြီးအတွင်း၌ဖြစ်သော လျှပ်စစ်ရောင်ကဲ့သို့ ခဏခဏဖြစ်၍ ခဏခဏ ပျောက်ဆုံး၏၊

http://www.dhammadownload.com



ရှေးလွန်လေပြီးသောအနမတဂ္ဂသံသရာ၌ ငါတို့၏သန္တာန်မှာ ထိုပါဏာတိပါတ သိက္ခာပုဒ်ဖြစ်ခဲ့လှကြပြီ၊ သီလဝန္တ လုပ်ခဲ့လှကြပြီ၊ လဇ္ဇီ သူတော်ကောင်းလုပ်ခဲ့လှကြပြီ၊ လုပ်ခဲ့ကြသော်လည်း အပေါ်ရံ အာဂန္တု တဒင် တစ်နပ်စာမျှတွေ ဖြစ်ခဲ့၍ ယခုနေ့ သီလဝန္တ လဇ္ဇီသူတော်ကောင်း နောက်သို့ကျလျှင် အလဇ္ဇီဒုဿီလသူယုတ်မာ, ယခုလ ယခုနှစ် သီလဝန္တ လဇ္ဇီသူတော်ကောင်း, နောက်လ နောက်နှစ်၌ အလဇ္ဇီဒုဿီလသူယုတ်မာ ယခုဘဝ သီလဝန္တ လဇ္ဇီ သူတော်ကောင်း နောက်ဘဝ၌ အလဇ္ဇီ ဒုဿီလ သူယုတ်မာ တံငါ မုဆိုး သူခိုးဓားပြ ဤသို့ဖြစ်၍ လာခဲ့ကြ၏။

ယခုဘဝ၌ မြေလျှိုးမိုးပျံ့ ဈာန်ရ အဘိညာဉ်ရ တိုင်းကျော်ပြည်ကျော် သူတော်ကောင်းကြီး နောက်နောက်ဘဝ၌ ဓားပြသူခိုး မုဆိုးတံငါ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်ဘုံသား ဤသို့ဖြစ်၍ လာခဲ့ကြသည်။

ယခုဘဝ ဘုရားသာသနာနှင့် တွေ့ကြုံကြသော အခါမှာလည်း အခါအခွင့်ကို မသိကြမူ၍ ထိုတဒင်သီလ တစ်နပ်စာ သီလနှင့်ပင် အားရပြီးစီးကြပြန်သည်ရှိသော် နောက်နောက်ဘဝ၌ ဓားပြသူခိုး မုဆိုးတံငါ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်ဘုံသားဖြစ်၍ နစ်မြဲမျောမြဲ တလဲလဲပင် ရှိကြချေမည်။

http://www.dhammadownload.com



ဤတဒင်္ဂသီလမျိုးသည် ဘုရားသာသနာရှိသောအခါ၌ သော်လည်းကောင်း မရှိသော့အခါ၌သော်လည်းကောင်း ကမ္ဘာနှင့်မြေစာ ဆိုဘိသကဲ့သို့ ကမ္ဘာရှိလျှင် တဒင်္ဂသီလရှိ တော့သည်၊ ဘုရားပွင့်ရာ မဟုတ်သော စကြဝဠာအနန္တမှာလည်း ရှိတော့သည်၊ ထိုကမ္ဘာ ထိုစကြဝဠာတို့၌ လူရှိကြ၏၊ နတ်ရှိကြ၏၊ ဗြဟ္မာရှိကြ၏၊ ထိုလူထိုနတ် ထိုဗြဟ္မာတို့သည် တဒင်္ဂသီလရှိကြ၍ လူအဖြစ် နတ်အဖြစ်သို့ ရောက်ကြကုန်သည်။

ထို့ကြောင့် ထိုတဒင်္ဂသီလမျိုးမည်သည် မြတ်စွာဘုရား၏ သာသနာတော်အစစ်မဟုတ်၊ သမုစ္ဆေဒသီလသည်သာလျှင် မြတ်စွာဘုရားတို့၏ သာသနာတော်အစစ်ဖြစ်ကြောင်းကို သိအပ်သည်။

ဥပမာကား. . .

ဝိဇ္ဇာမယပညာမျိုးကို အစိုးရသော ဝိဇ္ဇာမိုရ် ယောကျ်ား မည်သည် လောက၌အလွန်တွေ့ရခဲ၏၊ တွေ့ကြုံ၍ လိမ္မာလျှင် လောက၌ မတွေ့ဘူး မကြုံဘူးရသော ဝိဇ္ဇာမယဆေးဝါးပညာ အာယုသိဒ္ဓိ ခနေသိဒ္ဓိမျိုးကို ရတတ်၏၊ မလိမ္မာသူတစ်ယောက်သည် ထိုကဲ့သို့သော ဝိဇ္ဇာမိုရ်ကိုတွေ့၍ သင်ဘာကို အလိုရှိသနည်းဟု မေးပေရာ ဇာတိဝင် ဆေးနည်းကို အလိုရှိပါသည်ဟု ဆိုလေ၏၊ ဇာတိဝင်ဆေးနည်းကို ပေး၍ သွားလေ၏၊ လောက၌ ဘယ်အခါ

http://www.dhammadownload.com



မဆို အိမ်တိုင်းမှာရှိကြသော ဇာတိဝဂ်ဆေးနည်းတစ်ခု ရလိုက်၏ ဆိုဘိသကဲ့သို့လည်းကောင်း။

တောင်သူလူမိုက်တစ်ဦးသည် သိကြားမင်းကိုတွေ့၍ သင်ဘာကို အလိုရှိသလဲ ငါသိကြားမင်းဖြစ်သည် အလိုရှိရာကို ပေးမည်ဆိုပေရာ တစ်ချက်နှစ်ချက်ခတ်လျှင် မီးရသော မီးခတ်ကောင်းကောင်း အလိုရှိပါသည်ဆို၏၊ သူအလိုရှိရာကို ပေး၍ သွားလေ၏၊ ဘယ်အခါမဆို လူတိုင်းမှာရှိကြသော မီးခတ်ငယ်တစ်ခု ရလိုက်၏ ဆိုဘိသကဲ့သို့လည်းကောင်း။

အင်းဝမင်းတစ်ယောက်သည် အောင်ပင်လယ်အရပ်သို့ တောကစားထွက်လေရာ ကောင်းကင်မှ ကျရောက်လာသော ဝိဇ္ဇာဓိုရ်နှင့်တွေ့ရာ သင်မင်းကြီး ဘာကိုအလိုရှိသလဲ မေးပေရာ နတ်သမီးနှင့်တွေ့ရသောဆေးကို အလိုရှိပါသည်ဆို၍ ထိုကဲ့သို့သော ဆေးကိုပေး၍ သွားလေ၏၊ ထိုဆေး၏အစွမ်းဖြင့် တစ်ကြိမ်တစ်ခါမျှတွေ့ရ၏၊ တစ်ကြိမ်တွေ့သည့်နောက် စိတ်ဖောက်ပြန်၍ နန်းကကျ၏၊ အရှုးအဖတ်တင်၏ ဆိုဘိသကဲ့သို့လည်းကောင်း။

အလွန်တွေ့ကြုံခဲလှသော သဗ္ဗညုဘုရားသာသနာနှင့် တွေ့ကြုံရသောအခါမှာပင် ကမ္ဘာတိုင်း စကြဝဠာတိုင်းမှာ မြေဇာမြက်ကဲ့သို့ ရှိနေသော ထိုတဒင်္ဂသီလမျှနှင့် အားရပြည့်စုံ၍

http://www.dhammadownload.com



နေကြကုန်သောသူတို့သည် ထိုဥပမာများနှင့် အလားတူ ကုန်၏။
[ဤကား တဒင်္ဂသီလ၏ အခြင်းအရာတည်း။]

သမုစ္ဆေဒသီလဆိုသည်ကား. . .

မဂ်အဖြစ်သို့ရောက်အောင် ကြီးပွါးသောသီလတည်း၊ အကြင်အခါ၌ မဂ်ကိစ္စအဖြစ်သို့ရောက်အောင် ကြီးပွားး၏၊ ထိုအခါမှစ၍ ထိုပါဏာတိပါတာ ဝေရမဏီသိက္ခာပုဒ်သည် ထိုပုဂ္ဂိုလ်သန္တာန်မှာ အစဉ်ထာဝရ အမြဲတည်လေ၏၊ အပါယ် တံခါးအပြီးပိတ်၏၊ ထိုပုဂ္ဂိုလ်သည် ဘဝအဆက်ဆက်တို့၌ အလဇ္ဇီအဖြစ် ဒုဿီလအဖြစ်သို့ မပြန်ပြီ၊ ဘဝအဆက်ဆက် ထာဝရလဇ္ဇီ ထာဝရသီလဝန္တ ဇာတိလဇ္ဇီ ဇာတိသီလဝန္တ ဖြစ် လေ၏၊ ဒမြဲသူခိုး မုဆိုးတံငါ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် အဖြစ်သို့ ပြန်နစ်ခြင်း မရှိပြီ။

[ဤကား သမုစ္ဆေဒ၏အခြင်းအရာတည်း။]

ဤသမုစ္ဆေဒသီလသည်ကား ဘုရားပွင့်သောအခါမှ ပေါ်၏၊ သဗ္ဗညုဘုရားတို့၏ သာသနာအစစ်ဖြစ်၏၊ ဘုရား သာသနာအစစ်ဖြစ်၍ ဘုရားသာသနာတော်တွင်း၌ လူအဖြစ် ရှင်အဖြစ် ရဟန်းအဖြစ်ကို ရကြသောသူတို့မှာ ဤသမုစ္ဆေဒသီလ ကိုသာ အားကျရာ၏၊ ကမ္ဘာ့တန်ဆာ တစ်နပ်စာ တဒင်္ဂမျှနှင့် အားရ၍မနေရာ၊ အဘယ်ကြောင့်နည်းဟူမူ ကုဋေကိုးထောင်

http://www.dhammadownload.com



ကျော် အရေအတွက်ရှိသော ပါတိမောက္ခသံဝရသီလကြီးပင် ဖြစ်သော်လည်း သမုစ္ဆေဒအဖြစ်သို့ ရောက်အောင် မကြီးပွါးပဲ တဒင်္ဂအဖြစ်မျှ၌ တည်နေခဲ့သည်ရှိသော် ယခု သီလဝန္တ လဇ္ဇီ သူတော်ကောင်း, နောက်နေ့ နောက်လ နောက်နောက်ဘဝ၌ ဒမြသူခိုး မုဆိုးတံငါ အပါယ်ဘုံသား ဖြစ်ကြစမြဲ အများနဲ့ အတိုင်းပင် ရှိသေးသောကြောင့်တည်း။

ထိုကြောင့် ယခုဘဝ မိမိသန္တာန်၌ ဆောက်တည်စောင့် ထိန်းကြသဖြင့် ဥပ္ပန္နဖြစ်၍နေသော ထိုပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်တော်ကို တဒင်္ဂ တစ်နပ်စာအနေမျှနှင့် မပြီးကြစေကုန် မူ၍ အလဇ္ဇီ ဒုဿီလ အမျိုးအရိုးက ကျွတ်လွတ်၍ ဇာတိလဇ္ဇီ ဇာတိသီလဝန္တ- အမျိုးအရိုးသို့ ရောက်ကြရန် သမုစ္ဆေဒသိက္ခာ ပုဒ်အဖြစ်သို့တိုင်ရောက် ကြီးပွါးအောင် အားထုတ်ကြကုန်ရာ သည်။

ယခုစောင့်ထိန်း၍နေကြသော အဒိန္နာဒါနာဝေရာမဏီ အစရှိသော ဂဟဋ္ဌသီလသိက္ခာပုဒ်တော်စု, ကုဋေကိုးထောင် ကျော်မျှသော ဥပသမ္ပန္နသီလ သိက္ခာပုဒ်တော်စုတို့၌လည်း ပြဆိုခဲ့ပြီးသော ပါဏာတိပါတာ ဝေရမဏီသိက္ခာပုဒ်တစ်ခု၌ကဲ့သို့ တဒင်္ဂစခန်း သမုစ္ဆေဒစခန်း နှစ်ပါးနှစ်ပါးစီ ရှိကြသည်ကို သိ အပ်၏။

[ကုသိုလ်၌ ဥပ္ပန္နအဖို့ကို ပြဆိုခန်းပြီး၏။]

http://www.dhammadownload.com



ယခုကာလ၌ ဖြစ်မြောက်အောင် မလုပ်နိုင်ကြ၍ အနုပ္ပန္နဟုဆိုအပ်သော သမာဓိပညာနှစ်ရပ်၌. . .

သတ္တဝါတို့၏ စိတ်သန္တာန်မှာ အစဉ်ထာဝရ သောင်းကျန်း၍နေသော နီဝရဏတရားငါးပါးသည်ရှိ၏၊ သာသနာတော်တွင်း၌ လူကောင်း ရှင်ကောင်း ရဟန်းကောင်းအဖြစ်ကိုရကြ၍ တရားတော်များကို အဖန်ဖန် တွေ့မြင် ကြားနာ ကြရသဖြင့် အနိစ္စ ဒုက္ခ အနတ္တ ထင်မှုမြင်မှု ပွါးများမှုသည် အကောင်းဆုံး အမြတ်ဆုံး လိုရင်းအချုပ်ဟု သိကြ ယုံကြည်ကြ၏၊ ဓမ္မကထိကပုဂ္ဂိုလ်တို့လည်း ထိုတရားသုံးပါးကို အထွတ်အထိပ်ထား၍ ဟောရိုးပြောရိုးအစဉ်ရှိသည်အတိုင်း ဟောကြပြောကြ၏၊ သို့သော်လည်း စိတ်သန္တာန်တွင် အစဉ်ထာဝရ သောင်းကျန်း၍နေသော ထိုနီဝရဏတရား ငါးပါးတို့ကို နှိမ်နင်းခြင်းငှာ မတတ်နိုင်ကြသည်ဖြစ်၍ မိမိတို့စိတ်ကို အနိစ္စရှိရာ ဒုက္ခရှိရာ အနတ္တရှိရာသို့ ဦးလှည့်အောင် ပဲ့ပြင်၍ မရကြသဖြင့် ဓမ္မကထိက ပုဂ္ဂိုလ်တို့သည်ပင် ထိုအနိစ္စ ဒုက္ခ အနတ္တ ဘာဝနာများနှင့် ကွာဝေးလျက်နေကြကုန်၏။

[ထိုနီဝရဏတရား ငါးပါးကို သမာဓိအလုပ်နှင့် နှင်ထုတ်နှိမ်နင်း ပယ်ရှင်း၍ ပစ်နိုင်မှ အနိစ္စ ဒုက္ခ အနတ္တ ရှိရာသို့ စိတ်ဦးလှည့်အောင် ပဲ့ပြင်နိုင်လေသတည်း။]

http://www.dhammadownload.com



ထို့ကြောင့်---

* စိတ်သန္တာန်၌ အစဉ်ထာဝရ သောင်းကျန်း၍ နေသော ထိုနီဝရဏတရားတို့ကို နှိမ်နင်းခြင်းငှာ ကသိုဏ်းအသုဘ အနုဿတိ အာရုံတို့တွင် ထင်နိုးရာတစ်ခုခုသော အာရုံ၌ အထင်အမြင်ရ၍ ငြိမ်သက်ခွင့်ရအောင် ပွါးများ အားထုတ်မှုကို သမာဓိဆိုသည်။

* ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သိမ်းဆည်း၍ လက္ခဏာရေးထင်မြင်အောင် ပွါးများအားထုတ်မှုကို ပညာဆိုသည်။

ထိုသမာဓိနှစ်ပါးသည်လည်း ဘုရားသာသနာရှိခိုက်၌သာ ရှိလေသည်၊ ထိုသမာဓိ ပညာနှစ်ပါးကို ပွါးများမှုသည်ကား ခပ်သိမ်းသောဒုစ္စရိုက်တရားတို့၏ ခေါင်းစီး ခေါင်းခံဖြစ်သော ငါငါ ငါငါ ဟု တစာစာ တဖွဖွ ပြောဆို၍ နေကြသော သက္ကာယ ဒိဋ္ဌိကို သတ်မှုပေတည်း၊ အဝိဇ္ဇာ တဏှာတို့ကို သတ်မှုပေတည်း။

မိမိတို့ စိတ်သန္တာန်၌ ဤသက္ကာယဒိဋ္ဌိ ရှိနေသမျှသည် အလဇ္ဇီအမျိုးအရိုး ဒုဿီလအမျိုးအရိုးမှ မလွတ်၊ လဇ္ဇီသီလဝန္တ ဖြစ်ကြသော်လည်း တဒင်္ဂ တစ်ခဏသာ ဖြစ်နိုင်ကြသည်၊ ဇာတိလဇ္ဇီ ဇာတိသီလဝန္တ မဖြစ်နိုင်ကြ၊ ယခုဘဝ သီလဝန္တ နောက်ဘဝ အမိကိုလည်း သတ်လတ္တံ့, အဘကိုလည်း သတ်

http://www.dhammadownload.com



လတ္တံ့၊ ရဟန္တာကိုလည်း သတ်လတ္တံ့၊ မိစ္ဆာဒိဋ္ဌိကိုလည်း ယူလတ္တံ့၊ အလဇ္ဇီတလဲလဲ ဒုဿီလတလဲလဲ ဖြစ်မြဲလမ်းရိုးသို့သာ သက်လတ္တံ့၊ အဘယ်ကြောင့်နည်းဟူမူ စိတ်သန္တာန်၌ ထိုသို့ဖြစ်ရန် တရားစု အလုံးစုံ အကုန်အစင် ထင်ရှားရှိနေသောကြောင့်တည်း၊ ထိုကြောင့် ထိုသို့သော အလဇ္ဇီအမျိုးအရိုး ဒုဿီလအမျိုးအရိုးမှ ကျွတ်လွတ်၍ ဇာတိလဇ္ဇီမျိုး ဇာတိသီလဝန္တမျိုးအဖြစ်သို့ ရောက်ကြရန် ယခုဘဝ မိမိသန္တာန်၌ မဖြစ်ကြဘူးသေးသော ထိုသမာဓိကုသိုလ် ပညာကုသိုလ်တရားများကို ဘုရားသာသနာတော်နှင့် တွေ့ကြုံခိုက် အားစိုက်ကြကုန်ရာသည်။

[ဤကား အနုပ္ပန္နကုသိုလ် အဖို့တည်း။]

[ဤတွင် သမ္မပ္ပဓာန် လေးပါး၏ အချက်အရာကို လူသာမန်တို့ပင် မြင်နိုင်သိနိုင်ရန် ဝေဖန်ခြားနား၍ ပြဆိုခန်းပြီး၏။]

--------*--------

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့အား ဓမ္မာဓိဋ္ဌာန်စကားဖြင့် ထိပါးပြောဆိုသောသူသည် ဤသမ္မပ္ပဓာန်အချက် အနက် လေးပါးပေါ်အောင်ပြောဆိုရမည်။

ပြောပုံကား . . .

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်ကိုမြင်ခဲ့သော်လည်းကောင်း၊ ကြားခဲ့သော်လည်းကောင်း ထိုပုဂ္ဂိုလ်၌ ဖြစ်ပွားသော အလဇ္ဇီဓမ္မ

http://www.dhammadownload.com



ဒုဿီလဓမ္မကို မြင်ရမည်၊ အဋ္ဌကထာတို့၌ ပြဆိုသောအတိုင်း ထိုဓမ္မကိုသာ ဓမ္မာဓိဋ္ဌာန်အားဖြင့် ထိပါးပြောဆိုရမည်၊ ပုဂ္ဂိုလ်ကို မထိပါးစေနှင့်။

**ဓမ္မကိုထိပါးပုံကား. . .**

လောဘတရားမည်သည် အရှက်မရှိစွ, စက်ဆုပ်ဖွယ်ရှိစွ, ယုတ်မာစွ, ညစ်ညမ်းစွ, ကြမ်းတမ်းစွ, ဆိုးဝါးစွ,မှောက်မှားစွ, ဤလောက၌လည်း ရှက်ဖွယ်ကောင်းစွ, နောက်ဘဝ၌လည်း အပါယ်သို့ ပစ်ချလတ္တံ့. စသည်ဖြင့် မြင်နိုင်သမျှ အပြစ်ကို ထိုအလဇ္ဇီဓမ္မ ဒုဿီလဓမ္မအပေါ်၌ တင်၍ထိပါး ပြောဆိုရမည်။

၁။ ထိုသို့ ပြောဆိုပြီးနောက် မိမိသန္တာန်သို့ ရောက်စေရမည်၊ ငါ၌လည်းအပါယ်သို့ ပစ်ချရန်ရှေးရှေးဘဝ အနန္တတို့၌ ပြုခဲ့သော ဒုစ္စရိတ အလဇ္ဇီဓမ္မ ဒုဿီလဓမ္မတို့သည် အသချေမက ယခုလိုက်ပါလျက် ရှိနေချေ၏၊ ယခုလို တဒင်္ဂကုသိုလ်မျှနှင့် အားရ၍ ငါနေချေလျှင် ထိုဒုစ္စရိတ အလဇ္ဇီဓမ္မ ဒုဿီလဓမ္မတို့ အတွက် ငါ၌ အပါယ်ဝန်လေးလှ ချေသေး၏ဟု ဥပ္ပန္နအကုသိုလ် အဖို့ကိုလည်း ဆင်ခြင်မိစေရမည်။

၂။ ထိုသူမှာလည်း လောဘ ဒေါသ မောဟ တိုက်တွန်းသည့်အတွက်ကြောင့် ထိုအလဇ္ဇီဓမ္မအမှု ဒုဿီလအမှုကို ပြုရှာရသည်၊ လောဘ ဒေါသ မောဟတို့နှင့်တကွ သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com



ဟူသော ဒုစ္စရိုက်အိုးကြီး ဒုစ္စရိုက်မျိုးကြီး အလဇ္ဇီအိုးကြီး အလဇ္ဇီမျိုးကြီး ဒုဿီလအိုးကြီး ဒုဿီလမျိုးကြီး ရှိနေသည့်အတွက်ကြောင့် ထိုအလဇ္ဇီမှု ဒုဿီလမှုကို ပြုရှာရသည်၊ လောဘ ဒေါသ မောဟ သက္ကာယဒိဋ္ဌိတို့အတတ် ဖြစ်ချေသည်၊ ငါ၌လည်း ထိုတရားတို့သည် ရင်နှင့်အပြည့် ဝမ်းနှင့်အပြည့် ရှိချေကုန်၏၊ ငါလည်း ဒုစ္စရိုက်အိုး အလဇ္ဇီအမျိုးအရိုး ဒုဿီလအမျိုးအရိုး ထဲကပင်ဖြစ်ချေသည်၊ ယခုလို တဒင်္ဂကုသိုလ်နှင့် အားရ၍ ငါနေချေလျှင် ငါ့ရင်တွင်း ငါ့ဝမ်းတွင်းရှိ သက္ကာယဒိဋ္ဌိ ဒုစ္စရိုက်အိုးကြီး အခိုးတံခွန် ထွက်သဖြင့် နက်ဖြန်သဘက် နောက်ရက် နောက်လ နောက်နောက်ဘဝတို့၌ အလဇ္ဇီဒုဿီလ တလဲလဲ ဖြစ်မြဲဖြစ်ပြန်ရလတ္တံ့၊ အမိကိုလည်း ငါသတ်လတ္တံ့၊ အဘကိုလည်း ငါသတ်လတ္တံ့ဟု အနုပ္ပန္နအကုသိုလ်အဖို့ကိုလည်း ဆင်ခြင်မိစေရမည်။

၃။ ထိုသူသည် ရှေ့အဘို့၌ သီလဝန္တဖြစ်ဖူးပါလျက် ယခုဒုဿီလဖြစ်ပြန်ရသည်ကား သီလဝန္တ ဖြစ်စဉ်အခါ တဒင်္ဂ တစ်ခဏ တစ်နပ်စာ သီလမျှနှင့်နေခဲ့၍ ထိုသီလကို သမုစ္ဆေဒ စခန်းသို့တိုင်ရောက်အောင် ပွားများမှုကို မပြုခဲ့သည့်အတွက်ကြောင့် မျက်လှည့်သည် တဒင်္ဂတစ်နပ်စာသီလ ကွယ်ပျောက်ပြန်၍ ဒုဿီလ ဖြစ်ရှာရပြန်သည်၊ ယခု ငါစောင့်ထိန်း၍ နေသော သီလစုသည်လည်း မယုံသာရ စိတ်မချရ တဒင်္ဂစခန်းမှာပင်

http://www.dhammadownload.com



ရှိချေသေးသည်၊ ယခုလို တဒင်္ဂကုသိုလ်မျှနှင့် အားရ၍ငါနေချေလျှင် မျက်လှည့်သည် တဒင်္ဂ ငါ့သီလသည် သည်နေ့လား နက်ဖြန်လား နောက်ရက် နောက်လ နောက်ဘဝလား လွင့်ပါးကွယ်ဆုံးချေဦးမည်, သမုစ္ဆေဒစခန်းသို့ ဆိုက်ရောက်ကြီးပွားအောင် ငါအားထုတ်ဦးမှ သင့်ချေမည်ဟု ဥပ္ပန္နကုသိုလ်အဖို့ကိုလည်း ဆင်ခြင်မိစေရမည်။

၄။ ထိုသူသည် သီလဝန္တ ဖြစ်စဉ်အခါ သီလနှင့် တင်းတိမ်၍ သမာဓိပညာများကို အားမထုတ်ခဲ့သည့်အတွက် သက္ကာယဒိဋ္ဌိ ဒုစ္စရိုက်အိုးကြီး အပြီးရှိနေ၍ တဖန်ဒုဿီလ အဖြစ်သို့ နစ်ပြန်လေသည်၊ ငါသည်လည်း တဒင်္ဂသီလနှင့် တင်းတိမ်၍ သမာဓိပညာများကို အားမထုတ်ခဲ့လျှင် သက္ကာယဒိဋ္ဌိ ဒုစ္စရိုက်အိုးကြီး ရှိမြဲရှိနေသည့်အတွက် နက်ဖြန်လား သဘက်လား နောက်ရက် နောက်လ နောက်နောက်ဘဝလား ထိုသူကဲ့သို့ ဒုဿီလအဖြစ်သို့ ရောက်ရချေဦးမည်ဟု အနုပ္ပန္နကုသိုလ်အဖို့ကိုလည်း ဆင်ခြင်မိစေရမည်။

[ဤသို့ ဆင်ခြင်ပါမှကား ထိုအခါ၌ သမ္မပ္ပဓာန်တရား လေးပါးကို တစ်စိတ်အားဖြင့် ပွားများနေသည်မည်၏။]

ယခုကဲ့သို့ ပုထုဇ္ဇန်အဖြစ်၏ ကြီးကျယ်လှစွာသော ဘေးဘယအစု ဖြစ်သည်ကို မြင်သဖြင့် ကြီးစွာသော သတိသံဝေဂ တရား တည်လိမ့်မည်၊ ဘာဝနာတရားများကို အားထုတ်မှု၌

http://www.dhammadownload.com



ညွတ်သောစိတ် ဖြစ်လာလိမ့်မည်၊ သူတစ်ပါး၌ရှိသော အပြစ် ဒေါသ အာဃာတကို တွေ့မြင် ကြားသိရသောအခါ၌ ထိုအပြစ် ဒေါသ အာဃာတကို မိမိကိုယ်သို့ ဆောင်သဖြင့် မိမိကိုယ်မှာ ရှိနေသော အပြစ်ဒေါသ အာဃာတမျိုးစု အကုန်ပေါ်လာ၍ မိမိကိုယ်အတွက် ကြီးစွာသော သံဝေဂတရား ဖြစ်ပွားမှုသည်ကား ဘုရားအလောင်း အစရှိသော ပညာရှိတို့၏ လမ်းကြောင်း ပေတည်း။

**ထိုစကားမှန်၏. . .**

ဘုရားအလောင်းတော်ကြီးတို့သည် ပစ္ဆိမဘဝ၌ သူအို သူနာ သူသေတို့ကို မြင်ကြရာ သူတစ်ပါးတို့၌ဖြစ်သော အိုမှု နာမှု သေမှု အပြစ်ဒေါသ အာဃာတတို့ကို မိမိကိုယ်သို့ဆောင်၍ ငါ၌လည်း ထိုသူလို အိုခြင်းတရားရှိချေသည်, နာခြင်းတရား ရှိချေသည်, သေခြင်းတရား ရှိချေသည်, ငါလည်း ထိုသူတို့လို အိုမျိုး အိုရိုးဖြစ်ချေသည်, နာမျိုး နာရိုး ဖြစ်ချေသည်, သေမျိုး သေရိုးဖြစ်ချေသည်ဟု ကြီးစွာသော သံဝေဂ ဖြစ်တော်မူကြ၍ တောထွက်တော်မူကြကုန်သည်။

ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး ဖြစ်သော ရှင်ရေဝတကို ခုနစ်နှစ်အရွယ် သူငယ်ဖြစ်စဉ်အခါ၌ မိဘဆွေမျိုးတို့က ရဟန်း ပြုမည်ကို စိုးရိမ်ကြ၍ ယရာဝါသ ဖွဲ့နှောင်မှုကို ပြုကြရာ မင်္ဂလာ

http://www.dhammadownload.com



လက်ဖွဲ့ပွဲ၌ အသက်ကြီးသူတို့ကို ကန်တော့စေသောအခါ ဤသူငယ်သည် အဘိုးအို အဖွားအိုတို့ကဲ့သို့ အသက်ရာကျော် ရှည်ပါစေသောဟု ဆုပေးမြဲ ထုံးစံရှိသည့်အတိုင်း ပြုကြကုန်၏၊ ထိုအခါ သူငယ်ရေဝတသည် အဖွားအိုကြီးကို မြင်လေရာ ဆိုခဲ့ပြီးသောနည်းဖြင့် မိမိကိုယ်သို့ ဆောင်သည်ရှိသော် ကြီးစွာသော သံဝေဂကိုရ၍ တောထွက်လေ၏။

ဤသို့လျှင် သူတစ်ပါးကို မြင်လျှင် မိမိကိုယ်၌ရှိသော အပြစ်ဒေါသ အာဒီနဝတို့ကို အမှတ်ပြု၍ ထိတ်လန့်ခြင်း သံဝေဂကိုဖြစ်စေရခြင်းသည် ပညာရှိတို့၏ လမ်းရိုးယမ်းစဉ် ဖြစ်သတည်း။

[ဤကား အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို မြင်ရကြားရသော အခါ ဓမ္မာဓိဋ္ဌာန်အားဖြင့် ထိပါးပြောဆိုခြင်းကို အရင်းပြု၍ သမ္မပ္ပဓာန်တရား ဖြစ်ပွားသောနည်းလမ်းကို ပြဆိုသော အချက်တည်း။]

## ဓမ္မာဓိဋ္ဌာန်တစ်နည်းမှာ. . .

ထိုပုဂ္ဂိုလ်ကိုပင် ထုတ်ဖော်၍ ပြောသော်လည်း အဋ္ဌကထာ၌လာသောအတိုင်း စင်ကြယ်သော ဓမ္မသံဝေဂ စိတ်ဖြင့် ထိတ်ဖွယ် လန့်ဖွယ်အနေနှင့် ပြောဆိုခြင်းသည်လည်း ဓမ္မာဓိဋ္ဌာန် တစ်မျိုးပင်တည်း။

http://www.dhammadownload.com



မစင်လူးလဲ မစင်တုံးကို စားခဲကိုင်ဆော့၍နေသော သားငယ်ကို မွေးသမိခင်မြင်လျှင် ရင်ဘတ်ကိုခတ်တီး၍ ဟူးရီး ဟူးရား ပြေးသွားကောက်ယူ၍ မစင်ကိုသာ စက်ဆုပ်ငြူစူ စင်ဖြူ အောင်ဆေးလျှော်သုတ်ပစ် သားချစ်ကို ပိုက်ပွေ့ နမ်းရှုံ့လေ သည်၊ မစင်လူးလဲ မစင်တုံးကိုစားခဲ တစ်ကိုယ်လုံး အတွင်း အပြင်စွဲ၍ သိမ်းဆဲကောက်ယူဘို့ရာ မကောင်းသော်လည်း သားကို ချစ်ခင်ကြင်နာခြင်းမပျက် သားပါမပစ်လိုက်ရက်ဘဲ သား၌လူးလဲနေသော မစင်ကိုသာ ရွံရှာစက်ဆုပ် ခြစ်ခြုပ်ဆေး လျှော်၍ပစ်လေသည်။

ထိုနည်းတူစွာ တံငါမုဆိုး သူခိုးဒမြ ဆိုးဝါးယုတ်မာလှသော လူကိုဖြစ်စေ, မတရားမှုကို များစွာပြုကျင့်နေသော ရဟန်း သာမဏေကိုဖြစ်စေ, မြင်ရလေလျှင် ငါတို့မျိုးနွယ် မိတ်ဆွေကို အဓမ္မတည်းဟူသော မစင်တွေလူးလဲ အဓမ္မပစ္စည်း တည်းဟူ သော မစင်တုံး မစင်ခဲတို့ကို စားခဲ၍နေရှာပါသည်တကားဟု ပုဂ္ဂိုလ်ကို သနားချစ်ခင်ကြင်နာ အဓမ္မ အလဇ္ဇီ အမှုကိုသာ အပြစ်ရှာ၍ စွမ်းနိုင်ပါလျှင် စင်ကြယ်အောင် သုတ်သင်ပြော ဟောဆုံးမ, မစွမ်းနိုင်လျှင် မစင်တွင်းမှာ ကျွံနစ်၍သေသော သားကိုသနားလျက်ပင် လျစ်လျူရှုရသောအမိကဲ့သို့ ထိုပြော ဟောဆုံးမ သုတ်သင်၍ ရနိုင်ဖွယ်မရှိသော အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်ကို အာရုံမပြု လျစ်လျူရှု၍သော်လည်းကောင်း၊ နှလုံးမသာ

http://www.dhammadownload.com



ဝိပ္ပဋိသာရ ဒေါမနဿ အာဃာတ စိတ်ဆိုး ရန်ငြိုးမထား ပါပ ဂရဟီအားဖြင့် အဓမ္မအလဇ္ဇီ ဒုဿီလအမှုများကိုသာ ထိပါးပြစ် တင်၍သော်လည်းကောင်း ပြောဆိုခြင်း နှလုံးသွင်းခြင်းသည် လည်း မိမိကိုယ်မှာ မကောင်းမှုအပြစ် ကင်းစင်သော ဓမ္မာဓိဋ္ဌာန် မျိုးပေတည်း။

[ဤသို့စသောအားဖြင့် ဓမ္မာဓိဋ္ဌာန် ပြောဆိုနည်းကား များပြားလှပါပေ၏။]

ဆဋ္ဌမပုစ္ဆာအဖြေပြီး၏။

-----*-----

http://www.dhammadownload.com



## သတ္တမ ပုစ္ဆာအဖြေ

၇။ အလဇ္ဇီပုဂ္ဂိုလ်သည် သံသရာဘေးကိုကြောက်၍ မမွှသံဝေဂရသဖြင့် လဇ္ဇီသူတော်ကောင်းအဖြစ်သို့ ရောက်လိုသောအခါ မည်ကဲ့သို့သော အမှုအရာဖြင့် လဇ္ဇီသူတော်ကောင်း ဖြစ်နိုင်မည်အကြောင်းကို လည်း သိလိုပါသည်။

ဟူသော သတ္တမပုစ္ဆာ၌-

လဇ္ဇီသည်--

၁။ တဒင်္ဂလဇ္ဇီ,

၂။ ဇာတိလဇ္ဇီ,

ဟူ၍နှစ်ပါးရှိသည်၊ အလဇ္ဇီ၏ လဇ္ဇီအဖြစ်သို့ ရောက်ခြင်း သည်လည်း-

၁။ တဒင်္ဂအားဖြင့်ရောက်ခြင်း,

၂။ သမုစ္ဆေဒအားဖြင့်ရောက်ခြင်း,

ဟူ၍နှစ်ပါးရှိသည်။

[ထိုနှစ်ပါးတွင် တဒင်္ဂအားဖြင့် လဇ္ဇီအဖြစ်သို့ရောက်ခြင်းကို ပထမပုစ္ဆာအဖြေမှာ ပြဆိုခဲ့ပြီ။ သမုစ္ဆေဒအားဖြင့် လဇ္ဇီအဖြစ်သို့ ရောက်ခြင်းကို ဆဋ္ဌမပုစ္ဆာအဖြေမှာ ပြဆိုခဲ့ပြီ။]

## ဝိနိစ်ရောဝတီ

http://www.dhammadownload.com



လို ရင်းကား. . .

* တဒင်္ဂအားဖြင့် လဇ္ဇီအဖြစ်သို့ ရောက်ခြင်းမှာ စိတ္တက္ခဏနှင့်စပ်၏၊ ပညတ်တော်ကို သိသော စိတ်နှင့် သိက္ခာပုဒ်တော်ကို လွန်ကျူးဆဲအခါ၌ အလဇ္ဇီဖြစ်၏၊ ထိုအာပတ်ကို ဆေးကြော သုတ်သင်လိုသော လဇ္ဇီဓမ္မစိတ် ဖြစ်လာသောအခါ လဇ္ဇီဖြစ်၏။

* သမုစ္ဆေဒအားဖြင့် လဇ္ဇီအဖြစ်သို့ ပြောင်းခြင်းမှာ ငါငါဟူသော သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်ဖြတ်မှ ဇာတိလဇ္ဇီအဖြစ်သို့ ရောက်သည်။

ဤပုစ္ဆာ၌ လဇ္ဇီသူတော်ကောင်းဟူသော စကား၌လည်း လဇ္ဇီမှာ ကာယဒွါရ ဝစီဒွါရ ဤနှစ်ဒွါရ စင်ကြယ်လျှင် လဇ္ဇီဖြစ်၏၊ သူတော်ကောင်းမှာ မနောဒွါရစင်ကြယ်မှ သူတော်ကောင်း ဖြစ်နိုင်သည်၊ လဇ္ဇီဖြစ်ကာမျှနှင့် သူတော်ကောင်း မဟုတ်သေး။

[ဤအချက်ကိုလည်း လက္ခဏာအသီးသီးနှင့်တကွ ဒုတိယပုစ္ဆာ တတိယပုစ္ဆာအဖြေမှာပြဆိုခဲ့ပြီ။]

လို ရင်းကား. . .

“မနောဒွါရေ အာပတ္တိနာမ နတ္ထိ”ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဝိနည်းပညတ်တော်မည်သည် အလွန်ရုန့်ရင်းလှသော

http://www.dhammadownload.com



ကာယကံမှု ဝစီကံမှုတို့၌သာ ပညတ်သောအရာ ဖြစ်သည်၊ မနောကံမှုကို ပညတ်သောအရာမရှိ။

ထိုကြောင့် ဝိနည်းကိုသာသိ၍ ဝိနည်းကိုသာ အလေးဂရုပြုသောသူသည် ကာယကံ ဝစီကံစင်ကြယ်၏၊ လဇ္ဇီဖြစ်၏၊ ဝိနည်းပညတ်တော်မှ အလွတ်ဖြစ်သော ပါပဓမ္မ ဒုစ္စရိတဓမ္မမျိုးကား အလွန်များသေး၏၊ "ကတည္ဍု ကတဝေဒီ မိရော" အစရှိသည်ဖြင့် ရှေး၌ပြဆိုခဲ့ပြီးသော သုတ္တန်အလာ သူတော်ကောင်း လက္ခဏာနှင့်ပြည့်စုံမှ သူတော်ကောင်းဖြစ်သည်။

သတ္တမပုစ္ဆာအဖြေ ပြီး၏။

-----o-----

http://www.dhammadownload.com



## အဌမပုစ္ဆာအဖြေ

[ဝိနည်းသက်သက်ကို မေးသော ဒွါဒသမပုစ္ဆာ တေရသမ ပုစ္ဆာများကို ဤနေရာ၌ သွင်း၍ဖြေဆိုအံ့။]

၁။ ဂဟဋ္ဌဖြစ်သူ လူတို့၏ ဝိနည်းကျမ်းဂန်များကို သင်ကြားခြင်းသည် "ဝိနိယောစ သုသိက္ခိတော" ဟောတော်မူသော ဒေသနာတော်နှင့် ညီ,မညီများကို အကျိုးအပြစ် ဝတ္ထုသက်သေ နှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌-

"ဝိနယောစ သုသိက္ခိတော"ဟူသော မင်္ဂလာ ဒေသနာတော်၏ အဓိပ္ပါယ်ကား ဂဟဋ္ဌဖြစ်သောလူသည် သပ္ပုရိသအင်္ဂါ, သပ္ပုရိသလက္ခဏာနှင့် ကောင်းစွာပြည့်စုံ၍ လူသူတော်ကောင်းအဖြစ်၌ တည်ခြင်းငှာ လူတို့ကျင့်အပ်သော အာဂါရိယ ဝိနည်းတရားကို ကောင်းစွာကျင့်အပ်၏၊ ရဟန်းဖြစ်သောသူသည် လဇ္ဇီအင်္ဂါ သီလဝန္တအင်္ဂါ သပ္ပုရိသအင်္ဂါ လက္ခဏာတို့နှင့် ကောင်းစွာပြည့်စုံ၍ လဇ္ဇီသီလဝန္တသပ္ပုရိသ ရဟန်းကောင်းအဖြစ်၌ တည်ခြင်းငှာ ရဟန်းတို့ကျင့်အပ်သော အနာဂါရိယ ဝိနည်းတရားကို ကောင်းစွာကျင့်အပ်၏။

http://www.dhammadownload.com



ဤသို့လူဖြစ်သူ ရဟန်းဖြစ်သူတို့၏ အသီးသီး မိမိတို့ ဆိုင်ရာဆိုင်ရာ ဝိနည်းတရားတို့ကို အကျိုးအပေါက် အပြောက် အကြား အငြိအစွန်း အညစ်အနွမ်း မရှိစေရ၊ ကောင်းစွာကျင့်ကြ ခြင်းသည် ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များရာများကြောင်း ကောင်းမြတ်သော မင်္ဂလာကြီးတစ်ပါးဖြစ် သည်ဟု ဆိုလိုသည်။

[ရဟန်းတို့ ဝိနည်းကျမ်းဂန်များကို လူတို့သင်ကြားခြင်းကို ဆိုလိုရင်းမဟုတ်ပေ။]

ထိုကြောင့်သုတ္တနိပါတ်အဋ္ဌကထာ၌...

ဝိနယောနာမ အာဂါရိယဝိနယောစ အနာဂါရိယ ဝိနယောစ။ တတ္ထ အာဂါရိယ ဝိနယောနာမ ဒသ အကုသလကမ္မပထဝိရမဏံ၊ သော တတ္ထ အသံ-ကိလေသာပဇ္ဇနေနစ အာစာရဂုဏဝတ္ထနေနစ သုသိက္ခိတော ဟောတိ။

အနာဂါရိယဝိနယောနာမ သတ္တာပတ္တိက္ခန္ဓေ အနာပဇ္ဇနံ၊ သော ပိ ဝုတ္တနယေနေဝ သုသိက္ခိတော စတုပါရိသုဒ္ဓိသီလံ ဝါ ဝိနယော။ သော ယထာ တတ္ထ ပတိဋ္ဌာယ အရဟတ္တံ ပါပုဏာတိ။ ဧဝံ သိက္ခန္တေန သုသိက္ခိတော။

ဟူ၍ "ဝိနယောစ သုသိက္ခိတော"မင်္ဂလာအဖွင့်မှာ ဆိုပေသည်။

http://www.dhammadownload.com



ဝိနယောနာမ=ဝိနည်းမည်သည်ကား၊ အာဂါရိယဝိနယော=ဂဟဋ္ဌဖြစ်သူ အိမ်နေလူတို့၏ဝိနည်းလည်းတစ်ပါး၊ အနာဂါရိယဝိနယော=အိမ်၏အစီးအပွားနှင့်မစပ်သော ရဟန်းတော်မြတ်တို့၏ ဝိနည်းလည်းတစ်ပါး၊ တတ္ထ=ထိုနှစ်ပါးတို့တွင်၊ အာဂါရိယ ဝိနယောနာမ=ဂဟဋ္ဌဖြစ်သူ အိမ်နေလူတို့၏ ဝိနည်းမည်သည်ကား၊ ဒသအကုသလ ကမ္မပထဝိရမဏံ= ဒုစ္စရိုက်ဆယ်ပါးဟုဆိုအပ်သော အကုသိုလ် ကမ္မပထတရားဆယ်ပါးတို့မှ ရှောင်ကြဉ်ခြင်းပေတည်း၊ သော=ထိုအာဂါရိယဝိနည်းကို၊ တတ္ထ=ထိုဒုစ္စရိုက်ဆယ်ပါးဟု ဆိုအပ်သော အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့မှ ရှောင်ကြဉ်ခြင်းအမှု၌၊ အသံကိလေသာပဇ္ဇနေနစ=ညစ်နွမ်းခြင်းသို့ မရောက်သောအားဖြင့်လည်းကောင်း၊ အာစာရဂုဏဝတ္တနေနစ=အာစာရဂုဏ်၌ ကောင်းစွာတည်သောအားဖြင့်လည်းကောင်း၊ သုသိက္ခိတော= ကောင်းစွာ ကျင့်အပ်၏။

အနာဂါရိယ ဝိနယောနာမ=ရဟန်းတော်မြတ်တို့၏ ဝိနည်းမည်သည်ကား၊ သတ္တာပတ္တိက္ခန္ဓေ=ဝိနည်းပညတ် အာပတ်ခုနစ်ပုံတို့ကို၊ အနာပဇ္ဇနံ=မလွန်ကျူးခြင်းပေတည်း၊ သောပိ= ထိုအနာဂါရိယ ဝိနည်းကိုလည်း၊ ဝုတ္တနယေနေဝ= မညစ်မနွမ်းစေခြင်း အာစာရဂုဏ်၌ ကောင်းစွာတည်ခြင်းတည်းဟူသော ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ သုသိက္ခိတော=ကောင်းစွာ

http://www.dhammadownload.com



ကျင့်အပ်၏၊ ဝါ-တစ်နည်းကား၊ စတုပါရိသုဒ္ဓိသီလံ-စတုပါရိ သုဒ္ဓိသီလသည်၊ ဝိနယော-ဝိနည်းမည်၏၊ သော-ထိုစတုပါရိ သုဒ္ဓိသီလ ဟုဆိုအပ်သောဝိနည်းကို၊ တတ္ထ-ထိုဝိနည်း၌၊ ပတိဋ္ဌာယ-တည်၍၊ ယထာ-အကြင်အခြင်းအရာအားဖြင့်၊ သိက္ခန္တော-ကျင့်သည်ရှိသော်၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပါပုဏာတိ-ရောက်၏၊ ဧဝံတထာ-ထိုအရဟတ္တဖိုလ်သို့ ယခု ဘဝ၌ ဆိုက်ရောက်လောက်အောင်သော အခြင်းအရာအားဖြင့်၊ သိက္ခန္တေန-ကျင့်သဖြင့်၊ သုသိက္ခိတော-ကောင်းစွာကျင့်အပ်၏။

ဤသို့လာသော အဋ္ဌကထာကိုထောက်၍ လူရဟန်း တို့အား အသီးအသီး မိမိတို့ဆိုင်ရာ ဝိနည်းကို ကောင်းစွာ ကျင့်ကြသည်ကိုသာလျှင် "ဝိနယောစ သုသိက္ခိတော"ဆိုသည်၊ ရဟန်းတို့၏ ဝိနည်းကျမ်းကို လူတို့သင်ကြားသည်ကို ဆိုလိုရင် မဟုတ်၊ "သုသိက္ခိတော"ဟူသောပုဒ်မှာလည်း"ကောင်းစွာ သင်ကြားအပ်၏"ဟူသော အနက်ကို ဆိုလိုရင်းမဟုတ်၊ "ကောင်း စွာကျင့်အပ်၏"ဟူသော အနက်ကိုသာ ဆိုလိုရင်းတည်း၊ "ကောင်း စွာကျင့်အပ်၏" ဆိုသဖြင့်"ကောင်းစွာသင်ကြားအပ်၏" ဟူသော အနက်သည် အလိုလိုပြီးစီး၏။

[ကောင်းစွာ မကျင့်ပဲ သင်ကြားကာမတ္တနှင့် သုသိက္ခိတ မဖြစ်ပေ။]

ဤမင်္ဂလာ၌လူတို့မှာ အကုသလ ကမ္မပထတရား ဆယ်ပါး ကို ရှောင်ကြဉ်၍ ကုသလကမ္မပထတရား ဆယ်ပါး၌ ကောင်းစွာ

http://www.dhammadownload.com



ကျင့်ခြင်းကို ဆိုသတည်း။ ကောင်းစွာကျင့်ခြင်း အရကိုလည်း "တတ္ထ အသံကိလေသာပဋ္ဋနေန အာစာရဂုဏ ဝတ္တနေန" ဟု နှစ်ချက်ပြဆိုပေ၏၊ ထိုနှစ်ချက်တို့တွင် "တတ္ထ အသံကိလေသာ-ပဋ္ဋနေန" ပုဒ်၏ အဓိပ္ပါယ်ကို ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မြတ်ကိုမှီ၍ သိအပ်၏။

ဟောတော်မူသော ဒေသနာတော်ကား...

အတ္တနာစ ပါဏာတိပါတီ ဟောတိ။ ပရေစ တတ္ထ သမာဒပေတိ။ ပါဏာတိပါတဿ စ ဝဏ္ဏဝါဒီ ဟောတိ၊ တတ္ထစ သမနုညော ဟောတိ။

[ပါဏာတိပါတ သိက္ခာပုဒ်ပျက်မှု ညစ်နွမ်းမှုလေးပါး။]

အတ္တနာစ=မိမိသည်လည်း၊ ပါဏာတိပါတီ=သူ့အသက်ကိုသတ်ခြင်းအမှုရှိသည်၊ ဟောတိ=ဖြစ်၏၊ ပရေစ=သူတစ်ပါးတို့ကိုလည်း၊ တတ္ထ=ထိုပါဏာတိပါတမှု၌၊ သမာဒပေတိ=စေခိုင်းတိုက်တွန်း ပြဋ္ဌွန်းနိုးဆော်၏၊ ပါဏာတိပါတဿစ=ပါဏာတိ-ပါတမှု၏လည်း၊ ဝဏ္ဏဝါဒီ=ကျေးဇူးကိုပြောဆိုခြင်းရှိသည်၊ ဟောတိ=ဖြစ်၏၊ တတ္ထစ=ထိုပါဏာတိပါတမှု၌လည်း၊ သမနုညော=ဆန္ဒသဘော ရောနှော၍ကြည်ဖြူ သဘောတူသည်၊ ဟောတိ=ဖြစ်၏။

[ထိုလေးပါးတွင် ရှေ့နှစ်ပါးထင်ရှားပြီ။]

---၀---

မိခင်ရောဝတီ

http://www.dhammadownload.com



## "ဝဏ္ဏဝါဒီ"ဆိုသည်ကား...

တံငါလုပ်၍ ဘယ်သူ ပစ္စည်းဥစ္စာချမ်းသာသည်, ဝက်မွေး၍ ဘယ်သူ ပစ္စည်းဥစ္စာချမ်းသာသည်, အစရှိသည်ဖြင့် ချီးမွမ်းခြင်းတည်း၊ ထိုသို့ ချီးမွမ်းပြောဆိုခြင်းသည် ထိုသိက္ခာပုဒ် ပျက်ခြင်း ညစ်နွမ်းခြင်း နှစ်ပါးနှင့်ဆိုင်၏၊ မိမိချီးမွမ်းသံကို ကြားရသူတို့သည် တံငါအလုပ် ဝက်သည်အလုပ်ကို လုပ်ကြလိမ့်မည်ဟု ရည်သန်၍ ချီးမွမ်းရာ၌ ထိုသူတို့လုပ်ဖြစ်ကြလတ္တံ့၊ ဖြစ်ခဲ့လျှင် ချီးမွမ်းသူမှာ ပါဏာတိပါတ ကမ္မပထမြောက်၏၊ သိက္ခာပုဒ်ပျက်၏၊ မရည်မသန်မူ၍ သာမညချီးမွမ်းခဲ့လျှင် ထိုသူတို့လုပ်ဖြစ်ကြသည်ဖြစ်စေ, မလုပ်ဖြစ်ကြသည်ဖြစ်စေ, သိက္ခာပုဒ် ညစ်နွမ်းမှုသာဖြစ်၏၊ ရည်သန်ရာ၌လည်း ထိုသူတို့ မလုပ်ဖြစ်ကြလျှင် ချီးမွမ်းသူမှာ သိက္ခာပုဒ် ညစ်နွမ်းရုံသာရှိ၏။

## "တတ္ထ စ သမနုညော"ဆိုသည်ကား...

မည်သည့်သူခိုး မည်သည့်ဒမြကို အစိုးရဖမ်း၍ စက်တင်ပြီးကြားလျှင် အားရနှစ်လိုရှိခြင်း, မည်သည့်တောမှာရှိသော ဆင်ဆိုးကို ကျားဆိုးကို မည်သည့်လမ်းအနီး၌ရှိနေသော မြွေဆိုးကို ကင်းဆိုးကို မည်သူသတ်လေပြီ ကြား၍ အားရဝမ်းသာရှိခြင်း, မိမိရန်သူ မိမိမုန်းသောသူ မည်သည့်အနာရောဂါနှင့် သေရှာပြီဆိုလျှင် နှစ်လိုခြင်း, အယုတ်ဆုံးအားဖြင့် မိမိကိုနှိပ်

http://www.dhammadownload.com



စက်သော မှက် ခြင် သန်း ကြမ်းပိုး သေဆုံးကွယ်ပျောက်မှုကို နှစ်လိုခြင်းစသည်များသည် သမနုည မည်၏၊ သိက္ခာပုဒ်ညှိုး နွမ်း၏၊ ထိုအတူ အမဲသားငါး ကြိုက်တတ်သောသူတို့သည် သတ်မှုသေမှုနှင့် အသားမွန်မြတ်သော ရေသတ္တဝါ ကုန်းသတ္တဝါ ဟင်းလျာစကား သားငါးစကားကို ကြားသိရလျှင် ဝမ်းမြောက် တတ်ကုန်၏၊ သမနုညပင်တည်း။

လှူလိုဒါန်းလို၍ ဝမ်းမြောက်ပါသည်ဆိုငြားအံ့၊ ဆင်ခြင် ဖွယ် ရှိသေး၏၊ သုမင်္ဂလ ဒုမင်္ဂလမှုတို့၌ သားငါးကိုသတ်၍ ကျွေးမွေးရာတို့၌ ဝမ်းမြောက်ဝမ်းသာ စားသောက်မှုတို့၌လည်း ဆင်ခြင်လေ၊ သုမင်္ဂလ ဒုမင်္ဂလ ကိစ္စရှိသောအခါ ကျွေးမှု မွေးမှု တို့၌ နွားသား ကျွဲသား ဝက်သား ကြက်သား ငါးဟင်း အမဲဟင်း မပါလျှင် ရပ်ရွာကလည်း မချီးမွမ်း, ဆွမ်းကျွေးသောအခါ ရဟန်းတော်ဆရာတော်တို့ကလည်း မကြည်သာကြ၊ သို့အမှု ကိုမြော်၍ သင့်လျော်ရာသူကို ပရိယာယ်အနက်ဖြင့် နှုတ်ဆက် လက်တို့၍ ပြီးစေကြကုန်၏၊ မည်သည့်သူ အလှူပေးလိမ့် မည်ဆိုလျှင် ဟင်းလျာ သွင်းလိုသူတို့က ဟင်းလျာကောင်း အသင့်နှင့် မြော်လင့်၍နေ၏၊ အလှူ၌ဝေယျာဝစ္စသမားတို့က အလှူ့တကာစိတ်ကို သိအောင်ပြု၍ တီးတီးတိုးတိုး လက်တို့ခြေ တို့နှင့် ပြီးစေကြကုန်၏။

http://www.dhammadownload.com



ပါဏာတိပါတ သိက္ခာပုဒ်၌ ပရိယာယ်မရဟု အဋ္ဌကထာတို့၌ ဆိုသောကြောင့် ထိုအလှူတကာ ဝေယျာဝစ္စ သမားတို့၌လည်း သိက္ခာပုဒ် ပျက်ခြင်း၊ သိက္ခာပုဒ်ညစ်နွမ်းခြင်း ပါဏာ-တိပါတ ကမ္မပထအင်္ဂါ ပြီးစွန်းခြင်းတို့၌ လျဉ်းပါးဖွယ် အားကြီးလှချေ၏၊ အလှူရှင် ဝေယျာဝစ္စသမားတို့၌ ပါဏာတိပါတ ကမ္မပထတရား ပြီးစွန်းခဲ့လျှင် ရဟန်းတော်တို့အား ဥဒ္ဒိဿကတ မံသဖြစ်၍ ဒိဋ္ဌ သုတ ပရိသင်္ကိတဟူသော တိကောဋိပရိသုဒ္ဓ မရှိခဲ့လျှင် အလှူမဏ္ဍပ်ဝင် သံဃာတော်များ မစားမသောက်ကောင်းလေပြီ၊ တိကောဋိပရိသုဒ္ဓ မရှိပဲခံ၍ စားသောက် ဘုဉ်းပေးမိချေလျှင် "ပဋိဂ္ဂဟဏေ အဇ္ဈောဟာရေစ အာပတ္တိ"ဖြစ်ဖွယ်ရာ ရှိချေ၏။

[ကုသိုလ်ပြုစဉ်အခါ၌ ကဏှသုက္က အဖြူအနက် ရောယှက်သော ကုသိုလ်မှာ နောင်အကျိုးပေးသောအခါ၌ အဖြူအနက် ရောယှက်၍ ပေးတတ်သည်။]

ရောယှက်ပုံကား. . .

ထိုကုသိုလ်အကျိုးပေးသောဘဝ၌ နေသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဣဿရိယသမ္ပတ္တိတို့ကို ပေး၏၊ ထိုသမ္ပတ္တိ အတွက်ကြောင့်ပင် မင်းဘေးနှင့် သေရတတ်၏၊ ခိုးသူ ဒမြဘေးနှင့် သေရတတ်၏၊ မီးဘေးနှင့် သေရတတ်၏၊ ရေဘေးနှင့် သေရတတ်၏၊ အနာဆိုးရောဂါဆိုးဘေးနှင့် သေရတတ်၏၊ အနာ

http://www.dhammadownload.com



ရောဂါများတတ်၏၊ ကုသိုလ်ပြုစဉ်အခါ၌ ထိုသို့ ကဏှသုက္က ရောယှက်မှုသည် နောင် ဤကုသိုလ် အကျိုးပေးသောဘဝတို့၌ ကြီးစွာသော ဘေးဘယနှင့် သေဆုံးလို၍ ကုသိုလ်ထဲမှာ ဓါးလက်နက် အပြီးထည့်လိုက် သည်နှင့်တူ၏။

[ဤကား ပါဏာတိပါတ ဒုစ္စရိုတ၏ နယ်နိမိတ်လေးချက်ကို ပြဆိုသော စကားရပ်တည်း။]

ဤနယ်နိမိတ်လေးချက်တွင် တစ်ချက်ချက်နှင့် ငြိစွန်း လျှင်ပင် အမှုအားလျော်စွာ သိက္ခာပုဒ်ပျက်မှု ညှိုးနွမ်းမှုရှိပြီ၊ "ဝိနယောစ သုသိက္ခိတော"ဟူသော မင်္ဂလာပျက်ပြီ။

ထိုကြောင့် အဋ္ဌကထာ၌...

"တတ္ထ အသံကိလေသာ မဋ္ဋနေန သုသိက္ခိတော"ဟု ဖွင့်ဆိုပေသည်။

ဤနည်းအတူ...

အဒိန္နာဒါန်ဒုစ္စရိုက်မှု၌ နယ်နိမိတ်လေးချက်,
ကာမေသုမိစ္ဆာစာရဒုစ္စရိုက်၌ နယ်နိမိတ်လေးချက်,
မုသာဝါဒဒုစ္စရိုက်၌ နယ်နိမိတ်လေးချက်,
ပိသုဏာဝါစာဒုစ္စရိုက်၌ နယ်နိမိတ်လေးချက်,
ဖရုသဝါစာဒုစ္စရိုက်၌ နယ်နိမိတ်လေးချက်,
သမ္ဖပ္ပလာပ ဒုစ္စရိုက်၌ နယ်နိမိတ်လေးချက်,

http://www.dhammadownload.com



ဗျာပါဒ ဒုစရိုက်၌ နယ်နိမိတ်လေးချက်,
အဘိဇ္ဈာဒုစရိုက်၌ နယ်နိမိတ်လေးချက်,
မိစ္ဆာဒိဋ္ဌိဒုစရိုက်၌ နယ်နိမိတ်လေးချက်,
တို့ကိုလည်း အကျယ်ဝိတ္ထာရ ဟောတော်မူသည်။ ဒုစရိုက်လေးဆယ်ခေါ်သည်။

ဤသို့ ဟောတော်မူသောအတိုင်း ဒုစရိုက်ဆယ်ပါးတို့ကို နယ်နိမိတ်နှင့်တကွ ကင်းလွတ်အောင် ရှောင်ကြဉ်သော သူသာလျှင်"ဝိနယောစ သုသိက္ခိတော"မင်္ဂလာတည်၍ လဋ္ဌီသီလဝန္တ သပ္ပုရိသဖြစ်သတည်း၊ အာစာရဂုဏ ဝတ္တနေနသုသိက္ခိတော"ဟူသောပါဠ်ဖြင့်မူကား သိင်္ဂါလောဝါဒသုတ်ဒေသနာတော်၌လာသော ဂိဟိဝိနယ ဂဟဋ္ဌဝိနယ အာစာရတို့ကိုလည်း သင်္ဂြိုဟ်တော်မူသည်။

[ထို သိင်္ဂါလောဝါဒသုတ်ကိုပင် ဂိဟိဝိနယသုတ်လည်းခေါ်သည်။]

သားသမီးတို့မှာ မိဘတို့၌ ကျင့်ရာသော ဝတ်ငါးပါး, မိဘတို့မှာ သားသမီးတို့၌ ကျင့်ရာသော ဝတ်ငါးပါး အစရှိသည်ဖြင့် လူတို့ကျင့်ရာသော ဂိဟိဝိနည်း ဂဟဋ္ဌဝိနည်း အာဂါရိယဝိနည်းတရား များစွာအကျယ်လာသည်၊ သားသမီးဖြစ်သောသူသည် မိဘတို့၌ ပြုရာသောဝတ်ကို ကောင်းစွာပြုပေလျှင် မင်္ဂလာတည်၍ သပ္ပုရိသဖြစ်၏၊ ကောင်းစွာမပြုခဲ့လျှင် ထိုသား

http://www.dhammadownload.com



သမီးတို့ မင်္ဂလာပျက်၏၊ သပ္ပုရိသအင်္ဂါပျက်၏၊ ဤသို့သော အနက်ကို အဋ္ဌကထာဆရာဖွင့်ပြတော်မူသည်၊ ခပ်သိမ်းသော သူတို့၏ အသီးအသီး တတ်သိလိမ္မာ ကြေကုန်ရာသော အာစာရ အကျင့်ဝတ်တို့၌လည်း ဤနည်းတူသိလေ၊ ကြေကုန်သော လူကား အလွန်ရှားစွ။

[ဤကား "ဝိနယောစ သုသိက္ခိတော"ဟူသောမင်္ဂလာ၌ အာဂါရိယဝိနယကို ပြဆိုချက်တည်း။]

ဤသို့လျှင်လူတို့မှာ မိမိတို့ကျင့်ရာသော သုစရိတဝိနယ, အာစာရဝိနယတို့၌ ကောင်းစွာ ကျင့်ဆောင်မှုကို "ဝိနယောစ သုသိက္ခိတော"ဟုဟောတော်မူသည်၊ ရဟန်းတို့နှင့်သာဆိုင်သော ဝိနည်းကျမ်းဂန်များကို လူတို့သင်ကြားမှုကို ဟောတော်မူရင်း မဟုတ်ပေ။

ထိုသို့ပင် ဟောတော်မူရင်း မဟုတ်သော်လည်း ဟော တော်မူရင်းဖြစ်သော မိမိတို့၏ဆိုင်ရာ အာဂါရိယ ဝိနယမျိုးတို့၌ ကျွမ်းကျင်လိမ္မာ ကောင်းစွာတည်မှု သုသိက္ခိတ သပ္ပုရိသဖြစ်ပြီး သော ဂဟဋ္ဌဖြစ်သောသူ လူပညာရှိပုဂ္ဂိုလ်သည် ရဟန်းတို့ဆိုင်ရာ အနာဂါရိယဝိနယဖြစ်သော ဝိနည်းကျမ်းဂန်များကိုလည်း သင်ကြားခြင်းငှါ သင့်မြတ်လှသည် သာတည်း၊ အဘယ်ကြောင့် နည်းဟူမူ မိမိတို့ဆိုင်ရာ အာဂါရိယဝိနယမျိုးတို့၌ ကျွမ်းကျင် လိမ္မာကောင်းစွာတည်မှု သုသိက္ခိတ သပ္ပုရိသအစစ်ဖြစ်ပေသော

http://www.dhammadownload.com



သူမည်သည် စိတ်နှလုံး၌ ဂိဟိဝိနယ အာစာရဝိနယ သပ္ပုရိသဓမ္မ အစောင့်အချုပ် အအုပ်အထိန်းရှိပြီးသောသူဖြစ်ပေ၍ ရဟန်းတို့၏ ဝိနည်းကျမ်းဂန်ကို သင်ကြားသည့်အတွက် မိမိသန္တာန်၌ ကာယကံ ဝစီကံ မနောကံ စွန်းငြိရန်မရှိ၊ အဋ္ဌကထာတို့၌လာသော ဝိနည်းနာ ပုဏ္ဏားကဲ့သို့ သဒ္ဒါတရားသာ ပွါးများပေရာသောကြောင့်တည်း၊

ပုဏ္ဏားတစ်ယောက်သည် ရဟန်းတော်တို့ဝိနည်းကျမ်းဂန် အံကြသံကို ကြားသဖြင့် သာသနာတော်၌ သဒ္ဒါတရား ကြီးစွာဖြစ်ပွါး၍ ရဟန်းပြုဘူးသောဝတ္ထု အဋ္ဌကထာ၌လာသည်။

ထိုကဲ့သို့မိမိတို့ဆိုင်ရာ အာဂါရိယဝိနည်း သုစရိတဝိနည်း အာစာရဝိနည်းတို့၌ လုံခြုံပြည့်စုံစွာ အလိမ္မာ အသိလည်း မရှိ၊ သိသမျှကိုမှလည်း လုံခြုံစွာပြုကျင့်စောင့်ထိန်းနိုင်သော စိတ်နှလုံးလည်း မရှိသည်ဖြစ်၍ သပ္ပုရိသအတု အသပ္ပုရိသသဘော အားကြီးသောသူဖြစ်ပါမူကား ရဟန်းတို့နှင့်ဆိုင်ရာ ဝိနည်းကျမ်းဂန်ကို သင်ကြားခဲ့လျှင် ဆိုဖွယ်အပြစ် စွန်းငြိဖွယ်အပြစ်သာ မြင်ချေသည်၊ အကျိုးရှိဘွယ်ကို မမြင်မိချေ၊ အဘယ်သို့ ဆိုဘွယ်အပြစ်ရှိသနည်းဟူမူကား ဤသူသည် ဝိနည်းကျမ်းဂန်ကို သင်အံလေ့ကျက်ဘိ၏၊ လူဖြစ်သည်နှင့်အညီ 'လူစဥ်မီရန် လူရှုပ် ပြီရန် လူအချိုးအစားကျရန် လူ့အင်္ဂါလက္ခဏာနှင့်ပြည့်စုံရန် လူ့အဖြစ်စင်ကြယ်ရန် အာဂါရိယဝိနည်းမျိုးကိုမူကား တတ်သိ

http://www.dhammadownload.com



လုံခြုံပြည့်စုံစင်ကြယ်အောင် အားမထုတ်ဦးပဲ မဆီမဆိုင်ရာ အနာဂါရိယဝိနယများကို အားထုတ်ဘိသည်ဟု ဆိုရန်အပြစ်ရှိချေသည်၊ စွန်းငြိဖွယ် အပြစ်ဆိုသည်ကား ထိုသူ၏စိတ်နှလုံး၌ သပ္ပုရိသဓမ္မ အစောင့်အချုပ် အအုပ်အထိန်း အားနည်းသည် အတွက်ကြောင့် မိမိသိရှိသော ဝိနည်းအမှတ်နှင့် မညီမညွတ် ရဟန်းများကိုမြင်လျှင် မကြည်လင်သောစိတ်ဖြင့် ကဲ့ရဲ့ပြစ်တင် ဆိုမိပြောမိ စွပ်စွဲဆဲရေးမိသည်၊ ဆိုမိပြောမိစွပ်စွဲဆဲရေးမိသော အခါ အပြစ်လေးတတ်သည်။

မညီမညွတ်သောရဟန်းကို ဆိုမိစွပ်စွဲမိရာ၌ အပြစ်လေးပုံကား ထိုဆိုသောသူသည် ထိုရဟန်းမျက်နှာကိုသာ မြင်တတ်၏၊ ကျူးလွန်သောအမှုကိုသာ မြင်တတ်၏၊ ထိုရဟန်း သန္တာန်၌မူကား ပါရာဇိကမှုမရှိခဲ့လျှင် သမာဒါနမှု မပျက်သည် ဖြစ်၍ ပြဆိုခဲ့ပြီးသော ကုဋေကိုးထောင်ကျော်မျှသော သိက္ခာပုဒ် တို့သည် ကိန်းဝပ်တည်နေလျက်ရှိကြကုန်၏၊ ကျူးလွန်သော သိက္ခာပုဒ်မှာပင် သံဝရမှုသာပျက်သည်၊ သမာဒါနမှုကား မပျက်၊ တည်လျက်ပင်ရှိ၏၊ ထိုသို့တည်ရှိသော သိက္ခာပုဒ်တော်တို့၏ မျက်နှာကိုမူကား မမြင်တတ်၊ ထိုရဟန်းအတွက်နှင့် အပြစ်လေး သည်မဟုတ်၊ တည်ရှိသော သိက္ခာပုဒ်တော်တို့၏ အတွက်နှင့် အပြစ်လေးသည်။

[ရှေး၌ပြဆိုခဲ့ပြီးသော စေတီအိမ်ဥပမာကို ဤ၌လည်းဆိုအပ်၏]

http://www.dhammadownload.com



ဓာတ်တော်မွေတော် ကိန်းဝပ်သော စေတီအိမ်တွင်း ပရိဝုဏ်တွင်းမှာ အမှိုက်သရိုက် မစင်တီးပြင် ပြည့်၍နေရာ၌ စေတီအိမ်မှန်းသိလျက် အမှိုက်သရိုက် မစင်တီးပြင်တို့ကို မြင်သည့်အတွက် သဒ္ဓါပျက်၍ မြက်သောစိတ်ဖြင့် ထိုစေတီအိမ်ကို လှန်တံအုပ်ကျောက်တို့ဖြင့် ပစ်ခတ်ခြင်း, ထိုစေတီအိမ်တွင်း ပရိဝုဏ်တွင်း၌ ဖိနပ်စီးခြင်း ထီးဆောင်းခြင်းစသည်ကို ပြုခဲ့ငြားအံ့၊ အပြစ်လေးသည်သာဖြစ်၏၊ စေတီအိမ်အတွက်ကြောင့် လေးသည်မဟုတ်၊ ကိန်းဝပ်တည်နေသော မွေတော်ဓာတ်တော် ရုပ်ပွါးဆင်းတုတော်အတွက်ကြောင့် လေးလေသည်၊ ဤနည်းအတူ ထိုပုဂ္ဂိုလ်အတွက် အပြစ်လေးသည် မဟုတ်၊ တည်ရှိသော သိက္ခာပုဒ်တော်တို့အတွက် အပြစ်လေးလေသည်၊ ထိုကြောင့်စိတ်နှလုံး၌ သပ္ပုရိသဓမ္မ အဆောက်အအုံ မခိုင်လုံသောသူ...ည် ရဟန်းတို့၏ ဝိနည်းတရားကို သင်ကြားခဲ့သည်ရှိသော် ထိုသူ၌ အကျိုးကား မမြင် အပြစ်ကိုသာ မြင်မိပေသတည်း။

ဒုဿီလဖြစ်သောရဟန်းကို စဝနာဓိပ္ပါယအားဖြင့် အမူလက ဒုဿီလမှုနှင့် စွပ်စွဲခဲ့သည်ရှိသော် သီလဝန္တရဟန်းကို စွပ်စွဲသည်နှင့်အတူ သံဃာဒိသေသ်အာပတ်ကြီးသင့်ကြောင်းကို "အသုဒ္ဓေါ ဟောတိ ပုဂ္ဂလော အညတရံ ပါရာဇိကံ သမ္မာပန္နော" အစရှိသည်ဖြင့် ဟောဒတော်မူသည်ကိုထောက်၍ ဒုဿီလကိုပင်

http://www.dhammadownload.com



ဒုဿီလဟု စွပ်စွဲဆဲရေးမှု အပြစ်လေးရာသော ယုတ္တိကို ရှေး၌ ဆိုခဲ့ပြီ။

[ဤကား လူတို့ဝိနည်းကျမ်းဂန်ကို သင်ကြားရာ၌ အကျိုး အပြစ်ကို ပြဆိုချက်တည်း]

လူတို့ ဝိနည်းကျမ်းဂန်ကို သင်ကြားဘူးသော ဝတ္ထုသက် သေမှာ မြတ်စွာဘုရားလက်ထက်တော်အခါက စိတ္တသူကြွယ် အစရှိသော ဥပါသကာ, ခုဇ္ဇုတ္တရာ အစရှိသော ဥပါသိကာမ တို့သည် ဝိနည်းပိဋကတ်နှင့်တကွ ပိဋကတ်သုံးပုံကို နှုတ်ငုံ ဆောင်ရွက်လေ့ကျက်ကြပေကုန်သည်၊ ပေါက္ကံပြည်၌ သခံပ ဝဏ္ဏနာကို စီရင်သော ရှင် ဆပဒဆရာနှင့်အတူ သီဟိုဠ်မှ ပါလာ သော အရှင်ရာဟုလာမထေရ်သည် ပေါက္ကံပြည်မှ သီဟိုဠ်သို့ ပြန်ကြွရာ မလ္လာယုကျွန်းသို့ရောက်လေ၍ ထိုကျွန်းကို အစိုးရ သောမင်းက ပင့်ဆောင်ကိုးကွယ်ရာ နေ့စဉ် နန်းတော်သို့ဝင်၍, ထိုမင်းအား ခုဒ္ဒသိက္ခာ ဝိနည်း လက်သန်း အဋ္ဌကထာ ကျမ်းဂန် ကို ချပို့သည်ဟု ပေါက္ကံရာဇဝင်မှာ လာသည်။

မန္တလေးမြို့ ပထမမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် နတ်ရွာစံ မင်းတရားကြီးလက်ထက် မင်းတရားကြီး၏ လက်ျာစံ မိဖုရားခေါင်ကြီးဖြစ်သော စကြာဒေဝီ မိဖုရားကြီးသည် သုတ္တန် ပိဋကတ် အဘိဓမ္မာပိဋကတ်များကို နှံ့စပ်ကုန်စင် သင်ကြား ကြည့်ရှုပြီးသည့်နောက် ဘိက္ခုဝိဘင်း ပါဠိတော်မှစ၍ အစဉ်

http://www.dhammadownload.com



အတိုင်း ဝိနည်းငါးကျမ်းကို ကြည့်ရှုဖတ်နာသည်ဟု ဖတ်ရသူ စာတော်ဖတ်တို့ ပြောဆိုလျှောက်ထား၍ ကြားသိရဘူးသည်။

အဋ္ဌမပုစ္ဆာအဖြေပြီး၏။

=====○=====

http://www.dhammadownload.com



## နဝမ ပုစ္ဆာအဖြေ

၉။ ပဗ္ဗဇိတဖြစ်သော ရဟန်းတော်တို့သည် လူဖြစ်သူ ဒါယကာတို့အား ဝိနည်းတရားကို ဟောကြားအပ် သည် မအပ်သည်များကိုလည်း အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌-

ရဟန်းတော်များသည် လူဖြစ်သူတို့အား ဝိနည်းတရားကို ဟောကြားအပ်ပါသည်။

### ဟောကြားဘူးသော ထုံးစံသက်သေကား...

ဘုရားလက်ထက်တော်၌ ကိဋာဂီရိမည်သော နိဂုမ်း၌ အလဇ္ဇီတံခွန် လူလွန်မသားဖြစ်ကြကုန်သော အဿဇိ ပုနဗ္ဗသုက အမည်ရှိသော ဆဗ္ဗဂ္ဂီဆရာတို့သည် ငါးရာမျှသော တပည့်တပန်း ရဟန်းပရိသတ်နှင့်တကွ အာဝါသိက ရဟန်းတို့ဖြစ်ကြကုန်၏၊ အလဇ္ဇီမှုကို အဆန်းအကြွယ်ပြုရာ၌ ထိုသူတို့ကို တူနိုင်သော သူ ဤသာသနာ၌ မကြားဘူးရ၊ ထို့ကြောင့် အလဇ္ဇီတံခွန် လူလွန် မသား ဟုဆိုပေသည်၊ ဆန်းကြွယ်ပုံကို ဝိနည်းတော်မှာ

http://www.dhammadownload.com



လာရှိသည်၊ အဘယ့်ကြောင့် အံ့သြဖွယ် ဆန်းကြယ်စွာပြုနိုင်ကြ လေသနည်းဟူမူ ထိုနိဂုမ်းရွာမှာ လဇ္ဇီရဟန်းကောင်းတို့သည် ကျောင်းကန်တိုက်တာနှင့် နေဘူးကြသေးပုံမရ၊ ဆဗ္ဗဂ္ဂီတို့ပင် လက်ဦးကျပုံရသည်၊ သို့အတွက် ထိုရွာမှာ ထိုရဟန်းတို့ ဝိနည်းတရားကို နားမျက်စိဝ ဘူးသူ လူပညာရှိ နည်းပါးခိုက်ကြုံသောကြောင့် သူတို့ပြုကျင့်ချင်တိုင်း ပြုသာ၍ဆန်းကြယ်စွာဖြစ်ရလေသည်၊ ထိုအခါ ထိုရွာသို့ လမ်းခရီးကြုံကြိုက်၍ ရဟန်းကောင်းတစ်ပါး ဆွမ်းခံဝင်လေရာ ငါးရာသော ဆဗ္ဗဂ္ဂီ အလဇ္ဇီသူရဲစီး၍နေကြသော ထိုရွာသူများမြင်ကြလျှင် ဆွမ်းမလောင်းကြသည့်ပြင် ရန်သူကိုမြင်ကြသကဲ့သို့ ဆိုချင်တတ်တိုင်းဆို၍ လွှတ်ကြ၏။

ဆွမ်းမရပဲထွက်လာသည်ကို ပညာရှိသူ လူတစ်ဦးမြင်၍ အရှင်ဆွမ်းရပါ၏လောဟု မေးပေ၏၊ မရဘူးဆိုလေသော် ကိုယ်တော်ဆွမ်းမရအောင် ဘယ်သူမှပြုသောအမှု မဟုတ်၊ ကိုယ်တော်တို့ရဟန်းတော်များ အတတ်ပင်ဖြစ်သည်ဆို၍ မိမိအိမ်သို့ ပင့်ဆောင်၍ ကောင်းမွန်စွာ ဆွမ်းကျွေးပြီးလျှင် ဂါမဝါသီ ဆဗ္ဗဂ္ဂီဆရာတို့ ဆန်းကြယ်စွာပြုကြသော အမှုမျိုးအစုံကို ကုန်စင်အောင် လျှောက်ကြားပြီးလျှင် ဘုရားအထံသို့ ရောက်သောအခါ အကျွန်ုပ်တို့ ကိဋာဂီရိရွာသို့ သာသနာပြုရဟန်းကောင်း စေလွှတ်တော်မူပါမည့်အကြောင်းကို တောင်းပန်

http://www.dhammadownload.com



လိုက်ပါသည်ဟူ၍ မြတ်စွာဘုရားအား လျှောက်ကြားပါလေဟု မှာဆို၍ လွှတ်လိုက်၏၊ ထိုရဟန်း ဘုရားအထံတော်သို့ရောက်၍ လျှောက်ထားပေရာ နောက်ပါသံဃာ ငါးရာနှင့်တကွ အဂ္ဂသာ-ဝကကြီးနှစ်ပါးကို ကိဋာဂီရိရွာသို့ သာသနာပြု စေလွှတ်တော်မူ၏။

ထိုရွာသို့ရောက်လျှင် သံဃာတော်ငါးရာနှင့် အဂ္ဂသာဝက ကြီးနှစ်ပါးတို့သည် ကျောင်းနားကန်နားသို့ မချဉ်းမိ ရွာတွင်းသို့ကြွတော်မူပြီးလျှင် ကိဋာဂီရိတစ်ရွာလုံးမှာ အုန်းအုန်းညံ ဖြိုးလုမျှ ဝိနည်းမိုး ရွာစေတော်မူကြပေကုန်၏၊ ထိုအခါမှ ဝိနည်းကို ကြားသိကြသဖြင့် ဆရာများခေတ်ကြော တွေသည် ပေါလောကြီးပေါ်ကြ၍ ဆရာများကျောင်းဆီကို သိရှုမျှ မသိကြ သောကြောင့် ဆွမ်းကိစ္စသရောခိုင်း ဝိုင်းညာပေးလျှသူ တကာမဲ့ သဖြင့် အားနွဲ့ခြင်းရှိကြသောအခါမှ သာသနာပြုခွင့် ရ၍ ပဗ္ဗာဇနီယကမ္မဝါဖြင့် ရွာနယ်မှခွါရှဲအောင် သရဲထုတ် ထုတ်တော်မူကြရလေသတည်း။

ဤ၌ ထိုရွာသူတို့သည် ရဟန်းတို့တရားကို နားမျက်စိ မဝဘူးသောကြောင့် ကုလဒူသနအမှုဖြင့် ဖြားယောင်း သဂြိုဟ် သော ထိုရဟန်းတို့၌ ဂေဟဿိတတဏှာတရား စည်ကား စိုရွှမ်း၍နေကြသည်ကို သဒ္ဓါကြည်ညိုသည်ဟု ထင်မှတ်ကြရ ကုန်၏၊ ဝိနည်းတရားတော်ကို ကြားသိရ၍ အသိဉာဏ်ဝင်လာ

http://www.dhammadownload.com



သောအခါမှ ထိုတဏှာပြယ်ပျောက်လေ၏၊ ထိုတဏှာလက်ကိုင်ရှိနေသမျှ ကာလပတ်လုံး ထိုဆရာတို့၌ ပူဇော်သည် လှူဒါန်းသည်ဟုပြုကြသော ဒါနကုသိုလ်များသည် ချစ်ကြည်သော သားသမီးများကို ပေးကမ်းချီးမြှောက် ထောက်ပံ့ကြသောသူတို့၏ ကုသိုလ်များနှင့်တူ၏၊ ထက်ထက်သန်သန် အကျိုးပေးနိုင်သော အစွမ်းသတ္တိ မရှိလေ။

ဝတ္ထု၌ သာသနာပြု မဏေရ်မြတ်တို့သည် လူတို့အားဝိနည်းတရားကို မဟောကြကုန်သည်ဖြစ်အံ့၊ ဝိနည်းကို မသိကြကုန်သော ထိုရွာသူတို့သည် သာသနာပြုသောအခါ သူတို့ဆရာစကားကိုသာ နားဝင်၍ ဆရာများ အပင်းအသင်း ပြုလုပ်ကြကုန်လတ္တံ့၊ ပစ္စယဒါယကာအစု အပင်းအသင်း ရကြမူကား သာသနာပြုဆရာ ငါးရာမျှမက တစ်ထောင်ပင် လာကြသော်လည်း ဖြုံဖြုံမျှ ရှိကြကုန်မည်မဟုတ်၊ ထိုကြောင့် သာသနာပြုဆရာအရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် အမှူးရှိသော သံဃာတော်ငါးရာတို့သည် ရှေးဦးစွာ ကိဋာဂီရိတစ်ရွာလုံးကို ဝိနည်းမိုးကြီး ရွာစေတော်မူကြပေကုန်သတည်း။

မျက်မြင်မှာလည်း ရဟန်းကောင်းတို့ အမူအရာများကို နားမျက်စိ မဝဘူးရှာကြသော ရှမ်းရွာစသော အောက်အထက် အရပ်ရပ်တို့၌ နေထိုင်ကြသောသူတို့သည် ပစ္စယဒါယကာဖြစ်သူလူတို့ အသိပညာနည်းပါးလေလေ ရပ်နေဆရာ ရွာနေဆရာတို့

http://www.dhammadownload.com



သိက္ခာမဲ့လေလေဖြစ်၍ နေကြမှုသည် ဒိဋ္ဌမျက်မြင်ပင်တည်း၊ ထို့ကြောင့် ရဟန်းတော်တို့သည် လူတို့အား သင့်လျော်သော ဝိနည်းတရားများကို ပြောဟောခြင်းငှါ သင့်လျော်လှ၏၊ သို့သော်လည်း ရှေ့ပုစ္ဆာအဖြေမှာ ပြဆိုခဲ့သောအတိုင်း သပ္ပုရိသဓမ္မ အားကြီးသောသူကို ပြောဟောမှ လျော်မည်၊ သပ္ပုရိသဓမ္မ အားနည်းသောသူကို ပြောဟောခဲ့လျှင် ထိုသူမှာ ဝန်လေးရန် အခွင့်များချေ၏၊ သာသနာမှုကား ကောင်းဖို့ရာဖြစ်၏၊ ထိုသူမှာသာ ဝန်လေးရန်ရှိသည်။

ဥပမာကား. . .

တရုတ်ပြည်မှာ တရုတ်လူမျိုးတို့၌ ဘုန်းကြီးလုပ်သောသူသည် သားမယားမယူရ လူမထွက်ရ၊ သားမယားယူလျှင် လူထွက်ခဲ့လျှင် ရပ်ရွာက သတ်၍ပစ်မြဲထုံးစံရှိ၏၊ ဘာသာအလိုက် ဘုန်းကြီးတရားနှင့် ညီအောင်မကျင့်ပဲ ဖောက်လဲဖောက်ပြန် ကျင့်ခဲ့လျှင် ရွာတိုင်းက ခဲနှင့်ပစ်ထုတ်မြဲထုံးစံရှိ၏၊ ထို့ကြောင့် ထိုလူမျိုးတို့မှာ ဘုန်းကြီးလုပ်မိလျှင် သားမယားယူမှု လူထွက်မှုမရှိပြီ၊ ဘုန်းကြီးတရားကိုလည်း တိမ်းတိမ်းပါးပါး မပြုဝံ့ပြီဟု တရုတ်လူမျိုးတို့ ပြောဆိုသည်ကို ကြားရဘူးသည်။

လူတို့က ငရဲခံကြရသည့်အတွက် ထိုတရုတ်ဘုန်းကြီးတို့သာသနာမှာ ဘာသာအလိုက် ဘုန်းကြီးကောင်းကြီးချည်းဖြစ်ပေလတ္တံ့၊ လူတို့မှာမူကား အပြစ်ဝန်လေး၏၊ ထိုအတူ ယခုအခါ

http://www.dhammadownload.com



ဗုဒ္ဓဘာသာ သာသနာမှာလည်း လူဝိနည်းတတ်ပေါ်များ၍ ဝိနည်းတရားနှင့်မညီသော ရဟန်းတို့ကို ပိုးစိုးပက်စက် ဆိုရက်ပြောရက်သူ ပေါ်များလျှင် သာသနာမှာ ကောင်းဘို့ရာ ဖြစ်၏၊ ဆိုသူပြောသူမှာ ဝန်ရှိ၏၊ လူတို့က ဝိနည်းကိုသိ၍ ဝိနည်းရှိတိုင်း ညီညွတ်အောင် မကျင့်သောရဟန်းကို လျှုဒါန်းသူ ကိုးကွယ်သူ မရှိပဲ နေခဲ့မူကား သာသနာ၌ အလွန်ကောင်းဖို့ရာ ဖြစ်၏၊ ပစ္စည်းလေးပါးတို့ဖြင့် အားပေးချီးမြှောက် ထောက်ပံ့ လျှုဒါန်းခြင်းကို ပြုကြမူကား အဘယ်အခါမှ သာသနာတော်ထင်ပေါ်ကြီးရင့် ဂုဏ်သီးရင့်၍ ထွန်းတင့် ကောင်းစားနိုင်တော့မည် မဟုတ်ပေ။

ကောသမ္ဗီပြည်၌ သံဃာ့အဓိကရုဏ်း အကြီးအကျယ်ဖြစ်သောအခါ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွသွား၍ များစွာသောတရားစမ္ဗ ဩဝါဒတို့ဖြင့် ဆုံးမတော်မူသည်ကို နားမထောင်ကြ၊ အနည်းနည်းဟော ပြောပြသ ဆုံးမတော်မူသည်ကို နားမထောင်ကြ၍ မြတ်စွာဘုရား တိုင်းတစ်ပါးသို့ ကြွသွားတော်မူလေပြီဟု လူအများကြား သိကြသောအခါ ဤသံဃာတို့သည် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာ၍ဆုံးမတော်မူသည်ကိုမှ နားမထောင်ကြဟု သဒ္ဓါတရားပျက်ကြ၍ ယခုနေ့မှစ၍ ဤအဓိကရုဏ်းမှု မငြိမ်းသမျှ ဆွမ်းမလောင်းကြစတမ်းဟု မြို့ရွာညီညာ၍ ကတိက ဒဏ်ချုပ် ပြုလုပ်ကြသောအခါ အလိုလိုနေ့ချင်းညချင်း မာန်ကျ၍ ကုန်ကြလေ၏။

http://www.dhammadownload.com



စားသုံးရန်မရှိ၍ ဝါမကျွတ်ခင် အနိုင်နိုင်အသက် ရှည်ကြ၍ ဝါကျွတ်လျှင်ကျွတ်ချင်း မြတ်စွာဘုရားအထံသို့ သွားကြ၍ အမိကရုဏ်းကို ငြိမ်းစေကြကုန်၏၊ ထိုသို့ မလျှုကြစတမ်းဟူသောအမှုကို မပြုကြပဲ လှူမြဲဒါန်းမြဲ လှူဒါန်းကိုးကွယ်၍နေကြမူကား ထိုအမိကရုဏ်းသည် နောက်ကိုဆယ်နှစ်တိုင်အောင်ငြိမ်းမည်မဟုတ်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားကြီး ကိုယ်တော်တိုင် ပြေငြိမ်းရာပြေငြိမ်းကြောင်းကို ဝတ္ထု နိပါတ် ဇာတ်ဒေသနာ ဂါထာ စုဏ္ဏိယ ဓမ္မဒေသနာအမျိုးမျိုးနှင့် ဟော၍မှ မရနိုင်သော အမိကရုဏ်းကြီးကို ပစ္စယဒါယကာတစ်ဦးဖြစ်သူ လူတို့ညီညာ၍ မငြိမ်းသမျှ ဆွမ်းမလောင်းကြစတမ်းပြုမှ ဝမ်းရေးနှင့်ကျ၍ ခဏခြင်း ငြိမ်းကြသည်ကိုထောက်သဖြင့် သာသနာထမ်း ရဟန်းတို့ ကောင်းမှု မကောင်းမှု ညီညွတ်မှု ကွဲပြားမှုများသည် ပစ္စယဒါယကာဖြစ်သူ လူတို့နေရာ ကျ,မကျကို စွဲ၍ဖြစ်ရသည်ဟု ဆိုခွင့်ရှိချေသည်။

[ဤကား လူဝိနည်းတတ်ပေါ်များလျှင် သာသနာ အထူးကောင်း မြတ်ရာသော ယုတ္တိကိုပြဆိုသောအခန်းတည်း။]

**နဝမပုစ္ဆာအဖြေပြီး၏။**

----o----

http://www.dhammadownload.com



## ဒသမပုစ္ဆာ အဖြေ

၁၀။ စတုပါရိသုဒ္ဓိသီလ လေးပါးတို့၏ အသီးသီး လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့်တကွ အင်္ဂါလက္ခဏာတို့ကို သိလိုပါသည်။

ဟူသောပုစ္ဆာ၌--

စတုပါရိသုဒ္ဓိသီလ လေးပါးတို့နှင့် ဆက်ဆံသော သီလ သာမည၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကိုသာ ဝိသုဒ္ဓိမဂ်မှာ အဆိုလာချေသည်၊ အသီးအသီး လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အဆိုမလာ။

### သီလ သာမည၏ လက္ခဏာကား...

သီလနလက္ခဏံ သီလံ ဒုဿီလျဝိဒ္ဓံသနရသံ
သောစေယျပစ္စုပဋ္ဌာနံ ဟိရီဩတ္တပ္ပ ပဒဋ္ဌာနံ။

သီလံ=သီလသည်၊ သီလနလက္ခဏံ=ကာယကံ ဝစီကံတို့ကို ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဝါ=စတုဘူမက ကုသိုလ်တရားတို့ကို ကောင်းစွာဆောင်ခြင်း လက္ခဏာရှိ၏၊ ဒုဿီလျ-ဝိဒ္ဓံသနရသံ=မကောင်းသော အလေ့ရှိသည်၏ အဖြစ်

http://www.dhammadownload.com



ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏၊ သောစေယျပစ္စုပဋ္ဌာန်း=ပွတ်သစ်သော ခရုသင်းကဲ့သို့ သန့်ရှင်းဖြူစင်သည်၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏၊ ဟိရီဩတ္တပ္ပ ပဒဋ္ဌာန်း=ဟိရီဩတ္တပ္ပ တရားနှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

[ဤသာမည ပြဆိုသော စကားကိုပင် လေးပါးဖြစ်အောင် ဝေဖန်၍ အနက်ယူသော် ရပါ၏။]

## ပါတိမောက္ခသံဝရသီလဖို့...

သီလံ=ပါတိမောက္ခသံဝရ သီလသည်၊ သီလနလက္ခဏာ=ကာယကံ ဝစီကံကို ဖရိုဖရဲ မကျဲရအောင် ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဒုဿိလျဝိဒ္ဓံသနရသံ=မဖွယ်မရာ မကောင်းစွာသော ကိုယ်အလေ့နှုတ်အလေ့တို့ကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ သောစေယျပစ္စုပဋ္ဌာန်း=ကိုယ်အမှုနှုတ်အမှုတို့၏ ဖြူစင်သန့်ရှင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ ဟိရီဩတ္တပ္ပပဒဋ္ဌာန်း=ကိုယ်အမှုအရာ နှုတ်အမှုအရာတို့အတွက် အရှပ်ပျက်မည်ကို ရှက်တတ်ကြောက်တက်သော ဟိရီဩတ္တပ္ပလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

## ဣန္ဒြိယသံဝရသီလဖို့...

သီလံ=ဣန္ဒြိယသံဝရ သီလသည်၊ သီလနလက္ခဏာ=စက္ခုသောတ အစရှိသော ဣန္ဒြေခြောက်ပါးတို့ကို ဖရိုဖရဲ

http://www.dhammadownload.com



မကျဲရအောင် ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဒုဿီလျ ဝိဒ္ဓံသနရသံ=စက္ခု၏ လျှပ်ပေါ်ခြင်း သောတ၏ လျှပ်ပေါ်ခြင်း အစရှိသော ဣန္ဒြေခြောက်ပါးတို့၏ တောမျောက်အလား လှုပ်ရှားလျှပ်ပေါ် လော်လီပေါ့ဖျင်း မငြိမ်သက်ခြင်း အလေ့ အကျက်တို့ကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ သောစေယျ ပစ္စုပဋ္ဌာန်= ဣန္ဒြေခြောက်ပါးတို့၏ ငြိမ်သက်ကြည်လင် ဖြူစင်သန့်ရှင်း ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ဟိရီဩတ္တပ္ပပဒဋ္ဌာန်= ဣန္ဒြေပျက်မည်ကို ရှက်တက်ကြောက်တတ်သော ဟိရီဩတ္တပ္ပ တရားနှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

အာဇီဝပါရိသုဒ္ဓိသီလဖို့...

သီလံ=အာဇီဝပါရိသုဒ္ဓိ သီလသည်၊ သီလနလက္ခဏာ အသက်မွေးခြင်းနှင့်စပ်သော ကာယကံမှု ဝစီကံမှုတို့ကို ဖရိုဖရဲ မကျဲရအောင် ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဒုဿီလျ-ဝိဒ္ဓံသနရသံ=တွေ့ရာစား ပေါက်ရာစား မတရားသော အသက်၊ မွေးခြင်း အလေ့အလာတို့ကို စွန့်ခွါဖျက်ဆီးခြင်း ကိစ္စရှိ၏၊ သောစေယျပစ္စုပဋ္ဌာန်=အသက်မွေးမှု၏ စင်ကြယ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ ဟိရီဩတ္တပ္ပပဒဋ္ဌာန်=သူတော်ကောင်းတို့၏ အလယ်၌ အသက်မွေးမှုအတွက်နှင့် ကျက်သရေ ပျက်မည်ကို ရှက်တက်ကြောက်တတ်သော ဟိရီဩတ္တပ္ပတရား

http://www.dhammadownload.com



နှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

**ပစ္စယသန္နိဿိတသီလဖို့. . .**

သီလံ=ပစ္စယသန္နိဿိတသီလသည်၊ သီလနလက္ခဏာ=ပစ္စည်းလေးပါးနှင့်စပ်သော မတ္တညုတရားတို့ကို ဖရိုဖရဲ မကျဲရအောင် ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဒုဿိလျဝိဒ္ဓံသန-ရသံ=ပစ္စည်းလေးပါးအရာ၌ သာယာခင်မင်ခြင်း အလေ့အလာဝါသနာစရိုက် အမိုက်အမဲ တို့ကို စွန့်ပယ်ဖျက်ဆီးခြင်း ကိစ္စရှိ၏၊ သောစေယျ ပစ္စုပဋ္ဌာနံ=ပစ္စည်းလေးသွယ်၌ ခင်တွယ်မက်မောသော ဂေဓသမ္ဘောဟအံညစ်အကြေးတို့မှ သန့်ရှင်းစင်ကြယ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ ဟိရီဩတ္တပ္ပပဒဋ္ဌာနံ=ပစ္စည်းလေးပါး၌ ခင်တွယ်မက်မောသည့်အတွက်နှင့် လူသူတော်ကောင်း နတ်သူတော်ကောင်း ရဟန်းသူတော်ကောင်းတို့ အလယ်၌ အရှပ်ပျက် အဆင်းပျက် အသရေပျက်မည်ကို ရှက်တတ်ကြောက်တတ်သော ဟိရီဩတ္တပ္ပတရား နှစ်ပါးလျှင် နီးစွာသော လက်ကိုင်အကြောင်းရှိ၏။

[ဤသို့ ဝိလသာမည၌ ပြဆို၍ထားသော အဋ္ဌကထာစကားကို လေးပါးသော သီလတို့၏ အသီးအသီးသော လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဖြစ်လေအောင် ဝေဖန်၍ သိအပ်၏။]

ဤလေးပါးသော သီလတို့၌ပင် ဟိရီဩတ္တပ္ပသည် ပဒဋ္ဌာန်

http://www.dhammadownload.com



ဖြစ်နိုင်၏၊ အဘယ့်ကြောင့် ဖြစ်နိုင်သနည်းဟူမူ-

သက်တော်ထင်ရှား မြတ်စွာဘုရားကြီး၏လည်းကောင်း, အရိယာ သံဃာတော်မြတ်တို့၏လည်းကောင်း, ဝင်းဝင်းတောက် ဖြူစင်သော သီလကျက်သရေတော်တို့ကို နေ့ရှိသမျှကိုယ်တွေ့ဒိဋ္ဌ ကြည်ညိုသိမြင်၍နေကြကုန်သော နတ်တို့သည် ဇမ္ဗူဒီပါကျွန်း အပြင်မှာ မြေပြင်လုံးအပြည့် ကောင်းကင်လုံးအပြည့် ယခုရှိနေကြကုန်၏၊ ထိုနတ်တို့သည် တန်ဆောင်မုန်းလတွင် ညအခါမှာ ကောင်းကင်ပြင်ဝယ် ကြယ်နက္ခတ်တို့ကို နေ့စဉ်ကြည့်ရှုရာ အကုန်အစင် ကြောင်ကြောင်မြင်ကြသော ဗေဒင်တတ်ပုဏ္ဏားတို့ကဲ့သို့ ယခုရှိကြသော သာသနာထမ်း ရဟန်းတော် သာသနာတော်များကို နေ့နေ့ညည ခဏအစဉ် ကြောင်ကြောင်မြင်၍ နေကြကုန်၏။

ဤသာသနာ၌ တစ်စုံတစ်ယောက်သောရဟန်းသည် သီလလေးမျိုးတို့တွင် တစ်ခုခုန္တမ်းပါးမှုကို ပြုခဲ့သည်ရှိသော် ထိုနတ်တို့သည် နှလုံးမသာ မျက်နှာကျုံ့ရှုံ့ နှာခေါင်းရှုံ့ကြကုန်၏၊ ထိုအခါထိုရဟန်းသည် သာသနာစောင့်နတ်တို့၏ အလယ်၌ အရုပ်ပျက်လေ၏၊ အရှက်ကွဲလေ၏၊ လူတို့၌လည်း ဤအတူ ဘုရားလက်ထက်တော်မှာရှိကြသော သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ လူသူတော်ကောင်း ဥပါသကာ ဥပါသိကာအပေါင်းတို့ကို နေ့နေ့ညည ခဏအစဉ် ဒိဋ္ဌမြင်၍ လာကြကုန်သော ထိုနတ်

http://www.dhammadownload.com



တို့သည် ယခုအခါ၌လည်း သာသနာ၌ ဥပါသကာ ဥပါသိကာ ပြုလုပ်ကြကုန်သော လူတို့ကို နေ့နေ့ညည ခဏအစဉ် ကြောင်ကြောင်မြင်၍ နေကြကုန်၏၊ အာဂါရိယဝိနယသီလ အာစာရဝိနယသီလ သပ္ပုရိသအချက် ပျက်ကွက်သော လူဥပါသကာ ဥပါသိကာတို့ကို မြင်ကြလျှင် ထို့အတူ နှလုံးမသာ မျက်နှာကျုံ့ရုံ့ နှာခေါင်းရှုံ့ကြကုန်၏၊ ထိုအခါ ဥပါသကာ ဥပါသိကာ ပြုလုပ်သောသူသည် ထိုလူနတ်တို့အလယ်၌ အရှုပ်ပျက် အဆင်းပျက် အရှက်ကွဲလေ၏။

**အရှက်ကွဲမှုဆိုသည်ကား. . .**

မိမိအမှုကို မိမိရှက်ခြင်းမရှိသော်လည်း သီလလေးပါးကို လက်ကိုင်ပြု၍ ချုပ်အုပ်စောင့်ထိန်းသော် ဟိရီဩတ္တပ္ပ ပျက်လျှင် အရှက်ဇကန် ကွဲလေတော့သတည်း။

ယခု သာသနာတော်တွင် ရှိနေကြကုန်သော ရဟန်းရှင်လူတို့သည် ထိုနတ်တို့၏အလယ်၌ နေကြရကုန်၏၊ ထိုနတ်တို့၏ မျက်စိအောက်၌ နေကြရကုန်၏၊ ထို့ကြောင့် ထိုနတ်တို့၏ အလယ် ထိုနတ်တို့၏ရှေ့မှောက်၌ သီလလေးပါးတွင် တစ်ပါးပါးပျက်ကွက်၍ အရုပ်ပျက် အဆင်းပျက် ဖြစ်မည်ကို ရှက်တတ်ကြောက်တတ်သောတရားသည် ဟိရီဩတ္တပ္ပမည်၏၊ လူချင်းချင်းမျှကို ရှက်တတ်ကြောက်တတ်သော ဟိရီဩတ္တပ္ပကလေးမျှသည်

http://www.dhammadownload.com



သီလလေးပါးကိုနိုင်အောင် မအုပ်ချုပ်နိုင်သေး၊ လူမသိအောင် ပြုလုပ်နိုင်သော မကောင်းမှုသည် အလွန်များပြားသေး၏၊ မိမိနှင့်စပ်ဆိုင်ရာ လူရှင်မျှကိုသာ ရှက်တတ်သော ဒုဗ္ဗလ ဟိရီ သြတ္တပ္ပ၌ကား ဆိုဘွယ်မရှိ ငါယခုပြုသောအမှုကို မြတ်စွာဘုရား ယခုရှိလျှင် သိတော်မူ၍ ဘုရားရှေ့မှာ ငါရုပ်ပျက်မည်, မျက်နှာ မလှဖြစ်ရမည်ကောန်ဟု ဘုရားကိုမြင်၍ ရှက်တတ်သော ဟိရီ သြတ္တပ္ပသည် အထွတ်အထိပ်မြတ်သော ဟိရီသြတ္တပ္ပပေတည်း။

"ပါပကရဏေ=မကောင်းမှုကိုပြုခြင်း၌၊ ရဟောနာမ= ဆိတ်ကွယ်ရာအရပ်မည်သည်၊ နတ္ထိ=မရှိ"ဟူသော ပါဠိတော် အဖွင့်၌ မိမိပြုသောအမှုကို မိမိရှေးဦးစွာသိသည်၊ မိမိသိပြီးမှ မိမိကိုယ်စောင့်နတ်သိသည်၊ ထိုနောက်မှ မိမိကျောင်းစောင့်နက် မိမိအိမ်စောင့်နတ်သိသည် စသည်ဖြင့် ပြဆိုသော အဋ္ဌကထာ စကား၌-

က။ မိမိသိမှုမှာ ဟိရီသြတ္တပ္ပနှစ်ပါး,

ခ။ ကိုယ်စောင့်နတ်စသည်သိမှုမှာ ဟိရီ သြတ္တပ္ပ နှစ်ပါး,

မိမိသိမှုသည်သာ ပဓာနလိုရင်းတည်း။

## မိမိသိမှုမှာ ဟိရီသြတ္တပ္ပဖြစ်ပုံကား...

မိမိပြုသောအမှုကို မိမိသည် မပြုမီရှေ့အဘို့ ပြုလိုသော

http://www.dhammadownload.com



ဆန္ဒ ပြုမည်ဟု ကြံစကပင်သိ၏၊ ပြုဆဲလည်း သိ၏၊ ပြုပြီးနောက်လည်း သိ၏၊ ယခုငါပြုမည် စိတ်ရှိသောအမှုသည် နောင်ပြန်၍ အမှတ်ရသောအခါ စိတ်ကြည်ရမည့်အမှုလော, စိတ်ပျက်ရမည့် အမှုလော, ငါ့ကိုယ်ကို ငါ သဒ္ဓါပျက်ရမည့်အမှုလောဟု ဆင်ခြင်ရာ၏၊ မိမိကိုယ်ကို မိမိ အကြည်ညိုပျက်ရမည်ကို မနှစ်သက်သည်ကား ဟိရီတည်း၊ မရဲသည်ကား ဩတ္တပ္ပတည်း၊ မနှစ်သက်နှင့် မရဲကား တစ်လုံးတည်းပေတည်း။

[သူတစ်ပါးသိမှုမှာလည်း ဤနည်းတူသိလေ။ ။သူတစ်ပါးသိလျှင် ငါမျက်နှာလုမည်လော, မျက်နှာမလှမည်လော ဆိုလေ။ မျက်နှာမလှဖြစ်ရမည်ကို မနှစ်သက်သည်ကား ဟိရီတည်း။ မရဲသည်ကား ဩတ္တပ္ပတည်းဆိုလေ။]

## မိမိသိမှုသည်သာ ပဓာနလိုရင်းဖြစ်ပုံကား...

သူတစ်ပါး သိမှုမည်သည် ယခုဘဝ၌ မျက်နှာမလှ ဖြစ်ရဘို့သာရှိ၏၊ မိမိသိမှုမှာကား ရဟန်းမှာ ဘာဝနာတရား များကို အားထုတ်မည်ရှိသောအခါ၌လည်းကောင်း, သေတော့မည်ရှိသောအခါ၌လည်းကောင်း, အနည်းငယ်မျှသော အပြစ်မှုသည် မြင့်မိုရ်တောင်ကြီးသဖွယ်ဖြစ်၍ ပေါ်လာ၏၊ မြင့်မိုရ်တောင်ကြီးကို ပျောက်ကွယ်အောင် တွန်းဖယ် ဖျောက်ဖျက်ခြင်းငှါ မတတ်နိုင်သကဲ့သို့ ထိုအပြစ်ကို စိတ်ထဲတွင် မထင်လာအောင် တွန်းဖယ် ဖျောက်ဖျက်ခြင်းငှါ မတတ်နိုင်လောက်အောင် ဝန်ကြီးတစ်ခု

http://www.dhammadownload.com



အကြီးအကျယ်ဖြစ်၍နေသည်ကို မြင့်မိုရ်တောင်ကြီးသဖွယ် ဆိုသတည်း၊ ဘာဝနာမှုထဲမှာ ပေါ်လာသောအခါ ဘာဝနာ စိတ်ကို ငုံးငုံးတို၍သွားအောင် လောင်နိုင်၏၊ သေခါနီးအခါ၌ ပေါ်လာသောအခါ ခြသေ့်တစ်ကောင်လာလျှင် တစ်ရာ တစ်ထောင်သော ဆင်ပြောင်ကြီးတို့သည် ကြက်သေသေ၍ နေကြရကုန်သကဲ့သို့ တစ်သက်လုံးပြုလုပ်ခဲ့သော ဒါနမှု သီလမှု ကုသိုလ်ကြီး တစ်ရာတစ်ထောင်တို့သည် ကြက်သေသေ၍ နေကြရကုန်၏၊ ထိုအပြစ်ကို မထင်လာအောင် မဖျောက်နိုင်သမျှ ထိုကုသိုလ်တို့အမှုမှ မလှုပ်ဝံ့ကြကုန်၊ အပါယ်သို့သာ ကြောင် ကြောင် တွန်း၍ချလေ၏။

ဤသို့လျှင် မိမိပြုသောအမှုကို မိမိသိသောအမှုသည်သည် သာလျှင် ဘာဝနာစျာန် မဂ်ဖိုလ်၏အန္တရာယ်ကြီး, နတ်ရွာ သုဂတိ၏ အန္တရာယ်ကြီးဖြစ်၍ စင်စစ်လိုရင်းပဓာန ကြောက် မက်ဖွယ် ကောင်းလှလေသတည်း။

ဤသို့သောအနက်ကြောင့် မကောင်းမှုကိုပြုသော သူတို့အား ဆိတ်ကွယ်ရာကာလ ဆိတ်ကွယ်ရာဌာနဟူ၍ မရှိ ကြောင်းကို ဟောတော်မူပေသည်၊ ထိုသို့သော အန္တရာယ် မှုဖြစ် မည်ကို မနှစ်သက်မှုကား ဟိရီတည်း၊ မရဲမှုကား ဩတ္တပ္ပတည်း၊ မနှစ်သက်ခြင်းလည်းမဖြစ်လာ မရဲခြင်း တွန့်ရွံ့ခြင်းလည်း မဖြစ် လာသည်ကား ဟိရီဩတ္တပ္ပကင်းခြင်းတည်း၊ ထိုဟိရီဩတ္တပ္ပ

http://www.dhammadownload.com



ကင်းသောသူသည်ကား မိမိပြုသောမကောင်းမှုကို မိမိသိသည့် အတွက်ကြောင့် ကိစ္စမရှိလှ၊ သူ့ဇာစ်ပါး ကြားမည် သိမည်ကိုသာ စိုးရိမ်၏၊ ဤသို့သော ဟိရီဩတ္တပ္ပမျိုးသည်ကား ယခုဘဝ၌ ချာန်မဂ်ဖိုလ်တရားကို ရအောင် ယနေ့နက်ဖြန် ဘာဝနာတရားကို အားထုတ်မည်ဟု အကြံပြုခြင်း တင်းလင်းရှိနေသောသူ, အပါယ ဒုက္ခကိုလည်းကြောက် သေခြင်းတရားကိုလည်း ယနေ့နက်ဖြန် ကဲ့သို့ ထင်မြင်နိုင်သောသူတို့၌ဖြစ်သော ဟိရီဩတ္တပ္ပမျိုး ပေတည်း။

ယခုဘဝ၌ ချာန်မဂ်ဖိုလ်တရားကိုလည်း ဥဿာဟ မရှိ၊ သေခြင်းတရားကိုလည်း နီးလှစွာ မထင်၊ နောက်ဘဝမှုမှာလည်း ကံချရာဟု အဝိဇ္ဇာဘက်သား လုံးလုံးလုပ်၍ နေကြသောသူများ မှာ ထိုကဲ့သို့သော ဟိရီဩတ္တပ္ပရှိခဲစွ၊ ထိုကဲ့သို့ မိမိကိုယ်ကို အဝိဇ္ဇာဘက်သား လုံးလုံးလုပ်၍ ထားကြသောသူတို့မှာ ပါတိမောက္ခသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလနှစ်ပါးကို အလေး ဂရုပြုသူ ဖြစ်ပေလျှင် သီလဝန္တ ဆိုရတော့သည်၊ ဣန္ဒြိယသံဝရ သီလနှင့် ပစ္စယသန္နိဿိတသီလ နှစ်ပါးမှာ ထိုသူတို့၌ အစင် ကြယ်ကြီး မဖြစ်နိုင်ပြီ၊ မဖြစ်နိုင်ကြောင်းကို ထိုသီလနှစ်ပါး သိမ်မွေ့ပုံ ခက်ခဲပုံ နက်နဲပုံကို မြင်တတ်မှ သိနိုင်မည်။

[ဤတွင်ရွေ့ကား သီလလေးပါးတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကို ပြဆိုချက်ပြီး၏။]

**စီခင်ရောဝတီ**

http://www.dhammadownload.com



**အင်္ဂါလက္ခဏာတို့ကို သိလိုပါသည်...**

ဟူရာ၌ လက္ခဏာမှာ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်မှာ ပါလေပြီ၊ အင်္ဂါမှာ ပါတိမောက္ခ သံဝရသီလ၌ ထိုထိုသိက္ခာပုဒ်တို့၏ အင်္ဂါကို ပြဆိုရလိမ့်မည်၊ များပြားလှ၍ မပြလိုက်ပြီ။

**လိုရင်းမူကား--**

ရှေး၌ ပြဆိုခဲ့ပြီးသော လဋ္ဌိအင်္ဂါသုံးပါးသည် ပါတိမောက္ခသံဝရသီလ၏ အင်္ဂါတည်း။

၁။ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရဟုဆိုအပ်သော ခြောက်ဒွါရတို့၌ ဒုဿီလတရား အက္ခန္တိတရား အညာဏတရား ကောသဇ္ဇတရား မုဋ္ဌသစ္စတရား ဤငါးပါးတို့၏ မဖြစ်ခြင်းတစ်ပါး,

၂။ ပုထုဇ္ဇန်ဂတိဖြစ်၍ ဖြစ်မိပြန်လျှင်လည်း "န ပုနေဝံ ကရိဿာမိ" ဟု အာယတိံသံဝရစိတ်ဖြင့် မိဋ္ဌာန်ဆေးကြောခြင်းတစ်ပါး,

ဤနှစ်ပါးသည် ဣန္ဒြိယ သံဝရသီလ၏ အင်္ဂါတည်း။

ဒုဿီလဆိုသည်မှာ အဘိဇ္ဈာမှု ဗျာပါဒမှု မိစ္ဆာဒိဋ္ဌိမှု သုံးပါးတည်း၊ အက္ခန္တိကား ဒေါသအမျက်တည်း၊ အညာဏ ကား မောဟတည်း၊ ကောသဇ္ဇကား ပျင်းရိမှုတည်း၊ မုဋ္ဌသစ္စကား ယောနိသော မနသိကာရ သတိလွတ်ကင်းမှုတည်း။

http://www.dhammadownload.com



န ပုနေဝံ ကရိဿာမိဖြင့် "ပုန=တစ်ဖန်၊ ဧဝံ=ဤသို့၊ န ကရိဿာမိ=ငါမပြုတော့အံ့" အနက်ပေး၊ ဣန္ဒြိယ သံဝရသီလ၌ ကုစားနည်းတည်း၊ အလွန်သိမ်မွေ့သော သီလပေတည်း။ ခြောက်ဒွါရ၌ အကုသိုလ်မပေါ် လာရအောင် စောင့်ထိန်းမှုတည်း။

၁။ တရားနှင့် မလျော်သော အဓမ္မိက ပစ္စည်းကို မခံယူ မသုံးဆောင်ခြင်း,

၂။ မသိ၍ ခံယူမိ သုံးဆောင်မိခဲ့လျှင် ဆိုင်ရာ ကုစား နည်းနှင့် အလျင်အမြန် သုတ်သင် ရှင်းလင်းခြင်း,

ဤကား အာဇီဝပါရိသုဒ္ဓိသီလ၏ အင်္ဂါနှစ်ပါးတည်း။

["ဆိုင်ရာကုစားနည်း" ဆိုသည်ကား အာပတ်သင့်သော အမှုဖြစ်အံ့၊ ထိုဝတ္ထုကို စွန့်ပစ်၍ အာပတ်ကို ဒေသနာ ကြားခြင်း, အာပတ်သင့်သော အမှုမဟုတ်၊ အာဇီဝသီလ ပျက်ရုံမျှ ဖြစ်ခဲ့အံ့၊ ထိုဝတ္ထုကို စွန့်ပစ်၍၊ "န ပုနေဝံ ကရိဿာမိ" ဟု အာယတိသံဝရပြုခြင်းပင်တည်း။]

၁။ ဓမ္မိယလဒ္ဓ ပစ္စည်းလေးပါးတို့၌ ခံယူသောအခါ၌ လည်းကောင်း,

၂။ သုံးဆောင်သောအခါ၌လည်းကောင်း,

၃။ သုံးဆောင်ပြီးသည်မှနောက် ယခုနေ့မလွန်မီ အတွင်း၌လည်းကောင်း,

"ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ သီတဿ ပဋိဃာတာယ" အစရှိသည်ဖြင့် လာသောအတိုင်း ဆင်ခြင်မှု

http://www.dhammadownload.com



ပဋိသင်္ခါနညာဏ်ကို ဖြစ်စေခြင်းသည် ပစ္စယသန္နိဿိတ သီလ၏ အင်္ဂါလက္ခဏာပေတည်း။

ဤသီလကို အဘယ်ကြောင့် နက်နဲသည် ခက်ခဲသည်ဟု ဆိုသနည်း၊ ပုတီးစိပ် လေးပုဒ်ကို ရအောင်ပြု၍ ဆင်ခြင်လျှင် စင်ကြယ်တော့သည် မဟုတ်လောဆိုငြားအံ့၊ ပုတီးစိပ်ပါဠိကို အခေါက်များစွာ ရွတ်ဖတ်ကာမျှနှင့်လည်း စင်ကြယ်ပြီ မဆိုရသေး၊ အနက်ကို အခေါက်များစွာ ရွတ်ကာမျှနှင့်လည်း စင်ကြယ်ပြီမဆိုရသေး၊ အနက်ကပြဆိုသည့်အတိုင်း သတိပြုမိကာမျှနှင့်လည်း စင်ကြယ်သည် မဆိုလောက်သေး၊ သင်္ကန်း ပစ္စည်းနှင့်စပ်သော နိကန္တိ တဏှာ, ဆွမ်းခဲဖွယ် ဘောဇဉ်နှင့် စပ်သော နိကန္တိတဏှာ, ကျောင်းကောင်း အိပ်ရာ နေရာကောင်း နှင့်စပ်သော နိကန္တိတဏှာ, ဆီဦးထောပတ် သကာသကြား ပျားတင်လဲဟူသော ဆေးပစ္စည်းနှင့်စပ်သော နိကန္တိတဏှာ, ဤတဏှာလေးမျိုးသည် ရဟန်းတို့မှာ အခွါအစွန့်ခက်ခဲ၏၊ ပဋိသင်္ခါယောနိသောအရ ပဋိသင်္ခါနညာဏ် အမြင်သန်လှမှ ခွါနိုင်သည်၊ ပစ္စည်းလေးပါးကို ဆင်ခြင်သောအခါ ပဋိသင်္ခါန ညာဏ် ကောင်းကောင်းဖြစ်၍ ထိုတဏှာလေးပါး ကွာ၍သွားမှ ထိုသီလစင်ကြယ်ပြီဆိုရသည် ပါရိသုဒ္ဓိဆိုရသည်။

ပဋိသင်္ခါနညာဏ်ဖြစ်ရန်အခွင့်မှာလည်း ပုတီးစိပ်ပါဠိ၏ အနက်သွားကို ကောင်းကောင်းထင်မြင်နိုင်မှ ပဋိသင်္ခါန

http://www.dhammadownload.com



ဉာဏ်ပြီးသည်၊ အတုအပ ဝတ်ကျေတန်းကျေ ဆင်ခြင်သည် လုပ်ကာမျှနှင့် ပဋိသင်္ခါနဉာဏ် မဖြစ်၊ ပဋိသင်္ခါနဉာဏ် မဖြစ်က လည်း ထိုတဏှာလေးစုံ ဖြုံဖြိုမှုမရှိ၊ ထိုတဏှာလေးစုံ မဖြိုချေက လည်း အဘယ်မှာ ပါရိသုဒ္ဓိ ဆိုနိုင်မည်နည်း၊ ဤ ပဋိသင်္ခါန ဉာဏ်ရှိ မရှိ, ပါရိသုဒ္ဓိဖြစ် မဖြစ်, ဤပုဂ္ဂိုလ်မှာ ဤသီလ ရှိ, မရှိကိုမူကား မျက်မြင်နှင့်ပင် သိနိုင်ရန်ရှိ၏၊ ဤသီလ စင်ကြယ် သောသူမှန်လျှင် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အရာ၌ သာယာတွယ်တာမှု ကင်းရှင်း၏၊ သိမ်းဆည်းသိုထားမှု ကင်းရှင်း၏၊ ဆွမ်းတကာ ကျောင်းတကာ အငြိအတွယ်ကင်း ရှင်း၏၊ တောသမင်များကဲ့သို့ မိုးတစ်နေရာ ဆောင်းတစ်နေရာ နွေတစ်နေရာ ချမ်းသာရာ တောမှာ တောင်မှာ နေနိုင်၏၊ မြတ်စွာ ဘုရားချီးမွမ်းတော်မူသော ပံသုကူသင်္ကန်း, ပိဏ္ဍိယာလောပဆွမ်း, ရုက္ခမူလကျောင်း, ပူတိမုတ္တဆေးတို့နှင့်ပင် အေးမြချမ်း ကြည်စွာ နေနိုင်၏။

ကျောင်းကောင်းကောင်း သင်္ကန်းကောင်းကောင်း ဆွမ်း ကောင်းကောင်းနှင့်မှ အေးမြစိတ်ကြည်နိုင်သော သူမှာ ဤသီလ ပါရိသုဒ္ဓိဖြစ်သည် မဆိုသာချေ။

**[ဤကား စတုပါရိသုဒ္ဓိသီလလေးပါး၏ အင်္ဂါလက္ခဏာတည်း]**

**ဒသမပုစ္ဆာအဖြေ ပြီး၏။**

------*------

**မိခင်ရောဝတီ**

http://www.dhammadownload.com



## ဧကာဒသမ ပုစ္ဆာအဖြေ

၁၁။ ရှင်းစတုပါရိသုဒ္ဓိသီလ လေးပါးတို့တွင် ပါတိမောက္ခ သံဝရသီလကို ကျူးလွန်သောသူ၏ အပြစ်, စောင့်ရှောက်သောသူ၏အကျိုး, ကျန်သီလသုံးပါးတို့မှာလည်း ရှင်းအတိုင်း အကျိုးအပြစ်ကို ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌--

ပါတိမောက္ခ သံဝရသီလကို ကျူးလွန်မှုသည်-

၁။ ပါရာဇိက အန္တိမဝတ္ထုကို ကျူးလွန်မှု,

၂။ ကြွင်းသော အာပတ်ခြောက်ပုံကို ကျူးလွန်မှု,

ဟူ၍ နှစ်ပါးရှိ၏။

ကြွင်းသောအာပတ်ခြောက်ပုံကို ကျူးလွန်ရာ၌လည်း--

၁။ လောကဝဇ္ဇကို ကျူးလွန်မှု,

၂။ ပဏ္ဏတ္တိဝဇ္ဇကို ကျူးလွန်မှု,

ဟူ၍ နှစ်ပါးရှိ၏။

ပါရာဇိက အန္တိမဝတ္ထုကို ကျူးလွန်သောသူသည် ဘိက္ခုပဋိညာဉ်ကို မစွန့်မူ၍ နေသည်ဖြစ်အံ့၊ ဒုဿီလရဟန်း မည်၏၊

http://www.dhammadownload.com



ဘိက္ခုပဋိညာဉ်ကိုစွန့်၍ လူအဖြစ် သာမဏေအဖြစ် ရသေ့ သူတော်အဖြစ်သို့ ရောက်ပေမူ သုဒ္ဓိဖြစ်ပေပြီ၊ အပြစ်မဆိုသာပြီ၊ ဒုဿီလ ရဟန်းအဖြစ်၌ တည်မူကား ထိုဒုဿီလရဟန်း၏ အပြစ်သည် အဂ္ဂိက္ခန္ဓောပမသုတ်, အာဒိတ္တပရိယာယသုတ်, ပိဏ္ဍောလသုတ် စသည်တို့၌ များစွာလာ၏၊ ဝိသုဒ္ဓိမဂ်မှာလည်း အတော်လာ၏။

**ဝတ္ထုသက်သေမှာ. . .**

ကဿပမြတ်စွာဘုရား သာသနာ၌ ဖြစ်ကြကုန်သော ဘိက္ခုဒုဿီလ ဘိက္ခုနီဒုဿီလ သိက္ခမာန်ဒုဿီလ သာမဏေ ဒုဿီလ သာမဏေမဒုဿီလတို့သည် စုတေသည်၏အခြားမဲ့၌ ဂိဇ္ဈကုဋ်တောင်မှာ ဘိက္ခုအသွင် ဘိက္ခုနီအသွင် သိက္ခမာန် အသွင် သာမဏေအသွင် သာမဏေမအသွင်နှင့် ပြိတ္တာတွေ ဖြစ်ကြ၍ ငါတို့ဘုရားလက်ထက်တိုင် မကျွတ်နိုင်ကြပဲ ရှိနေ ကြသော ဝတ္ထုတို့သည် နိဒါနဝဂ္ဂလက္ခဏ သံယုတ်ပါဠိတော်, ဝိနည်းစတုတ္ထပါရာဇိက ဝိဘင်းပါဠိတော်တို့မှာ ထင်ရှားစွာ လာရှိသည်။

[ဆရာသမားများကို လျှောက်ထားတောင်းပန်၍ နာယူကြလေ။]

ကြွင်းသော အာပတ်ခြောက်ပုံကို စိတ်စေတနာနှင့်တကွ ကျူးလွန်၍ မကုမစားနေသော အလဇ္ဇီ၏အပြစ်မှာ ထိုအာပတ်ကို

http://www.dhammadownload.com



မကုစားသမျှ ကာလပတ်လုံး ပညတ္တိဝီတိက္ကမန္တရာယ်ငြီ၏၊ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏၊ သေလျှင် အပါယ်ဂတိမြဲ၏။

ဝတ္ထုသက်သေမှာ...

ဓမ္မပဒအဋ္ဌကထာမှာလာသော ဧရကပတ္တနဂါးမင်းဝတ္ထုရှိလေပြီ၊ မသိ၍ပင်ကျူးလွန်မိသော်လည်း လောကဝဇ္ဇအရာဖြစ်ခဲ့လျှင် မကောင်းကျိုးကိုခံရသေး၏၊ ယက္ခသံယုတ်တွင်လာသော သူစိလောမဘီလူးဝတ္ထု ခရလောမဘီလူးဝတ္ထုရှိလေ၏၊ ထိုသီလတို့ကို လုံခြုံစွာစောင့်ရှောက်သူတို့၏အကျိုးမှာ ဝိသုဒ္ဓိမဂ်၌လာ၏။

[အပြစ်အကျိုးအလုံးစုံသည်ပင်လျှင် မဟာဝိသုဒ္ဓါရာမဆရာတော် စီရင်တော်မူအပ်သော ပဥ္စမတ္ထ သရူပဘေဒနီစာအုပ်ကြီးမှာ အလွန်ပြည့်စုံစွာ ပါရှိလေပြီ]

[နောက်သီလ သုံးပါးတို့၏ အကျိုးအပြစ်ဝတ္ထုသက်သေတို့ကိုလည်း ထိုစာအုပ်မှာယူလ။]

ဧကကနိပါတ်ပါဠိဇာတ်အဋ္ဌကထာ၌ ပစ္စယသန္နိဿိတသီလ ပျက်ကုန်သော သူတို့သည် အပါယ်၌ပြည့်ကြကုန်သည်ဟုဆို၏၊ ဓမ္မပဒအဋ္ဌကထာ၌လည်း ဘုရားလက်ထက်တော်၌ ဇေတဝန်ကျောင်းတော်အတွင်းမှာ ရဟန်းတစ်ပါး သေလွန်ရာသင်္ကန်း၌တပ်စွန်းသောတဏှာကြောင့် ထိုသင်္ကန်းမှာပင် သန်းဖြစ်သည်ဟုလာ၏၊ ထိုသို့ ဆိုရာလာရာတို့၌ မိမိသန္တကဖြစ်သော

http://www.dhammadownload.com



ဓမ္မိယလဒ္ဓပစ္စည်း၌ တပ်စွန်းမှုသည် တစ်စုံတစ်ခုသော ကမ္မပထ တွင်ပါဝင်သော အမှုမဟုတ်ရကား ထိုတဏှာကိုမှီ၍ တစ်ပါး သောကံတို့က အပါယ်သို့ချသည်ဟုယူကြ၏။

ကောဒသမ ပုစ္ဆာအဖြေပြီး၏။

--------*--------

http://www.dhammadownload.com



# ဒွါဒသမ ပုစ္ဆာအဖြေ

၁၂။ သံဃိကဒါနမျိုးတို့၏ သရုပ်အဓိပ္ပါယ်ကို လှူနည်း လှူပုံနှင့်တကွ သိလိုပါသည်။

ဟူသောပုစ္ဆာ၌--

ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်၌ "သတ္တိမာ အာနန္ဒ သံဃဂတာ ဒက္ခိဏာ"အစရှိသဖြင့် သံဃိကဒါန ခုနစ်မျိုးကို ဟောတော်မူသည်။

၁။ ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူဒါန်းခြင်းတစ်ပါး,

၂။ ဘုရားမရှိသည့်နောက် ဥဘတောသံဃာ သက်သက်အား လှူဒါန်းခြင်းတစ်ပါ,

၃။ ဘိက္ခုသံဃာသက်သက်အား လှူဒါန်းခြင်း တစ်ပါး,

၄။ ဘိက္ခုနီသံဃာ သက်သက်အား လှူဒါန်းတစ်ပါး,

၅။ သံဃာများရာတိုက်တာ၌ တပည့်တော်တို့အား သံဃာတစ်ပါးပေးပါ, နှစ်ပါးပေးပါ, တစ်ကျိပ်

http://www.dhammadownload.com



ပေးပါ, နှစ်ကျိပ်ပေးပါ စသည်ဖြင့် လျှောက်ထား
တောင်းပန်ရာ သံဃာတော်များက ညွှန်ကြားချ
ပေး၍ရသော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာအား
လှူဒါန်းခြင်းတစ်ပါး,

၆။ ဘိက္ခုသံဃာ သက်သက်မှာ လျှောက်တောင်းရာ
သံဃာတော်များက ညွှန်ပြချပေး၍ရသော
ဘိက္ခုသံဃာ သက်သက်အား လှူဒါန်းခြင်း
တစ်ပါး,

၇။ ဘိက္ခုနီ သံဃာသက်သက်မှာ လျှောက်တောင်း
ရာ ဘိက္ခုနီသံဃာက ညွှန်ပြချပေး၍ရသော
ဘိက္ခုနီသံဃာအား လှူဒါန်းခြင်းတစ်ပါး,

ဟူ၍သံဃိကဒါန ခုနစ်ပါးရှိ၏။

ပါဠိတော်၌ "အာနန္ဒ=အာနန္ဒာ၊ သံဃဂတာ=သံဃာ၌တည်ကုန်သော၊ ဝါ=သံဃာသို့ရောက်ကုန်သော၊ ဒက္ခိဏာ=အလှူတို့သည်၊ ဣမာသတ္တ=ဤခုနစ်ပါးတို့တည်း"ပေး၊ "သံဃဂတာ"ဟူသောပုဒ်၌ ကြီးမြတ်ဖွံ့ဖြိုးသောအကျိုးကို အလိုရှိသည်ဖြစ်၍ သံဃဂတ အလှူကို လှူဒါန်းလိုသည်ရှိသော် မလှူမီရှေးအဖို့၌ သုပ္ပဋိပန္နတာအစရှိသော သံဃာ့ဂုဏ်တော်များကို ဆင်ခြင်၍ ပုဂ္ဂိုလ်၌တည်သော စိတ်ကိုကောင်းစွာ သုတ်သင်၍ သံဃာ၌တည်သော စိတ်ကိုဖြစ်စေရာ၏။

**မိခင်ရောဝတီ**

http://www.dhammadownload.com



## အဘယ်သို့ ဖြစ်စေရာသနည်းဟူမူကား...

ယခုရှိနေကြသော ရဟန်းတော် ဆရာတော် သံဃာတော် ပုဂ္ဂိုလ်တို့တွင် မည်သည့်ရဟန်းတော်ပုဂ္ဂိုလ်, မည်သည့်ဆရာတော် ပုဂ္ဂိုလ်, မည်သည့်သံဃာတော်ပုဂ္ဂိုလ်ကို ငါပင့်မည် ငါလှူမည်ဟု ပုဂ္ဂိုလ်၌တည်သောစိတ်ကို မဖြစ်စေမူ၍ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား တပည့်တော်မြတ် သားတော်မြတ် ဖြစ်တော်မူပေသော သံဃာတော်မြတ်အား ငါလှူမည်ဟူ၍သော်လည်းကောင်း, အရှင်ကောဏ္ဍညထေရ် အစရှိကုန်သော ပထမဝါ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ အကျွတ်တရားကို ရတော်မူကြကုန်သော ခြောက်ကျိပ်ကျော်မျှသော သံဃာတော်, ထို့နောက် သုံးကျိပ်မျှသော ဘဒ္ဒဝဂ္ဂီသံဃာတော်, ဥရုဝေလကဿပထေရ် အစရှိကုန်သော တစ်ထောင်မျှသော သံဃာတော်, အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန် အမှူးရှိကုန်သော နှစ်ရာ့ငါးကျိပ်မျှသောသံဃာတော်, ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ကြွတော်မူရာ အတူပါတော်မူကုန်သော နှစ်သောင်းမျှသော သံဃာတော်တို့မှစ၍ ပရိနိဗ္ဗာန်စံတော်မမူမီ အကျွတ်ရတော်မူကြကုန်သော လက်ထက်တော်ရှိသံဃာတော်, ထို့နောက် ပထမသင်္ဂါယနာတင် အရှင်မဟာကဿပ အစရှိသော ပထမအနှစ်တစ်ရာအတွင်းရှိ သံဃာတော်, ဒုတိယသင်္ဂါယနာတင် အရှင်ယသထေရ်အမှူးရှိကုန်သော ဒုတိယ အနှစ်တစ်ရာ

http://www.dhammadownload.com



အတွင်းရှိသံဃာတော်, တတိယသင်္ဂါယနာတင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိကြကုန်သော တတိယအနှစ်တစ်ရာ, စတုတ္ထအနှစ်တစ်ရာအတွင်းရှိ သံဃာတော်အစရှိကုန်သော တစ်ပါးမကျန် အလုံးစုံသော မြတ်စွာဘုရား တပည့်သား သံဃာတော်မြတ်အား ငါလှူမည် ဆွမ်းဒါယကာ ငါခံမည် သင်္ကန်းဒါယကာ ငါခံမည် ကျောင်းဒါယကာ ငါခံမည်ဟူ၍သော်လည်းကောင်း, ဤသို့ပုဂ္ဂိုလ်နှင့်စပ်သောစိတ်ကို ဝေးစွာရှောင်ကြဉ်၍ သံဃာ၌တည်သော စိတ်ကို ဖြစ်စေရာ၏။

ထို့ကြောင့် အဋ္ဌကထာ၌ -

> ကာသာဝကဏ္ဍသံဃဿ ဒိန္နဒက္ခိဏံ ပန ကော
> သောဓေတီတိ။ သာရိပုတ္တ မောဂ္ဂလ္လာနာဒယော
> အသီတိမဟာထေရာ သောဓေန္တိ၊ အပိစ ဗုဒ္ဓကာလေ
> ပရိနိဗ္ဗုတေ ထေရေ အာဒိံကတွာ ယာဝဇ္ဇရေမာနာ
> ခီဏာသဝါ သောဓေန္တိယေဝ။

ဟူ၍ မိန့်ဆိုပေသည်။

ကာသာဝကဏ္ဍသံဃဿ=ဤသာသနာ၌ သင်္ကန်းလည်ပင်းရောက်သော နောက်ပိတ်ဒုဿီလ ကာသာဝကဏ္ဍသံဃာအား၊ ဒိန္နဒက္ခိဏံပန=လှူအပ်သောသံဃိက အလှူကိုမူကား၊ ကော=အဘယ်သံဃာသည်၊ သောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်ပေးသနည်း၊ ဣတိ=ဤကား အမေးပုစ္ဆာ

http://www.dhammadownload.com



တည်း၊ သာရိပုတ္တမောဂ္ဂလ္လာနာဒယော-အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်အစရှိကုန်သော၊ အသီတိမဟာထေရာ-ရှစ်ကျိပ်သောမဟာထေရ်တို့သည်၊ သောဓေန္တိ-အကျိုးကြီးအောင်ချီးမြှောက် သုတ်သင်ပေကုန်၏၊ အပိစ-စင်စစ်သော်ကား၊ ဗုဒ္ဓကာလေ-မြတ်စွာဘုရား လက်ထက်တော်၌၊ ပရိနိဗ္ဗုတေ-ကိလေသာမီးငြိမ်းတော်မူကြကုန်ပြီးသော၊ ထေရေ-မထေရ်မြတ်တို့ကို၊ အာဒိံကတွာ-အစပြု၍၊ ယာဝဇ္ဇဓရမာနာ-ယခုနေ့တိုင် ထင်ရှားရှိကြပေကုန်သော၊ ခီဏာသဝါ-ရဟန္တာတို့သည်၊ သောဓေန္တိယေဝ-အကျိုးကြီးအောင် ချီးမြှောက် သုတ်သင်တော်မူကြပေကုန်သည်သာလျှင်တည်း။

ဤသို့မိမိစိတ်ကို သံဃာ၌တည်စေ၍ သံဃာ၌ရောက်စေ၍ သံဃာကိုအာရုံပြု၍ လှူရာ၌ သင်္ကန်းအလှူဖြစ်ခဲ့အံ့၊ ထိုအလှူဒါယကာသည် ငါတို့ဘုရားသာသနာရှိ အလုံးစုံသော သံဃာတော်မြတ်၏ သင်္ကန်းဒါယကာဖြစ်လေ၏၊ ဆွမ်းအလှူဖြစ်ခဲ့အံ့၊ ထိုအလှူ့ဒါယကာသည် ငါတို့ဘုရားသာသနာရှိ အလုံးစုံသောသံဃာတော်မြတ်၏ ဆွမ်းဒါယကာ ဖြစ်လေ၏၊ ကျောင်းအလှူဖြစ်ခဲ့အံ့၊ ထိုကျောင်းဒါယကာသည် ငါတို့ဘုရားသာသနာ၌ အလုံးစုံသော သံဃာတော်မြတ်၏ ကျောင်းဒါယကာဖြစ်လ၏၊ အရှင်သာရိပုတ္တရာ၏ကျောင်းဒါယကာဖြစ်လေ၏၊ အရှင်မဟာမောဂ္ဂလ္လာန်၏ ကျောင်းဒါယကာ ဖြစ်လေ၏၊ အရှင်ကောဏ္ဍည

http://www.dhammadownload.com



အရှင်မဟာကဿပအစရှိသော အသီတိမဟာသာဝကတို့၏ ကျောင်းဒါယကာဖြစ်လေ၏၊ အကုန်လုံးသော ဘုရားတပည့်သား သံဃာတော်မြတ်တို့၏ ကျောင်းဒါယကာဖြစ်လေ၏။

ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားကို ရည်စူး၍ ယခုကာလ၌ ဘုရားစေတီ တည်ထားကိုးကွယ်သော သူကို ဘုရားဒါယကာခေါ်ရသည်နှင့် အတူတူပင်တည်း။

ထိုဘုရားဒါယကာခေါ်ရာ၌လည်း ဘုရားလိုဏ်တွင်း၌ တည်ထားသောရုပ်ပွါးတော်၏ ဒါယကာဆိုလိုသည်မဟုတ်၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရား၏ ကျောင်းဒါယကာဆိုလိုပါသတည်း။

[ဤသံဃိကကျောင်းမှာလည်း ထိုအတူမှတ်ပါ။]

ထိုလှူအပ်ပြီးသော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကိုမူကား လောက၌ သားသမီး ပေါများသော သူတို့မှာ အချို့သောသားသမီးတို့ သေလွန်ကြကုန်လျှင် သေလွန်သူတို့ပါ ပိုင်ဆိုင်သောအမွေဥစ္စာတို့ကို ကျန်ရှိသော သားသမီးတို့သာ ရယူခံစံကြရကုန်သကဲ့သို့ ယခုရှိနေသော သံဃာတော်တို့သာ ရယူခံစံကြရကုန်၏၊ ရေစက်ချ၍ အမျှပေးဝေသည့်တိုင်အောင် ဤသို့သော သံဃိကတစိတ်ကို ကောင်းစွာတည်စေရာ၏၊ ပြုလုပ် ...ှုဒါန်းသောအခါ၌မူကား ကျောင်းဖြစ်အံ့၊ မိမိစိတ်ကြည်ညိုရာ

http://www.dhammadownload.com



တိုက်တာဆောက်လုပ်၍ ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်ဆောင်၍ ရေစက်ချရာ၏၊ သင်္ကန်း ဆွမ်း ဆေးတို့မှာလည်း အိမ်မှာဖြစ်စေ၊ ဆက်ဆံကြည်ညိုရာ ကျောင်းတိုက်မှာဖြစ်စေ၊ ထိုအတူ မိမိ ကြည်ညိုရာကို ပင့်ဆောင်၍ ရေစက်ချအပ်၏၊ ရေစက်ချပြီးသော အခါ၌ သံဃာတော်များမှာ ဝိနည်းတော်ဥပဒေနှင့် နေရာကျပြု၍ သုံးဆောင်ကြလတ္တံ့။

[ဤကား "သံဃဂတာ ဒက္ခိဏာ" ဟူသော ပါဠိတော်မြွတ်၌ သံဃဂတ ဒက္ခိဏာဖြစ်ပုံ အစိပ္ပါယ်တည်း။]

**ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူဒါန်းခြင်းဟူသော ပဌမသံဃိကဒါနဖြစ်ပုံကား...**

ဘုရားနှင့်တကွ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာကို ပင့်ဖိတ်၍ ဘုရားရှေ့၌ "ဗုဒ္ဓပမုခဿ သံဃဿ ဒေမ" ဟူ၍လည်းကောင်း "ဗုဒ္ဓပမုခဿ ဥဘတောသံဃဿ ဒေမ" ဟူ၍လည်းကောင်း ဆို၍ လှူခြင်းတည်း။

**ဘုရားမရှိသော နောက်ကာလ၌ကား...**

ဘုရားဓာတ်တော်ရှိသော ရုပ်ပွါးဆင်းတုတော်ကို ဘုရားနေရာ၌ထား၍ ဗုဒ္ဓပမုခဥဘတောသံဃိကအလှူကို လှူနိုင်သေးသည်ဟု အဋ္ဌကထာ၌လာ၏။

http://www.dhammadownload.com



"သဓာတုကံ ပတိမံ အာသနေ ထပေတွာ
အာဓာရကေ ပတ္တံ ထပေတွာ ဒက္ခိဏောဒကံ
အာဒိ ကတွာ သဗ္ဗံ သတ္ထု ပဌမံ ဒတွာ
ဥဘတောသံဃဿ ဒါတဗ္ဗံ"။

[အဋ္ဌကထာ။]

သဓာတုကံ=ဘုရားဓာတ်တော်အစစ်ရှိသော၊ ပတိမံ=ရုပ်ပွါးဆင်းတုတော်မြတ်ကို၊ အာသနေ=ဘုရားနေရာ၌၊ ထပေတွာ=ထား၍၊ အာဓာရကေ=သပိတ်ခြေ၌၊ ပတ္တံ=သပိတ်ကို၊ ထပေတွာ=ထား၍၊ ဒက္ခိဏောဒကံ=အလှူရေကို၊ အာဒိကတွာ=အစပြု၍၊ သဗ္ဗံ=အလုံးစုံသောလှူဘွယ်ဝတ္ထုကို၊ သတ္ထု=မြတ်စွာဘုရားအား၊ ပဌမံ=ရှေးဦးစွာ၊ ဒတွာ=လှူပြီး၍၊ ဥဘတော-သံဃဿ=ဥဘတောသံဃာအား၊ ဒါတဗ္ဗံ=ကပ်လှူအပ်၏။

"ဘုရားဓာတ်တော် အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို ဘုရားအရာ၌ ထားရမည်" ဟူသောစကား၌ အကျိုးအထူးကြီးမြတ်စေခြင်းငှါ ဘုရားဓာတ်တော် အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို အထူးဝိသေသဆိုသည်၊ ဘုရားဓာတ်တော်အစစ်မရှိသော ရုပ်ပွါးဆင်းတုတော်ကိုထား၍ လှူသော်လည်း ဗုဒ္ဓပမုခပင် ဖြစ်ရာပါ၏။

http://www.dhammadownload.com



ဘုရားမရှိသည့်နောက် ဥဘတောသံဃာ သက်သက်အား လှူဒါန်းခြင်း. . .

ဟူသော ဒုတိယ၌ သိသာလှပြီ။

ဘိက္ခုသံဃာ သက်သက်အားလှူဒါန်းခြင်း. . .

ဟူသော တတိယသံဃိက၌ ဘုရားခေတ်တော်အစစ်ရှိသော ရုပ်ပွါးဆင်းတုတော်ကို ရှေ့၌ထား၍ ဆိုခဲ့ပြီးသော နည်းဖြင့် လှူဒါန်းပါမူ ဗုဒ္ဓပမုခ ဧကတောသံဃိကအလှူ ဆိုသင့်ပါ၏။

ဘိက္ခုနီသံဃာသက်သက်အား လှူဒါန်းခြင်း. . .

ဟူသောစတုတ္ထ၌လည်း ထိုနည်းအတူတည်း၊ ယခုကာလ၌ကား ဘိက္ခုနီသံဃာ မရှိပြီ၊ ဤအလှူလေးပါးကား တိုက်ရှိသံဃာကိုပင့်၍ လှူသော အလှူမျိုးတည်း။

ပဉ္စမ ဆဋ္ဌမ သတ္တမအလှူ. . .

တိုက်ရှိ သံဃာကုန် မတတ်နိုင်၍ ဘိက္ခုသံဃာတို့ဟိုက်မှလည်းကောင်း, မိမိတို့အလိုရှိသမျှ သံဃာကို တိုက်တာအကြီးအကြပ်တို့ထံ လျှောက်တောင်း၍ လှူသောအလှူသည် ဥဒ္ဒိဿကသံဃိက အလှူမည်၏၊ ပဉ္စမ ဆဋ္ဌမ သတ္တမအလှူသုံးပါးကား ဥဒ္ဒိဿက သံဃိက အလှူသုံးပါးပေတည်း၊ ဥဒ္ဒိဿကဆိုသည်ကား ဘယ်ပုဂ္ဂိုလ် ဘယ်သံဃာကိုဟု ဒါယကာက

http://www.dhammadownload.com



ရည်စူးသည် မဟုတ်၊ တိုက်တာ သံဃာအကြီးအကြပ်တို့ ညွှန်းချရာ ပုဂ္ဂိုလ်ကိုလှူရသော အလှူတည်း။

ဤဥဒ္ဒိဿက သံဃိက သုံးမျိုး၌ ဒါယကာစိတ်မတတ်လျှင် သံဃဂတ ဒက္ခိဏာမြောက်ခဲ့ကြောင်းကို အဋ္ဌကထာ၌ ဤသို့ဆိုပေ၏။

> သံဃဂတံ ဒက္ခိဏံ ဒဿာမီတိ ဒေယျဓမ္မံ ပဋိယာဒေတွာ ဝိဟာရံ ဂန္တွာ ဘန္တေ သံဃတော ဥဒ္ဒိသိတွာ ဧကံ မဟာထေရံ ဒေထာတိ ဝဒတိ။ အထ သံဃတော သာမဏေရံ လဘိတွာ သာမဏေရော မေ လဒ္ဓေါတိ မညိတွာ အညထတ္တံ အာပဇ္ဇတိ။ တဿ ဒက္ခိဏာ သံဃဂတာ န ဟောတိ။ မဟာထေရံ လဘိတွာပိ မဟာထေရော မေ လဒ္ဓေါတိ သောမနဿံ ဥပ္ပါဒေန္တဿာပိ န ဟောတိယေဝ။
>
> [အဋ္ဌကထာ။]

သံဃဂတံ=သံဃာ၌တည်သော၊ ဒက္ခိဏံ=အလှူကို၊ ဒဿာမိ=ငါလှူအံ့၊ ဣတိ=ဤသို့ကြံ၍၊ ဒေယျဓမ္မံ=လှူဖွယ်ဝတ္ထုကို၊ ပဋိယာဒေတွာ=အိမ်၌စီမံပြီး၍၊ ဝိဟာရံ=တစ်ခုသောကျောင်းတိုက်သို့၊ ဂန္တွာ=သွား၍၊ ဘန္တေ=အရှင်ဘုရားတို့၊ သံဃတော= သံဃာမှ၊ ဥဒ္ဒိသိတွာ=ညွှန်းချ၍၊ ဧကံမဟာထေရံ=ထေရ်ကြီးဝါကြီး ဘိက္ခုတော်ကြီးတစ်ပါးကို၊ ဒေထ=ပေးကြကုန်လော့၊ ဣတိ-

http://www.dhammadownload.com



ဝဒတိ=သည်ပုံလျှောက်တောင်းလေ၏၊ အထ=ထိုအခါ၌၊ သံဃတော=သံဃာတော်မှ၊ သာမဏေရံ=သာမဏေငယ်ကို၊ လဘိတွာ=ရ၍၊ မေ=ငါ့အား၊ သာမဏေရော=သာမဏေငယ်ကို၊ လဒ္ဓေါ=ရဘိ၏၊ ကြတိ=ဤသို့၊ မညိတွာ=အောက်မေ့၍၊ အညထတ္တံ=မကြည်မသက် သဒ္ဓါပျက်ခြင်းသို့၊ အာပဇ္ဇတိ=ရောက်ခဲ့အံ့၊ တဿ=ထိုဒါယကာ၏၊ ဒက္ခိဏာ=အလှူသည်၊ သံဃဂတာ=သံဃာ၌တည်သည်၊ နဟောတိ=မဖြစ်ပြီ၊ မဟာထေရံ=ထေရ်ကြီးဝါကြီး သိက္ခာကြီး ဆရာတော်ကြီးကို၊ လဘိတွာပိ=ရသည့်အတွက်လည်း၊ မေ=ငါ့အား၊ မဟာထေရော=ထေရ်ကြီးဝါကြီး သိက္ခာကြီး ဆရာတော်ကြီးကို၊ လဒ္ဓေါ=ရပါပေ၏၊ ကြတိ=ဤသို့၊ သောမနဿံ=အပိုအမို ဝမ်းမြောက်ခြင်းကို၊ ဥပ္ပါဒေန္တဿာပိ=ဖြစ်စေသော ဒါယကာ၏လည်း၊ ဒက္ခိဏာ=အလှူသည်၊ သံဃဂတာ=သံဃာ၌တည်သည်၊ နဟောတိယေဝ=မဖြစ်သည်သာလျှင်တည်း။

**[ရွေးအခါ၌ ဥဒ္ဒိဿက သံဃိက လှူဒါန်းသူပေါ်များကြ၍ တိုက်တာမှာ အလှည့်ကျ သံဃာစာရင်းနှင့် ထားရသည်။]**

မထေရ်ကြီးကို ရလိုပါသည်ဟု လျှောက်တောင်းသော်လည်း တောင်းရာကို ညွှန်းချရသည်မဟုတ်၊ စာရင်းအလှည့်ကျ ရောက်ရာကိုသာ ညွှန်းချရသည်၊ သို့အတွက်ကြောင့် မထေရ်ကြီးဟုဆို၍တောင်းသော်လည်း မထေရ်ကြီးကို မရ၊ သာမဏေငယ်

http://www.dhammadownload.com



ကလေးများကိုရသော အလှည့်ရှိလေသတည်း။

သံဃိကဒါနအစစ်မြောက်လိုသော ဒါယကာမှာမူကား ရှေး၌ပြဆိုခဲ့ပြီးသော သံဃဂတ စိတ်ကိုသာ ခိုင်မြဲစွာပြု၍ ငါသည် အကျိုးကြီးပွါးလိုလှ၍ သံဃိကအလှူကိုသာ လှူလိုရင်းဖြစ်သည်၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် အစရှိသော ဘုရားတပည့်သား သံဃာအလုံးစုံသည်သာ ငါ၏အလှူခံဖြစ်သည် ယခုထေရ်ကြီးဝါကြီး ဆရာတော်ကြီး ရရှိသော်လည်း ဤထေရ်ကြီး ဝါကြီးဆရာတော်ကြီးသည် ငါ့အလှူခံမဟုတ်၊ သာမဏေငယ်ကိုရသော်လည်း ဤသာမဏေငယ်သည် ငါ့အလှူခံမဟုတ်၊ အလှူမြောက်ရုံမျှ ခံသမားဖြစ်သည်ဟု စိတ်နှလုံး ခိုင်ခိုင်ထား၍ ရရှိသောပုဂ္ဂိုလ်၏ မျက်နှာကိုလည်းကောင်း, လောကကိုလည်းကောင်း မကြည့်ပဲ လှူနိုင်ပါမှ သံဃိကအစစ် မြောက်နိုင်သည် ဟူလိုပါသတည်း၊ ခဲယဉ်းလှ၏။

သာမဏေငယ်ကိုပင် ရသော်လည်းကောင်း, အလဇ္ဇီ ဒုဿီလကိုပင် ရသော်လည်းကောင်း, အရှင်သာရိပုတ္တရာကို ရိုသေလေးမြတ်စွာ ပြုနိုင်သကဲ့သို့ ထိုသာမဏေငယ် အလဇ္ဇီ ဒုဿီလကိုလည်း ရိုသေလေးမြတ်စွာ ပြုနိုင်ရသည်၊ မပြုနိုင် ပင်လျှင် ထိုအလှူရှင်စိတ် အရှင်သာရိပုတ္တရာသို့ မဆိုက်ပြီ၊ သာမဏေငယ် အလဇ္ဇီဒုဿီလတွင်သာ ဆိုက်တိုက်၍နေပြီ။

http://www.dhammadownload.com



## ဤအရာ၌ အဋ္ဌကထာမှာ ဝတ္ထုလာ၏...

ကျောင်းတိုက်ဒါယကာ သူကြွယ်တစ်ယောက်သည် သံဃဂတအလှူမြောက်လို၍ မိမိတိုက်မှာ ဥဒ္ဒိဿက သံဃာ တစ်ပါး လျှောက်တောင်းလေ၏၊ ဒုဿီလရဟန်း တစ်ယောက်ကို ရလေ၏၊ ဘုရားကိုအရိုအသေ အလေးအမြတ်ပြုသည်နှင့် ထပ်တူပြုပေ၏၊ ပြုပုံကား နေရာကိုကောင်းမွန်စွာလိမ်းကျံ၍၊ အဖိုးတန်အထည်တို့ကိုခင်း၍ အထက်၌ ဗိတာန် မျက်နှာ ကြက်ဖြန့်မိုး၏၊ ဘုရားကို ပူဇော်သကဲ့သို့ ထိုဒုဿီလရဟန်းကို ပန်းနံ့သာအခိုးအထုံတို့ဖြင့် ပူဇော်ပေ၏၊ ခြေဆေးခြင်း ခြေကို နံ့သာဆီတို့ဖြင့်လိမ်းခြင်း ပျပ်ဝပ်ခယမ်းခြင်းများကိုပြု၍ အလွန် ရိုသေစွာ ကပ်လှူလေ၏၊ ဒုဿီလမှန်းသိလျက် အဘယ်ကြောင့် ဤသို့ ရိုသေလေးမြတ်ခြင်းကို ပြုသနည်းဟု သူတစ်ပါးတို့က ဆိုကြသောအခါ ထိုပုဂ္ဂိုလ်ကို လှူသော အလှူမဟုတ်၊ ထိုပုဂ္ဂိုလ် ကို ပြုသော အမှုစု မဟုတ်၊ သံဃာကို ငါလှူသည်၊ သံဃာကို ငါပြုသည်ဟုဆိုပေ၏။

ဗုဒ္ဓဿ နိပစ္စကာရံ ကရောန္တောဝိယ သံဃေ
စိတ္တီကာရေန ဒေယျဓမ္မံ အဒါသိ။

ဗုဒ္ဓဿ-သက်တော်ထင်ရှား ဘုရားမြတ်စွာအား၊ နိပစ္စကာရံ-ရိုညွတ်ဝပ်တွားခြင်းကို၊ ကရောန္တောဝိယ- ပြုသည်

http://www.dhammadownload.com



နှင့်အတူ၊ သံဃေ=အရိယာသံဃာ၌၊ စိတ္တီကာရေန=ကြည်ညိုရိုသေခြင်းဖြင့်၊ တဿ=ထိုဒုဿီလရဟန်းအား၊ ဒေယျဓမ္မံ=လှူဘွယ်ဝတ္ထုများကို၊ အဒါသိ=ကပ်လှူလေ၏။

[ဤကား မေးလျှောက်ရင်း ပုစ္ဆာတွင် ပါရှိသော သံဃိကဒါနတို့၏ သရုပ်အဓိပ္ပါယ်ကို လှူနည်းလှူပုံနှင့်တကွ ထုတ်ပြဖြေဆိုချက်တည်း။]

ပုစ္ဆာ၌ မပါသော်လည်း ထိုပါဠိတော်မှာ ပါရှိသော ပုဂ္ဂလိက တစ်ဆယ့်လေးပါးကို ပြဆိုဦးအံ့။

| | |
|---|---|
| တိရစ္ဆာန်ပုဂ္ဂိုလ် | ၁, |
| လူဒုဿီလ | ၁, |
| လူသီလဝန္တ | ၁, |
| သာသနာပ ဈာန်ရရသေ့ | ၁, |
| အရိယာပုဂ္ဂိုလ် | ၈, |
| ပစ္စေကဗုဒ္ဓါ | ၁, |
| သဗ္ဗညုဘုရား | ၁, |
| ပေါင်း | ၁၄, |

ဤတစ်ဆယ့်လေးတွင် လူသီလဝန္တဆိုသည်ကား သာသနာပ ဂဟဋ္ဌ လူသီလဝန္တကို ဆိုသတည်း။

သရဏဂုံသုံးပါး ကောင်းစွာတည်၍ သာသနာတွင်းပါဝင်သော လူဂဟဋ္ဌကိုကား အရိယာရှစ်ယောက်တွင် သောတာ

http://www.dhammadownload.com



ပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ်ဟု ဆိုအပ်သော သောတာပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်မှာ သင်္ဂြိုဟ်လျက်ပါဝင်သည်။

ထိုကြောင့် အဋ္ဌကထာ၌-

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေတိ ဧတ္ထ ဟေဋ္ဌိမ ကောဋိယာ တိသရဏ-ဂတော ဥပါသကောပိ သောတာပတ္တိဖလသစ္ဆိကိရိ-ယာယ ပဋိပန္နော နာမ။ တဿ ဒိန္နဒါနံပိ အသင်္ချေယျံ အပ္ပမေယျံ။ ပဉ္စသီလေ ပတိဋ္ဌိတဿ ပန တတော ဥတ္တရိ မဟပ္ဖလံ။ ဒသသီလေ ပတိဋ္ဌိတဿ တတော ဥတ္တရိ မဟပ္ဖလံ ဥတ္တမ ကောဋိယာ ပန မဂ္ဂသမင်္ဂီ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော နာမ။ ဧတဿ ဒိန္နဒါနံ။ တတော ဥတ္တရိ မဟပ္ဖလမေဝ။

ဟူ၍ဖွင့်ဆို၏။

သောတာပတ္တိ ဖလသစ္ဆိကိရိယာယပဋိပန္နေတိဧတ္ထ= သောတာပတ္တိဖလသစ္ဆိကိရိယာယပဋိပန္နေ ဟူသော ဤပါဠိတော်ပါဌ်၌၊ ဟေဋ္ဌိမကောဋိယာ=အောက်ဆုံးဖြစ်သော အစွန်းအားဖြင့်၊ တိသရဏဂတော=သရဏဂုံသုံးပါး စွဲမြဲသော၊ ဥပါ-သကောပိ=ဥပါသကာအင်္ဂါနှင့် ပြည့်စုံသသူ လူဂဟဋ္ဌသည်လည်း၊ သောတာပတ္တိဖလသစ္ဆိကိရိယာယ=သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ၊ ပဋိပန္နောနာမ=ကျင့်ပေသောသူမည်ပါ၏၊

http://www.dhammadownload.com



တသွီး=ထိုသရဏဂုံသုံးပါး လုံသောသူ လူဥပါသကာ၌၊ ဒိန္နဒါနံပိ= သဒ္ဓါကြည်ဖြူ ကျွေးမွေးပေးကမ်းသော ဒါနသည်လည်း၊ အသင်္ချေယျံ=အဆအသင်္ချေ ဘဝအသင်္ချေ အကျိုးပေးနိုင်၏၊ အပ္ပမေယျံ=မနှိုင်းယှဉ်သာသော အာနိသင်ရှိ၏၊ ပဉ္စသီလေ= ပဉ္စသီလ၌၊ ပတိဋ္ဌိတဿပန=တည်သော လူသီလဝန္တ ပုဂ္ဂိုလ်အား၊ ဒိန္နဒါနံ=သဒ္ဓါကြည်ဖြူ ကျွေးမွေးပေးကမ်းသော ဒါနသည်၊ တတော=ထိုသရဏဂုံမျှ တည်သသူ လူဂဟဋ္ဌ၌ ပြုသောဒါန ထက်၊ ဥတ္တရိ=အလွန်၊ မဟပ္ဖလံ=ကြီးသောအကျိုးရှိ၏၊ ဒသ- သီလေ=ဆယ်ပါးသီလတည်သူ လူသီလဝန္တ၌၊ ဒိန္နဒါနံ=သဒ္ဓါ ကြည်ဖြူ ကျွေးမွေးပေးကမ်းသော ဒါနသည်၊ တတော=ထို ပဉ္စသီလ၌တည်သူ လူသီလဝန္တ ဂဟဋ္ဌ၌ပြုရသော ဒါနထက်၊ ဥတ္တရိ=အလွန်၊ မဟပ္ဖလံ=ကြီးသောအကျိုးရှိ၏၊ ဥတ္တမ- ကောဋိယာပန=အစွန်းအားဖြင့် အထက်ဆုံးကား၊ မဂ္ဂသမင်္ဂီ= သောတာပတ္တိမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ သောတာပတ္တိ- ဖလသစ္ဆိကိရိယာယ= သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ၊ ပဋိပန္နောနာမ=ကျင့်သောပုဂ္ဂိုလ်မည်၏၊ တဿ=ထိုသောတာ- ပတ္တိမဂ္ဂဋ္ဌ ပုဂ္ဂိုလ်အား၊ ဒိန္နဒါနံ=သဒ္ဓါကြည်ဖြူ ကျွေးမွေး ပေးကမ်းသောဒါနသည်၊ တတော=ထိုပုထုဇ္ဇန်ကိုလှူသော ဒါနထက်၊ ဥတ္တရိ=အလွန်၊ မဟပ္ဖလမေဝ=အကျိုးကြီးမြတ်တော့ သည်သာလျှင်တည်း။

http://www.dhammadownload.com



ဤသရဏဂုံသီလ စွဲမြဲကြသော ဂဟဋ္ဌဖြစ်သူ လူမိန်းမ, လူယောကျ်ားများသည် သောတာပန်အနီး၌ တည်သော သောတာပတ္တိဖလသစ္ဆိကိရိယပဋိပန္နပုဂ္ဂိုလ်အရာ၌ ပါဝင်ကြောင်းကို ဖွင့်ဆိုပေ၏။

**[သာသနာထမ်း ပုထုဇ္ဇန်ရဟန်း ပုထုဇ္ဇန်သာမဏေတို့ကား ဆိုဖွယ်မရှိ။ ကေန္တပါဝင်လေတော့သည်။]**

ပါဠိတော်၌ သရဏဂုံမျှမရှိကြသော တရုတ်ကုလား အစရှိသောသာသနာမှအပ ဂဟဋ္ဌဖြစ်သူတို့၌ ဒုဿီလတစ်မျိုး သီလဝန္တတစ်မျိုး အလျှုခံပုဂ္ဂိုလ်နှစ်မျိုး ခွဲခြမ်း၍ဟောတော်မူ၏၊ သာသနာတွင်းဖြစ်သူ လူဂဟဋ္ဌ သာမဏေရ ဘိက္ခု ပုထုဇ္ဇန်များကိုကား ဒုဿီလ သီလဝန္တနှစ်မျိုး ခွဲခြမ်း၍မလာ၊ ထိုသို့ ပါဠိတော်မှာ မလာသော်လည်း အဋ္ဌကထာ၌ သရဏဂုံ တည်သူ လူဂဟဋ္ဌကို အစတည်၍ပြသဖြင့် သီလဝန္တသာမဏေ သီလဝန္တ ရဟန်းတို့မှာ ဆိုဖွယ်ရာမရှိ ပါဝင်မှုထင်ရှားပြီ။

အလဇ္ဇီသာမဏေ ဒုဿီလသာမဏေ အလဇ္ဇီရဟန်း ဒုဿီလရဟန်းတို့၌မူကား အလျှုခံပုဂ္ဂိုလ် တစ်ဆယ့်လေးတွင် အဝင်အပါ ဖြစ်,မဖြစ် ဝိဝါဒရှိကြကုန်၏။

ကေန်စင်စစ် ပါဝင်ကြောင်းကို မိလိန္ဒပဥှာ ပါဠိတော်မြွတ်ဖြင့် ဆုံးဖြတ်ဖြေဆိုအပ်၏။

http://www.dhammadownload.com



"ဘန္တေ နာဂသေန ဂိဟိဒုဿီလဿစ သမဏ-
ဒုဿီလဿစ ကော ဝိသေသော"

အစရှိသည်ဖြင့် လူဒုဿီလနှင့် ရဟန်းဒုဿီလ အဘယ်သို့ ထူးကြပါသနည်းဟု မေးလျှောက်ရာ-

"ဒသယိမေ မဟာရာဇ ဂုဏာ သမဏဒုဿီလဿ
ဂိဟိဒုဿီလတော ဝိသေသေန အတိရေကာ၊
ဒသဟိစ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ"

အစရှိသည်ဖြင့် ဖြေဆိုဟောကြားတော်မူပေ၏။

မဟာရာဇ=မင်းကြီး၊ ဂိဟိဒုဿီလတော=လူဒုဿီလထက်၊ သမဏဒုဿီလဿ=ရဟန်းဒုဿီလအား၊ ဣမေ ဒသဂုဏာ= ဤဆယ်ပါးသောဂုဏ်တို့သည်၊ ဝိသေသေန=အထူးအားဖြင့်၊ အတိရေကာ=လွန်ကဲပေကုန်၏၊ ဒသဟိစ ကာရဏေဟိ= ဆယ်ပါးသောအကြောင်းတို့ဖြင့်လည်း၊ ဥတ္တရိ=အလွန်၊ ဒက္ခိဏံ= ဒါယကာတို့၏အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

[လူဒုဿီလဆိုသည်ကား မုဆိုး တံငါစသည်တည်း။]

ဘိက္ခုဒုဿီလဂုဏ် ၁၀-ပါး-

ထို လူဒုဿီလထက် လွန်မြတ်သော ဂုဏ်၁၀-ပါး ဆိုသည်ကား-

http://www.dhammadownload.com



၁။ ဗုဒ္ဓေ=ဣတိပိ သော ဘဂဝါ အရဟံ အစရှိသော ဘုရားဂုဏ်၌၊ သဂါရဝေါ=ရိုသေခြင်းရှိ၏။

၂။ ဓမ္မေ=သွာက္ခာတော ဘဂဝတာ ဓမ္မော အစရှိသော တရားဂုဏ်၌၊ သဂါရဝေါ=ရိုသေခြင်းရှိ၏။

၃။ သံဃေ=သုပ္ပဋိပန္နော အစရှိသော အရိယ သံဃာ့ ဂုဏ်၌၊ သဂါရဝေါ=ရိုသေခြင်းရှိ၏။

၄။ သပြဟ္မစာရီသု=သီတင်းသုံးဖော်တို့၌၊ သဂါရဝေါ= ရိုသေခြင်းရှိ၏။

၅။ ဥဒ္ဒေသပရိပုစ္ဆာယ=ပါဠိအဋ္ဌကထာသင်ကြားမှု၌၊ ဝါယမတိ=လုံ့လမကင်းရှိ၏၊ သဝနဗဟုလော= တရား ကျမ်းဂန်စကားကို ကြားရနာရများ၏။

၆။ မဟာရာဇ=မင်းကြီး၊ ဒုဿီလော=ရဟန်းဒုဿီလ ပုဂ္ဂိုလ်သည်၊ ဘိန္နသီလောပိ=သီလပျက်ပြီးဖြစ် သော်လည်း၊ ပရိသာဂတော=လူပရိသတ် ရှင် ပရိသတ်အလယ်သို့ ရောက်သည်ရှိသော်၊ အာကပ္ပံ=ရဟန်းကောင်းတို့၏ အသွင်အပြင်ကို၊ ဥပဋ္ဌပေတိ=ဖြစ်စေ၏။

၇။ ဂရဟာဘယာ=လူ့အများ ကဲ့ရဲ့မည်ကိုကြောက် သောကြောင့်၊ ကာယိကံ=ကာယကံမှုကိုလည်း ကောင်း၊ ဝါစသိကံ=ဝစီကံမှုကိုလည်းကောင်း၊

http://www.dhammadownload.com



ရက္ခတိ=စောင့်၏။

၈။ အသ=ထိုဒုဿီလရဟန်း၏၊ စိတ္တံ=စိတ်သည်၊ ပဓာနာဘိမုခ်=ရသေ့သူတော် လူသူတော်အဖြစ်နှင့် ဘာဝနာတရားများကို အားထုတ်ခါနေရသော် ကောင်းမြတ်ရာ၏ဟု ပဓာနအမှု၌ ရှေ့ရှုသည်၊ ဟောတိ=ဖြစ်၏။

၉။ ဘိက္ခုသာမည်=ရဟန်းဟူသော သမုတ်ခြင်းသို့၊ ဥပဂတော=ရောက်သည်၊ ဟောတိ=ဖြစ်၏။

၁၀။ မဟာရာဇ=မင်းကြီး၊ သမဏာဒုဿီလော=ရဟန်း ဒုဿီလသည်၊ ပါပံ=မကောင်းမှုကို၊ ကရောန္တောပိ= ပြုပါသော်လည်း၊ ပဋိစ္ဆန္နံ=လျှို့လျှို့ဝှက်ဝှက်၊ အာစရတိ=ပြု၏။

[ဤကား ဂုဏ်ဆယ်ပါးတည်း။]

လူဒုဿီလ၌ ထိုဂုဏ်ဆယ်ပါးတွင် တစ်ပါးပါးမျှ ပြောပ စရာမရှိ၊ ထို့ကြောင့် ထိုဂုဏ်ဆယ်ပါးတွင် တစ်ပါးပါးမျှ ပြောပ စရာရှိလျှင်ပင် ရဟန်းဒုဿီလက သာလွန်တော့သည်၊ ရှေး၌ ပြဆိုခဲ့ပြီးသော သီဟိုဠ်မင်းသည် ဤဂုဏ်ဆယ်ပါးတွင် “ဂရုဟာဘယာ ကာယိကံ ဝါစသိကံ ရက္ခတိ” ဟူသော သတ္တမ ဂုဏ် “ပါပံ ပဋိစ္ဆန္နံ အာစရတိ” ဟူသော ဒသမဂုဏ်များ နှင့်ပြည့်စုံသည်ကို မြင်နိုင်သော ပညာရှိဖြစ်ပေသတည်း၊

http://www.dhammadownload.com



"ဘိက္ခုသာမည့် ဥပဂတော ဟောတိ" ဟူသော ဤပါဠိတော်ကို ထောက်မြော်၍ ထိုဒုဿီလသည် ငါရဟန်းဟူသော ပဋိညာဉ်ကို မစွန့်သေးသမျှကာလပတ်လုံး လူလည်း မဟုတ်သေး၊ သာမဏေလည်း မဟုတ်သေး၊ လူသာမဏေတို့၏ အထက်ဖြစ်သော ရဟန်းထဲကပင် ရှိသေးသည်ကို သိအပ်၏။

[ရှေး၌လည်း ဤအစီပွါယ်ကို အထပ်ထပ်ပြဆိုခဲ့လှပြီ။]

ထိုဒုဿီလရဟန်းကို အမူလကအားဖြင့် ဒုဿီလ စကားနှင့် စွပ်စွဲဆဲရေးမိသည်ရှိသော် ရဟန်းကောင်းကို စွပ်စွဲဆဲရေးမိသည်နှင့်အတူ စွပ်စွဲဆဲရေးသူ ရဟန်းတို့အား အာပတ်ကြီးတပ်၍ ပညတ်တော်မူသော ဝိနည်းပါဠိတော်မြွတ်နှင့် ဤမိလိန္ဒပဉှာပါဠိတော်အလာသည် ညီညာလှ၏၊ လူတို့က ထိုဒုဿီလရဟန်းကို စိတ်ကြမ်းနှုတ်ကြမ်းနှင့် စွပ်စွဲ ဆဲရေးမိရာ၌ကား ဆိုဖွယ်မရှိဟု သိထိုက်လှ၏။

## ဘိက္ခုဒုဿီလ ဒက္ခိဏာဝိသုဒ္ဓိအကြောင်း ၁၀-ပါး

ထိုဒုဿီလပုဂ္ဂိုလ်၌ လှူဒါန်းသူ ဒါယကာတို့၏ အလှူဒါန၊ အကျိုးကြီးရာသော ဒက္ခိဏာဝိသုဒ္ဓိအကြောင်း ဆယ်ပါးဟူသည် အဘယ်နည်းဟူမူကား-

၁။ သော-ထိုရဟန်း ဒုဿီလပုဂ္ဂိုလ်သည်၊ အာဟဝက-ဝစခေရဏတာယပိ-တစ်ထောင့်ငါးရာ ကိလေသာ

http://www.dhammadownload.com



စစ်ပွဲ၌ သူရဲတို့ကြိယာဖြစ်ကုန်သော သက်နီး သပိတ် ပရိက္ခရာတည်းဟူသော ချပ်ဝတ်မိန်ညီုတို့ကို ကိုယ်၌ ဝတ်ဆင်သောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

["ဝိသုဇ္ဈတိတိ မဟပ္ဖလဘာဝေန ဝိသုဇ္ဈတိ၊ မဟပ္ဖလံ ဟောတီတိ အတ္တော" ဟူသော အဋ္ဌကထာဖွင့်ကို ထောက်၍ "ဝိသောဓေတိ" ပုဒ်အနက်ကို သိလေ။]

၂။ ကာသိသာမည တကျွလိင် ကရဏတောပိ=ရသေ့ ရဟန်းအနေ အထွေထွေသော အသွင်အပြင် အမူအရာကို ပြုသောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

၃။ သံဃသမယမနုပဝိဋ္ဌတာယပိ=သံဃသမယ၌ အစဉ်သက်ဝင်သည်၏အဖြစ်အားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏အလှူဒါနကို၊ ဝိသောဓေ-တိ=အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။

၄။ ဗုဒ္ဓဓမ္မသံဃ သရဏဂတတာယပိ=ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃသရဏဂုံ တည်သောအားဖြင့် လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊

http://www.dhammadownload.com



ဝိသောခေတိ= အကျိုးကြီးအောင် ချီးမြှောက်သုတ်
သင်နိုင်၏။

၅။ ပဓာနာတိသယ နိကေတဝါသိတာယပိ=လွန်မြတ်
သော ဘာဝနာတရားကို အားထုတ်ရာဌာန
ဖြစ်သော သံဃာတို့ကျောင်း၌သာ စွဲမြဲစွာနေ
မှုရှိသောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏
အလှူဒါနကို၊ ဝိသောခေတိ=အကျိုးကြီးအောင်
ချီးမြှောက်သုတ်သင်နိုင်၏။

၆။ ဇိနသာသနဓရ ပရိယေသနတောပိ=ဘုရား
သာသနာ တည်ရာအခွင့်ကို ရှာမှီးသောအားဖြင့်
လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊
ဝိသောခေတိ=အကျိုးကြီးအောင် ချီးမြှောက် သုတ်
သင်နိုင်၏။

၇။ ပဝရဓမ္မဒေသနတောပိ=မြတ်သော ဓမ္မကထာ
အနုမောဒနာတရားကို ဟောပြောမှုရှိပေသော
အားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါန
ကို၊ ဝိသောခေတိ=အကျိုးကြီးအောင် ချီးမြှောက်
သုတ်သင်နိုင်၏။

၈။ ဓမ္မဒီပဂတိပရာယဏတောပိ=ပိဋကတ်သုံးဖြာ
ဒေသနာဆီမီးလျှင် စိတ်၏တည်ရာ လည်းလျောင်း

http://www.dhammadownload.com



ရာ ရှိသေးသောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

၉။ ဗုဒ္ဓေါ=ဘုရားသည်၊ အဂ္ဂေါ=မြတ်၏၊ ဣတိ=ဤသို့ ကေဝလံ ဥဇုဒိဋ္ဌိတာယပိ=စင်စစ်ဖြောင့်စင်းသော အယူရှိသောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

၁၀။ ဥပေါသထ သမာဒါနတောပိ=ဥပုသ်ဆောက်တည်မှုရှိသောအားဖြင့်လည်း၊ ဒက္ခိဏာ=ဒါယကာတို့၏ အလှူဒါနကို၊ ဝိသောဓေတိ=အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။

[ဤကား အလှူ အကျိုးကြီးရာသော အကြောင်းတရား ဆယ်ပါးတည်း။]

ရဟန်းဇာတ်မရှိ ပကတိလူသက်သက် ဖြစ်သောသူသည် သင်္ကန်း သပိတ် ပရိက္ခရာကို ဆောင်ခြင်းစသည်ကို ပြုသော်လည်း ဒက္ခိဏာဝိသုဒ္ဓိဂုဏ်မဖြစ်၊ မုံရွာလှေကူးအရပ်၌ ဒါယိကာမကြီးတစ်ယောက်သည် ရဟန်းကြီးတစ်ပါးကို မကြည်ညိုနိုင်ရှိ၏၊ အိမ်ပေါက်ဝ၌ နေ့တိုင်းဆွမ်းရပ်လာသည်ကို နေ့တိုင်းကန်တော့ ၍လွှတ်၏၊ ဤအကြောင်းကို လျှောက်ထားကြားသိရာ ထို

http://www.dhammadownload.com



ဒါယိကာမကြီးကို ဤသို့ဆုံးမပေ၏၊ ယခုအခါ သာသနာအတွင်း၌ ကြုံကြိုက်၍ရရှိသော ဤမျက်စိနှစ်လုံးသည် ဒဿနာ-နုတ္တရိယ၏ အကြောင်းဖြစ်ပေ၏၊ ကြည်ညိုသောစိတ်ဖြင့် အရဟတ္တဓဇဖြစ်သော သင်္ကန်းတော်ကို မြင်ရခြင်းသည် ပဒေသရာဇ် ဧကရာဇ် စကြာမန္ဓာတ်မင်းတို့၏ စည်းစိမ်ကျက်သရေကို မြင်ရသည်ထက် လွန်မြတ်၏၊ နတ်ပြည်ခြောက်ထပ် နတ်မင်း သိကြားမင်းတို့၏ စည်းစိမ်ကျက်သရေကို မြင်ရသည်ထက် အလွန်မြတ်၏၊ ပုထုဇ္ဇန်ဗြဟ္မာမင်းတို့၏ ဘုန်းတန်ခိုးကျက်သရေကို မြင်ရသည်ထက် လွန်မြတ်၏၊ ကြည်ညိုသောစိတ်ဖြင့် တစ်ကြိမ်တစ်ခါမျှ မြင်ရခြင်းသည် အကုဋေမက အဖိုးထိုက်တန်၏၊ တောသွား ယောကျ်ားတစ်ယောက်သည် တောအရပ်တွင် တောချုံပေါ်တွင် တင်၍နေသော သင်္ကန်းတော် တစ်ပိုင်းတစ်စိတ်ကို တွေ့မြင်လေရာ အရဟတ္တဓဇကို တွေ့မြင်ရပေသည်ဟု အလွန်ကြည်ညိုစွာ ရှိခိုးပူဇော်၍ သေလွန်သော အခါ ထိုစီဝရပူဇာ မင်္ဂလာကုသိုလ်နှင့်ပင် နတ်ရွာသုဂတိသို့ လားရလေ၍ ငါတို့ဘုရား လက်ထက်၌ အကျွတ်ရဖူးသော စီဝရပူဇနီယဝတ္ထုများ အပဒါန်ကျမ်းတွင် ထင်ရှားရှိ၏။

ဒါယိကာမကြီး၏ ဆွမ်းတစ်ဇွန်းသည် အဘယ်မျှလောက် အဖိုးတန်သနည်း၊ သင်္ကန်းတော်ကို မြင်ရသောအမှုသည် အဘယ်မျှ အဖိုးတန်လိမ့်မည်နည်း၊ သာသနာမရှိသောအခါ၌

http://www.dhammadownload.com



ဤသက်န်းတော်ကို ခြုံရုံ၍ နေ့စဉ်ကြွခဲ့ပါ, သက်န်းတော်နှင့် ကျွန်တော်မ မျက်စိတွေ့ရှိပါရစေ, တစ်နေ့တစ်နေ့လျှင် ငွေတစ်ရာ ပေးပါမည်ဆိုသော် ရနိုင်မည်လောဟု မေးပေ၏၊ မရနိုင်ပါ လျှောက်၏၊ ထို့နောက် ငွေတစ်ထောင်ပေးသော် တစ်သောင်း တစ်သိန်းပေးသော် ရနိုင်မည်လောဟု မေးပေ၏၊ မရနိုင်ပါ လျှောက်၏၊ ထိုအခါမှ ဒါယိကာမကြီး မျက်စိကို သက်န်းတော် ရောင်ဖြင့် အဘိုးအနဂ္ဃထိုက်တန်အောင် ခြယ်လယ်၍ ပေး ပေသော ထိုရဟန်းကြီးကို ဆွမ်းကလေး တစ်ဇွန်းလောက်နှင့် အကဲရောက်လို့ သင့်လျော်မည်လော ဟုဆုံးမပေ၏၊ ထိုနေ့မှစ၍ ထိုဒါယိကာမကြီးမှာ မြင်တိုင်းကို ကြည်ညိုနိုင်သော သဒ္ဓါကောင်း ကောင်း တည်လေ၏။

[ဤကဲ့သို့သော အနက်ကို "အာဟ၀က၀စဓာရဏာတာယပိ ဒက္ခိဏာ ၀ိသောဓေတိ" ဟူသောပါဠိဖြင့်ပြတော်မူပေ၏။]

ဤဒက္ခိဏာဝိသုဒ္ဓိ၏ အကြောင်းဂုဏ်ပုဒ် ဆယ်ပါးတို့တွင် အချို့သောဂုဏ်ပုဒ်မှာ ထိုဒုဿီလရဟန်း၌ကား နစ်မွန်းဖို့ ဖြစ်၏၊ ဉာဏ်လိမ္မာ၍လှူဒါန်းသူမှာ ဒက္ခိဏာဝိသုဒ္ဓိ ဖြစ်ဖို့ဖြစ်၏၊ မလိမ္မာ၍ စွပ်စွဲဆဲရေးသူမှာ အပြစ်လေးဖို့ဖြစ်၏၊ ဤပါဠိတော်ကိုထောက်၍ ရဟန်းဒုဿီလသည် အလှူခံတစ်ဆယ့်လေးပါးတွင် ပါ၀င် ကြောင်းကို သိအပ်၏၊ ထိုသို့ဖြစ်ခဲ့သော် ရဟန်းဒုဿီလကို လှူလျှင် မဟပ္ဖလ မဟာနိသံသ မဖြစ်ဟု အဘယ်ကြောင့်

http://www.dhammadownload.com



ဟောတော်မူပြန်ပါသနည်း ဆိုရန်ရှိ၏။

သီလဝန္တ ရဟန်းကို လှူရသလောက် အကျိုးမကြီး၍ ဟောတော်မူသည်ဟု မှတ်ရမည်။

ပုဂ္ဂလိကတစ်ဆယ့်လေးတွင် တိရစ္ဆာန်ကိုလှူရာ၌ အဆတစ်ရာသောအကျိုးကို ဟောတော်မူသည်၊ သာသနာပလူ ဒုဿီလကို လှူရာ၌ အဆတစ်ထောင်သောအကျိုး, သာသနာပလူ သီလဝန္တကိုလှူရာ၌ အဆတစ်သိန်းသောအကျိုး, သာသနာပ ဈာန်ရရသေ့ကိုလှူရာ၌ အဆအကုဋေတစ် သိန်းသော အကျိုး ရှေး၌ပြဆိုခဲ့ပြီးသော သရဏဂုံတည်သောသူ လူဂဟဋ္ဌမှစ၍ သောတာပတ္တိပုဂ္ဂိုလ်တိုင်အောင် သောတာပတ္တိဖလ သစ္ဆိ-ကိရိယာယ ပဋိပန္နမဂ္ဂဋ္ဌပုဂ္ဂိုလ်ကိုလှူရာ၌ အဆအသင်္ချေယျ အပ္ပမေယျ အကျိုးကို ဟောတော်မူသည်၊ ထိုနောက်အထက် အရိယာခုနစ်ယောက်, ပစ္စေကဗုဒ္ဓါ, သဗ္ဗညုဘုရား, ဤကိုးပါး တို့၌လည်း အဆအသင်္ချေယျ အပ္ပမေယျအကျိုးကို ဟော တော်မူသည်။

**အသင်္ချေယျချင်းချင်း အထူးကား. . .**

ကောက်နယ်တလင်းတစ်ခုစာ၌ မဟာပထဝီ မြေမှုန့်သည်လည်း အသင်္ချေယျပင်ဖြစ်၏၊ တစ်ရွာနယ်ရှိ မဟာပထဝီ မြေမှုန့်သည်လည်း အသင်္ချေယျပင် ဖြစ်၏၊ တစ်မြို့နယ်တွင်းရှိ

http://www.dhammadownload.com



မဟာပထဝီမြေမှုန့်သည်လည်း အသချေ်ယျပင် ဖြစ်၏၊ ဤသို့ စသည်ဖြင့် အသချေ်ယျချင်း ကွာပုံကို အဋ္ဌကထာ၌ ပြပေ၏။

ထိုတစ်ဆယ့်လေးတွင် ရှေးရှေးပုဂ္ဂိုလ်ကိုလှူသော အလှူ ထက် နောက်နောက် ပုဂ္ဂိုလ်ကိုလှူသော အလှူကို ထောက်စာ သော် ရှေးရှေးပုဂ္ဂိုလ်ကို လှူသောအလှူသည် မဟပ္ဖလ မဟာနိ သံသ ဖြစ်၏၊ နောက်နောက်ပုဂ္ဂိုလ်ကို လှူသော အလှူသည် မဟပ္ဖလ မဟာနိသံသ မဟုတ်၊ ထိုနည်းအတိုင်း တိရစ္ဆာန် စသည်ကို လှူသောအလှူထက် ဒုဿီလရဟန်းကို လှူသော အလှူသည် မဟပ္ဖလ မဟာနိသံသ ဖြစ်၏၊ သီလဝန္တ ရဟန်းနှင့် ထောက်စာသည်ရှိသော် ဒုဿီလရဟန်းကိုလှူသော အလှူသည် မဟပ္ဖလ မဟာနိသံသ မဟုတ်၊ ဒုဿီလရဟန်းမှ ထောက်စာ သော် သီလဝန္တပုထုဇ္ဇန် ရဟန်းကို လှူသောအလှူ သည် မဟပ္ဖလ မဟာနိသံသ ဖြစ်၏၊ အရိယာပုဂ္ဂိုလ်မှ ထောက်စာသော် သီလဝန္တပုထုဇ္ဇန်ရဟန်းကို လှူသောအလှူသည် အကျိုး အာနိသင် မကြီးသော အလှူပင် ဖြစ်ပြန်၏၊ ဤသို့ အထက် ပုဂ္ဂိုလ်ကို ထောက်၍ ဒုဿီလ ရဟန်းကို လှူသော အလှူသည် မဟပ္ဖလ မဟာနိသံသမဖြစ်ဟု ဟောတော်မူသတည်း။

အရိယာပုဂ္ဂိုလ်ကို လှူရသော အခွင့်သည် လောက၌ အလွန်နည်းပါး၏၊ ပုထုဇ္ဇန်သီလဝန္တရဟန်းကို လှူရသော အခွင့် ကား အလွန်များပြား၏၊ ထိုကြောင့် ပုထုဇ္ဇန် သီလဝန္တ ရဟန်းကို

http://www.dhammadownload.com



မူကား မဟာဖွလ မဟာနိသံသအရာ၌ပင် အမြဲထားရသည်။

"တိဏ္ဏဒေါသာနိ ခေတ္တာနိ၊
ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဝိဂတရာဂေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ"။

စသော ဒေသနာတော်များ၌ကား ပုထုဇ္ဇန် သီလဝန္တ ရဟန်းသည် မဟာဖွလ မဟာနိသံသ အလှူခံပုဂ္ဂိုလ်စုမှ အပ ပင်ဖြစ်ချေသည်။

[ဤသို့ ဒေသနာတော်တို့၏ အထူးအပြားကို သိရာသည်။]

ဒွါဒသမပုစ္ဆာ အဖြေပြီး၏။

---o---

http://www.dhammadownload.com



## တောရသမပုစ္ဆာ အဖြေ

၁၃။ ရှင်းသံဃိကဒါန တစ်ပါးတစ်ပါးကို လှူဒါန်းရခြင်းနှင့် အလှူခံပုဂ္ဂိုလ်တကာတို့၏ အထွတ်အထိပ် ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်တစ်ပါးတည်းကို ပုဂ္ဂလိက လှူဒါန်းရခြင်းသည် မည်သည့်အလှူက သာလွန်၍ အကျိုးကြီးမည်ကို သိလိုပါသည်။

ဟူသောပုစ္ဆာ၌-

**ရှင်း ဒက္ခိဏာဝိဘင်္ဂသုတ် ဒေသနာတော်မြွက်မှာ...**

န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန
သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ
မဟပ္ဖလတရံ ဝဒါမိ။

အာနန္ဒ=အာနန္ဒာ၊ သံဃဂတာယ ဒက္ခိဏာယ=သံဃိက အလှူမျိုးထက်၊ ပါဋိ ပုဂ္ဂလိကံဒါနံ=ပုဂ္ဂလိက အလှူမျိုးကို၊ ကေနစိ ပရိယာယေန=တစ်စုံတစ်ခုသော အကြောင်းပရိယာယ်ဖြင့်၊ မဟပ္ဖလတရံ=သာလွန်၍အကျိုးကြီးသည်ဟူ၍၊ အဟံ=ငါဘုရားသည်၊ န တွေဝ ဝဒါမိ=ဟောတော်မမူသည်သာလျှင်တည်း။

http://www.dhammadownload.com



ဟူ၍ တင်းတင်းကြပ်ကြပ် ဟောတော်မူအပ်သော အမိန့်တော်မြတ် ရှိချေသောကြောင့် သံဃိကအလှူမျိုးထက် တစ်စုံတစ်ခုသော ပုဂ္ဂလိကအလှူမျိုးက အကျိုးသာလွန်၍ ကြီးသည်ဟု မဖြေဝံ့ချေ။

**အဋ္ဌကထာ၌လည်း--**

သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟိ
ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ
ဒုဿီလေပိ ဒိန္နဒါနံ မဟပ္ဖလတရမေဝ။

ဟု မိန့်တော်မူ၏။

သံဃေ=သံဃာ၌၊ စိတ္တီကာရံ=ရိုသေခြင်းအမှုကို၊ ကာတုံ=ပြုခြင်းငှါ၊ သက္ကောန္တဿ=တတ်စွမ်းနိုင်သောသူအား၊ ခီဏာသဝေ=ရဟန္တာပုဂ္ဂိုလ်ကြီး၌၊ ဒိန္နဒါနတော=လှူရသော အလှူထက်၊ ဥဒ္ဒိသိတွာ=သံဃာမှ ညွှန်းချ၍၊ ဂဟိတေ=ရယူအပ်သော၊ ဒုဿီလေပိ=ဒုဿီလ ရဟန်း၌သော်လည်း၊ ဒိန္နဒါနံ=လှူအပ်သော အလှူသည်၊ မဟပ္ဖလတရမေဝ= အလွန်အကျိုးကြီးသေးသည် သာလျှင်တည်း။

ဟူ၍ တင်းတင်းကြပ်ကြပ်ပင် မိန့်ဆိုလျက် ရှိပြန်ချေသည်။

သို့သော်လည်း--

http://www.dhammadownload.com



"သံဃေ တွံ ဂေါတမီ ဒေဟိ။ သံဃေ တေ ဒိန္နေ
အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ။"

ဟူသော ပါဠိတော်မြွက်အဖွင့်၌ ဤပုဂ္ဂလဝိဝါဒနှင့်တကွ အဋ္ဌကထာ ဝိနိစ္ဆယကို ပြဆိုဦးအံ့။

မိထွေးတော် ဂေါတမီသည် သင်္ကန်းနှစ်စုံကို မြတ်စွာဘုရားအား လှူဒါန်းရာ တစ်စုံကိုသာ ခံတော်မူ၍ တစ်စုံကို သံဃာအား လှူလော့ဟု ဟောတော်မူရာ၌ အဘယ်ကြောင့် မြတ်စွာဘုရားသည် သံဃာအား အလှူစေခိုင်းတော်မူလေ သနည်းဟူ၍ ပုစ္ဆာစကား ဖြစ်ပွားရာ၌ ဝိတဏ္ဍဝါဒီဆရာတို့က ဘုရားကိုလှူသည်ထက် သံဃိကဒါနက သာလွန်၍ အကျိုးကြီးသောကြောင့် တစ်စုံကို သံဃာအား အလှူစေခိုင်းတော်မူသည်ဟု ဖြေ၏။

ထိုဝါဒကိုပယ်၍ ဤသို့အဋ္ဌကထာ၌ ဖြေဆိုဆုံးဖြတ်၏--

န ဟိ က္ကမသ္မိံ လောကေ ပရသ္မိံ ဝါပန ဗုဒ္ဓသသေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ။ ယမာဟုဒက္ခိ-ဏေယျာနံ အဂ္ဂတံ ဂတော၊ ပုညတ္ထိကာနံ ဝိပုလ-ဖလေသီနန္တိ ဝစနတော ဟတ္ထာရာ ဥတ္တရိတရော ဒက္ခိဏေယျောနာမ နတ္ထိ၊ တသ္မာသာ ဆစေတနာ ကေတော ဟုတွာ ဒီဃရတ္တံ ဟိတာယ သုခါယ

http://www.dhammadownload.com



ဘဝိဿန္တီတိ ဒါပေဿ။

[အဋ္ဌကထာပါဠိ]

အမိပွဲါယ်ကား ဘုရားကိုလှူသော ပုဂ္ဂလိကအလှူထက် သံဃာကိုလှူသော သံဃိကအလှူက သာလွန်၍အကျိုးကြီး သောကြောင့် သံဃာကို အလှူစေခိုင်းတော်မူသည် မဟုတ်၊ ဘုရားထက်မြတ်သော ပုဂ္ဂလိကအလှူခံ သံဃိကအလှူခံ ဟူ၍ မရှိပြီ၊ ထိုကြောင့် မိထွေးတော်အား တစ်စုံသောသက်န်းအတွက် ငါဘုရား၌ စေတနာသုံးတန်ဖြစ်ပြီ၊ သံဃာကိုလှူသော် တစ်စုံ သော သက်န်းအတွက် သံဃာ၌ စေတနာသုံးတန် ဖြစ်ပြန်ရာ၏၊ ထိုစေတနာခြောက်တန်တို့သည် မိထွေးတော်အား ရှည်မြင့် စွာသော ကာလပတ်လုံး ချမ်းသာစီးပွါးများခြင်း အကျိုးငှါ ဖြစ် ကုန်လတ္တံ့ဟု နှလုံးပိုက်တော်မူ၍ တစ်စုံကို သံဃာအား အလှူ စေခိုင်းတော်မူသည်ဟု ဖြေဆိုဆုံးဖြတ်ပေ၏၊ ဤအဋ္ဌကထာ ဝိနိစ္ဆယအလိုသော် ဘုရားတစ်ပါးကို လှူရသော ပုဂ္ဂလိကဒါန သည် သံဃိကဒါန ခုနစ်ပါးထက်ပင် သာလွန်၍ အကျိုးကြီး မြတ်သည်ဟု ဖြေဆိုရန်ရှိ၏။

[ထိုသို့ ဖြေဆိုခဲ့သော် ယခင်ပါဠိတော်နှင့် မဆန့်ကျင်လော ဟူမူ ပါဠိတော်မှာ ဘုရားတစ်ပါးကိုလှူသော ဗုဒ္ဓပုဂ္ဂလိက ဒါနကို ချန်လှပ်၍ ဟောတော်မူသည်ဟု ယူလျှင် မဆန့်ကျင် ရာပြီ။]

http://www.dhammadownload.com



**တစ်နည်းကား-**

မိထွေးတော်သည်ကား ယခုဘဝ၌ပင် ရဟန္တာမဖြစ်၍ ဘဝဆုံးတော့မည့်သူ ဖြစ်ပေရကား ထိုစီဝရဒါန အကျိုး အတွက်နှင့် မိထွေးတော်အပေါ်၌ မြော်ခေါ်ဖွယ်ကိစ္စ မရှိပြီ၊ စင်စစ်မူကား တစ်စုံသောသက်နှံးဖြင့်ပင်လျှင် ကိုယ်တော်မြတ်မှာ မျှတရန် ကိစ္စပြီးပြီဖြစ်၍ ဒုတိယတစ်စုံသည် အပိုဖြစ်၏၊ မြတ်စွာ ဘုရားတို့မည်သည် အပိုအမိုအတွက် ဘယ်သူ့ကို ငါပေးမည်ဟု ပစ္စည်းလေးပါးတို့၌ ကြောင်းကြစိုက်ခြင်း မရှိကုန်၊ ထိုကြောင့် အပိုဖြစ်သည့် အတွက်ကြောင့် သံဃာကိုလှူလော့ဟု စေခိုင်း တော်မူသည်၊ သံဃာကို လှူလျှင် ငါဘုရားကိုလည်း လှူသည် မည်ပါ၏ဟု ဟောတော်မူသည်မှာလည်း ထိုအခါ မိထွေးတော် စိတ်ကို စောင့်တော်မူသောအားဖြင့် ဟောတော်မူသည်၊ ဤသို့ ဖြေဆိုလျှင်လည်း သင့်မြတ်ရာပါ၏။

[ဤသို့ ဖြေဆိုခဲ့သော် ယခုမေးလျှောက်ရင်း ပုစ္ဆာမှာ **ပကတိအတိုင်းပင် ရှိပြန်၏။**]

သံဃိကဒါန ခုနစ်ပါးထက် မြတ်စွာဘုရားတစ်ပါးကို လှူရသော ပုဂ္ဂလိကဒါနသည် သာလွန်၍ အကျိုး ကြီး,မကြီးကို ဘယ် သို့ ဖြေဆိုမည်နည်းဟူမူ။

"န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ

http://www.dhammadownload.com



မဟာပဒ္မလတာရုံ ဝဒါမိ"။

ဟူသော အမိန့်တော်မြတ်ကလည်း ကြပ်တဲ့, အတု မရှိသော ဘုရားတည်းဟူသော အလှူခံပုဂ္ဂိုလ်ထက် သံဃိက အလှူခံ ခုနစ်ရပ်တွင် ဘယ်အလှူခံက သာလွန်သည်ဟု ဆို၍လည်းမဘွယ်, ငါတို့နှယ် သူများနှင့်တန်သောပုစ္ဆာ မဟုတ်ချေ၊ သံဃိက ခုနစ်ပါးထက် ဘုရားတစ်ပါးကိုလှူသော ပုဂ္ဂလိကဒါနက သာလွန်၍ အကျိုးကြီးမြတ်သည်ဟု သာကေဂါထာနှင့်တကွ အဋ္ဌကထာ ဖြေဆိုချက်အတိုင်းကိုသာ မှတ်ကုန်ရာသည်။

ဤအရာ၌ ပညာရှင်တို့ ဆင်ခြင်ရန်ရှိသည်ကို ဆိုဦးအံ့ --

သက်တော်ထင်ရှားရှိတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားကြီးကို ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံရ၍ လှူရသော သဗ္ဗညု ဗုဒ္ဓပုဂ္ဂလိကဒါန၌ကား အဋ္ဌကထာ ဖြေဆိုတော်မူသည့်အတိုင်း မှတ်ရပြီ၊ သက်တော်ထင်ရှား ရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားကြီး ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ယခုအခါ၌ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားကြီးကို အာရုံပြု၍ ကိုယ်စားတော်မြတ် ဖြစ်တော်မူသော ရုပ်ပွါးတော် ဆင်းတုတော်မြတ်ကို လှူဒါန်းသောကုသိုလ်နှင့် သက်သက်သော သံဃိကဒါန ကသိုလ်သည် အဘယ်က သာမည်နည်း၊ ဘုရား

http://www.dhammadownload.com



တည်သောကုသိုလ်နှင့် သံဃိကကျောင်း ဆောက်လုပ် လှူဒါန်းသော ကုသိုလ်သည် အဘယ်က သာမည်နည်းဟု ကြံဘွယ်ရှိချေ၏၊ အဘယ်ကြောင့် ကြံဘွယ်ရှိသနည်း။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဟု ဝိမာနဝတ္ထုမှာ လာရှိပြီ။

**အဓိပ္ပါယ်ကား-**

သဗ္ဗညုမြတ်စွာဘုရားကြီးကို ကိုယ်တိုင်တွေ့ကြုံရသည်ဖြစ်စေ၊ မတွေ့ကြုံရသည်ဖြစ်စေ၊ စိတ်တွေ့သာ ပဓာနဖြစ်သည်၊ စိတ်သည်သာ သုဂတိနိဗ္ဗာန်အကျိုးကို ပေးနိုင်သည်၊ ထိုကြောင့် သက်တော်ထင်ရှားရှိ၍ ကိုယ်တိုင်တွေ့ရ သည်ဖြစ်စေ၊ ပရိနိဗ္ဗာန်စံပြီးဖြစ်၍ ကိုယ်တိုင်မတွေ့ရသည်ဖြစ်စေ၊ စိတ်စေတနာ သဒ္ဓါတူမျှကြပါမူကား အကျိုးအတူတူပင်ဖြစ်သည် ဟူလို၊ စိတ်စေတနာသဒ္ဓါတူမျှရန် အရေး မခက်လော၊ သဗ္ဗညုမြတ်စွာဘုရားကြီးကို ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ရသော စိတ်နှင့် ရုပ်ပွါးတော်မျှကို တွေ့မြင်ရသောစိတ်သည် တူနိုင်မည်လော၊ အဘယ်မျှ ကွာလှမ်းကြလိမ့်မည်ဟု ကြံဘွယ်ရှိချေ၏၊ ကြံကြလေကုန်။

တေရသမပုစ္ဆာ အဖြေပြီး၏။

-----o-----

http://www.dhammadownload.com



# ဩဝါဒကထာ

[ယခုအခါ ဤပုစ္ဆာတစ်ဆယ့်သုံးပါးကို လျှောက်ထားသူ ဒါယကာတို့အား နှလုံးထားကြရန် ဥပရိပဏ္ဏာသ ပါဠိတော် သုတ်မှာလာသော ကာဏကစ္ဆပေါပမ ဒေသနာတော်အရနှင့် ဩဝါဒပေးလိုက်အံ့]

ဘိက္ခဝေ=ရဟန်းတို့၊ သေယျထာပိ=ဥပမာဆိုသည်ရှိသော်ကား၊ ပုရိသော=တစ်ဦးသော ယောကျ်ားသည်၊ ကေစ္ဆိဂ္ဂလံ=အပေါက်တစ်ခုသာရှိသော၊ ယုဂံ=ထမ်းပိုးတစ်ခုကို၊ မဟာသမုဒ္ဒေ=မဟာသမုဒ္ဒရာအလယ်၌၊ ပက္ခိပေယျ=ချထားလေရာ၏၊ တမေနံ=ထိုထမ်းပိုးကို၊ ပုရတ္ထိမော ဝါတော=အရှေ့အရပ်မှလာသောလေသည်၊ ပစ္ဆိမေန=အနောက်အရပ်သို့၊ သံဟရေယျ=ရွေ့စေရာ၏၊ ပစ္ဆိမော ဝါတော=အနောက်အရပ်မှ လာသောလေသည်၊ ပုရတ္ထိမေန=အရှေ့အရပ်သို့၊ သံဟရေယျ=ရွေ့စေရာ၏၊ ဥတ္တရော ဝါတော=မြောက်အရပ်မှလာသော လေသည်၊ ဒက္ခိဏေန=တောင်အရပ်သို့၊ သံဟရေယျ=ရွေ့စေရာ၏၊ ဒက္ခိဏော ဝါတော=တောင်အရပ်မှ လာသောလေသည်၊ ဥတ္တရေန=မြောက်အရပ်သို့၊ သံဟရေယျ=ရွေ့စေရာ၏၊ တတ္ထ=ထိုမဟာသမုဒ္ဒရာ၌၊ ကာဏော=မျက်စိနှစ်လုံး ကွယ်ဆုံးပြီးသော၊

http://www.dhammadownload.com



ကစ္ဆပေါ=လိပ်ငယ်သည်၊ အတ္ထိ=ရှိ၏၊ သော=ထိုလိပ်ငယ်သည်၊ ဝဿ သတဿစ=အနှစ်တစ်ရာသည်လည်းကောင်း၊ ဝဿ သဟဿစ=အနှစ်တစ်ထောင်သည်လည်းကောင်း၊ အစ္စယေန=လွန်သောအခါမှ၊ သကိံ=တစ်ကြိမ်၊ ဥမ္မုဇ္ဇေယျ= ပေါ်ရာ၏။

ဘိက္ခဝေ=ရဟန်းတို့၊ တံ=ထိုလိပ်ငယ်ကို၊ ကိံမညထ= အဘယ်သို့ သိကြကုန်မည်နည်း၊ သော ကာဏော ကစ္ဆပေါ= ထိုလိပ်ကာဏ်းသည်၊ ဧကစ္ဆိဂ္ဂလေ=တစ်ခုသောအပေါက်ရှိသော၊ အမုကသ္မိံ ယုဂေ=ထိုထမ်းပိုး၌၊ ဂီဝံ=ဦးခေါင်းလည်ပင်းကို၊ ပဝေသေယျအပိနု=သွင်းမိနိုင်မည်လော၊ ဣတိ=ဤသို့မေးတော်မူ၏၊ ဘန္တေ=အရှင်ဘုရား၊ ဧတံ=ဤသို့သွင်းမိမှုသည်၊ နောဟိ=ဖြစ်နိုင်ခွင့်မရှိပါ။ ပန=ထိုသို့ပင်မရှိသော်လည်း၊ ဘန္တေ= အရှင်ဘုရား၊ ကဒါစိ=ရံခါ၊ ဒီဃဿ=ရှည်လှစွာသော၊ အဒ္ဓုနော= ကာလ၏၊ အစ္စယေန=လွန်သောအခါ၌၊ ယဒိပဝေသေယျ=သွင်းမိသော် သွင်းမိရာပါသေး၏၊ ဣတိ=ဤသို့ လျှောက်ကြကုန်၏။

ဘိက္ခဝေ=ရဟန်းတို့၊ သော ကာဏော ကစ္ဆပေါ=ထိုလိပ်ကာဏ်းသည်၊ ဧကစ္ဆိဂ္ဂလေ=တစ်ခုသော အပေါက်ရှိသော၊ အမုကသ္မိံ ယုဂေ=ထိုထမ်းပိုး၌၊ ဂီဝံ=ဦးခေါင်း လည်ပင်းကို၊ ခိပ္ပတရံ ပဝေသေယျ=သွင်းမိရန်အခွင့် အလွန်မြန်သေး၏၊

http://www.dhammadownload.com



ဘိက္ခုဝေ=ရဟန်းတို့၊ သက်ိ=တစ်ကြိမ်၊ ဝိနိပါတဂတေန=အပါယ် ဘုံသို့ ကျရောက်လေသော၊ ဗာလေန=သူမိုက်သည်၊ တတော= ထိုလိပ်ကာဏ်း လည်ပင်း ထမ်းပိုးပေါက်၌ သွင်းမိခြင်းထက်၊ မနုဿတ္တံ=လူ့ဘဝသို့ တစ်ဖန်ပြန်လာရန် အခွင့်ကို၊ ဒုလ္လဘတရံ= အလွန်ရခဲလှ၏ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော တော်မူ၏၊ တံ=ထိုသို့အလွန် ရခဲခြင်းသည်၊ ကိဿဟေတု= အဘယ့်ကြောင့်နည်းဟူမူ၊ ဘိက္ခုဝေ=ရဟန်းတို့၊ ဧတ္ထ=ဤအပါယ် ဘုံ၌၊ ဓမ္မစရိယာ=တရားကျင့်ရန် အခွင့်သည်၊ နတ္ထိ=မရှိ၊ သမစရိယာ=ကောင်းမွန် ညီညွတ်စွာ ကျင့်ရန်အခွင့်သည်၊ နတ္ထိ=မရှိ ကုသလကိရိယာ= ကုသိုလ်ပြုရန်အခွင့်သည်၊ နတ္ထိ=မရှိ ပုညကိရိယာ=ကောင်းမှုပြုရန်အခွင့်သည်၊ နတ္ထိ=မရှိ၊ ဘိက္ခုဝေ= ရဟန်းတို့၊ ဧတ္ထ=ဤအပါယ်ဘုံ၌၊ အညမည ခါတိကာ=အချင်း ချင်း သတ်ပုတ်ညှဉ်းဆဲခြင်းသည်သာလျှင်၊ ဝတ္တတိ=ဖြစ်၏၊ ဒုဗ္ဗလခါတိကာ=အားနည်းသူကို သတ်ပုတ်ညှဉ်းဆဲခြင်းသည်၊ ဝတ္တတိ=ဖြစ်၏။

[ပါဠိတော်အနက်]

လေးကျွန်းလုံးကို တစ်ပြင်တည်း ပတ်၍နေသော အနံ ယူဇနာရှစ်သောင်း နှစ်ထောင်, အလျားပတ်လည် ယူဇနာ သုံးသန်းကျော်ရှိသော မဟာသမုဒ္ဒရာကြီးမှာ ဇမ္ဗူဒီပါမှ ကောင်ဘက် သမုဒ္ဒရာအလည်၌ ရင်းထမ်းပိုးကို ချထားရာ၏၊

http://www.dhammadownload.com



မြောက်ကျွန်းမြောက်ဘက် သမုဒ္ဒရာအလည်၌ ထိုလိပ်ကာဏ်း ရှိနေရာ၏၊ ထမ်းပိုးလည်း လေ,ရေ ဆောင်ရာ မျောပါ၍ နေရာ၏၊ လိပ်ကာဏ်းလည်း ရောက်မိရောက်ရာ လှည့် လည်၍နေ၏၊ ထမ်းပိုးလည်း မဆွေးမပုတ်ခဲ့သော် လိပ်ကာဏ်း လည်း အသက်ရှည်ခဲ့သော် ကမ္ဘာကြီး မပျက်မီအတွင်း လည်ပင်းနှင့် ထမ်းပိုးပေါက် စွပ်မိရာသေး၏၊ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်၍ သွားသောသူသည် တစ်ဖန်လူ့ပြည်သို့ ပြန်လာရန် အခွင့်သည် ထိုထက်ကြံ့ကြိုက်ခဲလှ၏ဟု အဋ္ဌကထာ တို့၌ ဖွင့်ဆိုပေကုန်၏။

အဘယ့်ကြောင့် ထိုမျှလောက် ခဲယဉ်းလှလေသနည်းဟူမူ သုဂတိဘဝသို့ ရောက်မှုမည်သည် သေခါနီး မရဏာသန္နဇောမှာ ကုသိုလ်ဇောစော၍ ကုသိုလ်အာရုံကို အောက်မေ့ထင်မြင်၍ သေရမှ သုဂတိဘဝသို့ ရောက်မြဲ ဓမ္မတာရှိသည်၊ သေခါနီး မရဏာသန္နဇောမှာ အကုသိုလ်ဇော စော၍ အကုသိုလ်အာရုံကို အောက်မေ့ထင်မြင်၍ သေခဲ့လျှင် အပါယ်ဘဝသို့သာ ကျရောက် မြဲဓမ္မတာ ရှိသည်၊ အပါယ်ဘုံဆိုသည်ကား ကုသိုလ်မှန်း ကောင်း မှုမှန်း ဒါနမှန်း သီလမှန်း သိကြသော ဘုံမဟုတ်၊ မျက်မြင်ဖြစ် သော နွား, ကျွဲ, ခွေး, ဝက်, ကြက်, ငှက်, သန်း, ကြမ်းပိုး, ပိုးရွ, ခြပုန်း အစရှိသော အပါယ်ဘုံသားတို့၏ စိတ်နေပုံကိုရှု။

http://www.dhammadownload.com



ထိုကြောင့် သေခါနီးမှာ ကုသိုလ်ဇောစော၍ ကုသိုလ်အာရုံကို အောက်မေ့ထင်မြင်၍ သေကြရန်အခွင့် အဘယ်မှာ ရှိနိုင်အံ့နည်း၊ အားရှိအားမဲ့ သတ်ဖြတ်နှိပ်စက် လုယက် ညှဉ်းပန်းခြင်း မကောင်းမှုတို့ကိုမူကား နေ့ရှိသမျှ ဖြစ်ပွါးစေ၍ နေကြကုန်၏၊ သေခါနီးမှာ အကုသိုလ်ဇော စော၍ အကုသိုလ်အာရုံကို အောက်မေ့ ထင်မြင်၍သာ သေကြရကုန်သည်၊ ရှေးသမ္မပ္ပဓာန်လေးပါးအရာ၌ ပြခဲ့ပြီးသောအတိုင်း တစ်ယောက်တစ်ယောက်သော သတ္တဝါမှာ ရှေးရှေးက ပြုခဲ့၍ အပါယ်သို့ချရန် အခွင့်ကိုစောင့်စား၍ နေကြကုန်သော အကုသိုလ်ကံဟောင်းတို့သည်လည်း ငါတို့၏ နှလုံးထဲ စိတ်ထဲမှာ အသချေ်္ခအသချေ်္ခ မရေတွက်နိုင်အောင် ပါရှိ၍နေကြသည်၊ အသစ်ဖြစ်သော အကုသိုလ်လက်ခံရှိခဲ့လျှင် ရှိတိုင်း ထိုကံဟောင်းတို့ အခွင့်ရကုန်သည်။

ထိုကြောင့် အပါယ်သို့ တစ်ကြိမ်တစ်ခေါက် ကျရောက်၍သွားသောသူမှာ ထိုကံဟောင်းတို့ ကောင်းကောင်း အခွင့်ရကြလေတော့သည်၊ ကံတစ်ခုလျှင် တစ်ဘဝ ကံတစ်ခုလျှင်တစ်ဘဝအစဉ်အတိုင်း အခွင့်ရကြသဖြင့် အပါယ်သို့ တစ်ကြိမ်ကျခဲ့လျှင် ထိုအပါယ်ဘုံတို့၌ ဘဝအသချေ်္ခအသချေ်္ခ ကံဟောင်းတွေအတွက်ပင် ဆက်ကာဆက်ကာကျ၍ မဆုံးနိုင် မကုန်နိုင်ရှိကြ၏၊ ဖြစ်ရာ ဖြစ်ရာဘဝတို့၌ အသစ်အသစ်ဖြစ်ပွါးသော အကုသိုလ်ကံသစ်တွေအတွက်လည်းတစ်မျိုး, ထိုကြောင့် သမ္မောဟဝိနောဒနီ

http://www.dhammadownload.com



အမည်ရှိသော အဘိဓမ္မာဉာဏ ဝိဘင်းအဋ္ဌကထာကြီး၌ လူ့ပြည်မှာ အနည်းငယ်မျှသော အကုသိုလ်ကံကလေး အတွက်ကြောင့် အပါယ်သို့ ကျရောက်လေသောအခါ အသခ်ျေ့အသခ်ျေ မရေတွက်သာ များလှစွာသော ကံဟောင်းတို့သည် နောက်ဘဝ သူကဆက်မည် ငါကဆက်မည်ဟု လုယက်ဝိုင်းဝန်း၍ နေကြကုန်၏။

ဥပမာဆိုသော်ကား---

လူ့ပြည်မှာ ပြည့်ရှင်မင်းအထံမှ အခွင့်ကြီးရ၍ ဘုန်းတန်ခိုးကြီးမားလှစွာသော အလွန်ဆိုးဝါးသော သူတစ်ယောက်သည် တိုင်းတွင်း နိုင်ငံတွင်းမှာ များစွာသော ပြည်သူလူအပေါင်းတို့ကို သတ်ဖြတ်ခြင်း ပစ္စည်းဥစ္စာကို သိမ်းယူခြင်း သမီးပျိုသားပျိုတို့ကို သိမ်းယူခြင်းတို့ဖြင့် အတင်းအဓမ္မ နှိပ်စက်၏၊ ပြည့်ရှင်မင်းထံ ပေါက်ရောက်အောင် တစ်စုံတစ်ယောက်သော သူမျှ မတတ်နိုင်ကြ၊ ကာလရှည်ကြာစွာခံ၍နေကြရ၏၊ ကာလကြာမြင့်လတ်သော် ပြည့်ရှင်မင်း မနှစ်လိုသော အမှုငယ်တစ်ခုအတွက် ပြည့်ရှင်မင်း အမျက်ထွက်၍ အမှုရောက်လေ၏၊ ထိုအခါမှ အခွင့်ရကြ၍ တိုင်းသူပြည်သား အပေါင်းတို့သည် ဝိုင်းကာ ဉာကာ လာကြကုန်၍ ပြည့်ရှင်မင်းအား အကုန်လုံး လျှောက်ကြားကြကုန်၏။

[ဤဥပမာ အတူတည်း။]

http://www.dhammadownload.com



ထိုကြောင့် အနည်းငယ်မျှသော အကုသိုလ်ကံနှင့် အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်၍ ထိုကံဟောင်းတို့အတွက် တစ်ကမ္ဘာလုံး အပါယ်မှ မတက်ရဘဲ ငရဲသစ်ငုတ်ဖြစ်၍ နေကြကုန်သောသူတို့သည် အသချေ်္ခ၊အသချေ်္ခ မရေတွက်နိုင် ရှိကြကုန်၏ဟု ဥပမာနှင့်တကွ ပြဆိုတော်မူပေ၏။

[မြတ်စွာဘုရား ဟောတော်မူသော လိပ်ကာဏ်းဥပမာနှင့် ဤအဋ္ဌကထာကြီးစကားသည် ညီညွတ်လှ၏။]

အပါယ်သို့ တစ်ကြိမ်ကျရောက်၍ သွားကြသောသူ အသိန်းအသောင်းတွင်မှ တစ်ယောက်တစ်လေမျှသာ လူ့ပြည်သို့ ပြန်သူရှိကြ၏၊ ထိုကြောင့် "မနုဿတ္တ ဘာဝေါ ဒုလ္လဘော" ဟူ၍လည်း ဟောတော်မူသည်။

မေတ္တေယျ မြတ်စွာဘုရားသည်လည်း ယခု အန္တရကပ်ကုန်၍ နောက်အန္တရဆုတ်ကပ်တွင် လူတို့အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူလတ္တံ့၊ အနှစ် နှစ်သိန်း သုံးသိန်းမျှ သာသနာတော် တည်ထွန်း၍ ကွယ်လတ္တံ့၊ အနှစ် နှစ်သိန်း သုံးသိန်းဆိုသော ကာလသည် ငရဲဘုံ၌ တစ်ဘဝ နှစ်ဘဝစာမျှသာ ရှိချေသည်၊ မေတ္တေယျမြတ်စွာဘုရားသာသနာ ကွယ်သည့်နောက် ဤကမ္ဘာမှာ ပွင့်လာရန်ဘုရား မရှိပြီ၊ ဤကမ္ဘာကုန်လျှင်လည်း သုညကမ္ဘာတွေ များစွာလာ၍ မှောင်တောကြီးအတိ သွားတော့

http://www.dhammadownload.com



မည်၊ ယခုငါတို့ ဂေါတမ မြတ်စွာဘုရား သာသနာတော်တွင် လူ့အဖြစ် ရှင့်အဖြစ်ကို ရကြကုန်သော သူတို့မှာ နောက်ဘုရား သာသနာတော်နှင့် အလွန်အခွင့်သင့်လျော်ကြကုန်၏၊ အလွန် စခန်း ဆိုက်တိုက်ကြကုန်၏၊ လူ့အဖြစ်ကို ရကြသော်လည်း ရင်းနှီးရန် လက်ရှိဘုရားသာသနာနှင့် ကျွတ်လွတ်ရန် နောက် ဘုရားသာသနာ နီးလှစွာကို အလွန်ကြုံကြိုက်ခဲလှ၏၊ ယခု ကြုံကြိုက်ကြရပေကုန်၏။

ယခု သာသနာ၌ ပြုသောဒါန သီလ ဘာဝနာ ကုသိုလ် ကြောင့် ယခုဘဝမှ စုတေ၍ သာသနာတည်ထွန်းရာ လူမျိုးမှာ ဖြစ်ရလျှင်လည်း ကုသိုလ်ပါရမီတရား ပွါးများခွင့် ရကြပြန်လတ္တံ့၊ အထက် စတုမဟာရာဇ်မှာ ဖြစ်ရလျှင်လည်း မြတ်စွာဘုရား သားတော်အစစ် ဖြစ်ကြပေကုန်သော သောတာပန် သကဒါဂါမ် အရိယာသူမြတ်တို့၏ အလယ်၌ဖြစ်၍ ဘုရားဂုဏ်ကျေးဇူး, တရားတော်ဂုဏ်ကျေးဇူး, သံဃာတော်ဂုဏ်ကျေးဇူး နက်နဲသော သတိပဋ္ဌာန် သမ္မပ္ပဓာန်စသော တရားစကားတို့ကို ကြားနာ၍ နေကြရလတ္တံ့၊ တာဝတိံသာမှာဖြစ်ရလျှင်လည်း ထိုအတူပင်၊ ထိုနတ်ပြည်တို့၌လည်း ယခုအခါ ဘုရားသာသနာစည်ကားဆဲ စည်ကားတုန်းပေတည်း၊ အစိုးရဖြစ်သောနတ်မင်းကြီး, သိကြားမင်းကြီးတို့ကလည်း ဘုရားသားတော်အစစ် အရိယာ ပုဂ္ဂိုလ်တို့ပေတည်း၊ ယခုအခါ စတုမဟာရာဇ်မှာ ဘုရားပရိနိဗ္ဗာန်

http://www.dhammadownload.com



စံ၍ အရက်လေးဆယ်ကျော် ငါးဆယ်ခန့်သာ ရှိသေးသည်၊ တာဝတိံသာမှာ အရက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသည်၊ ယခုအခါ ဘုရားသာသနာ နတ်ပြည် ဗြဟ္မာ့ပြည်မှာ ထွန်းကားဆဲ ထွန်းကားတုန်းပင်ဖြစ်သည်၊ ဘုရားလက်ထက်တော်၌ ရှိကြသော သာဝတ္ထိပြည်သူ, ရာဇဂြိုဟ်ပြည်သူ အစရှိကုန်သော ကုဋေသိန်း သန်းမက များလှစွာကုန်သော မဇ္ဈိမတိုင်းသူ တိုင်းသား ဘုရား သားတော် သမီးတော်အစစ် ဖြစ်ကြပေကုန်သော သူတို့သည် ယခုအခါ စတုမဟာရာဇ်မှာအပြည့် တာဝတိံသာမှာ အပြည့် ယာမာ တုသိတာမှာအပြည့် ရှိနေကြကုန်သည်။

မေတ္တေယျ ဘုရားအလောင်းတော်လည်း တုသိတာမှာ ရှိနေသည်၊ ဘုရားပရိနိဗ္ဗာန် စံတော်မူသည့်နောက် အနှစ် နှစ်ဆယ်ကျော်ခန့် အတွင်းမှာ ဖြစ်ကြကုန်သော မဇ္ဈိမတိုင်းသူ တိုင်းသား ဘုရားသားတော် သမီးတော်တို့လည်း ယခုနတ်ပြည်မှာ အပြည့်ရှိကြသည်၊ ထိုနောက် သီဟိုဠ်သို့ သာသနာတော် ရောက်၍ သီဟိုဠ်မှဖြစ်ကြကုန်သော ဘုရားသားတော် သမီးတော် အစစ်တို့လည်း ယခုနတ်ပြည်မှာ အပြည့်ရှိကြကုန်သည်။

ယခု လူတို့မှာ ဝိသာခါ, အနာထပိဏ်အစရှိသောသူတို့ကို စာဆိုစာတွေ့နှင့် လွမ်းကြရကုန်သည်၊ ယခုဘဝမှသေ၍ နတ် ပြည်သို့ ရောက်ကြလျှင် ဝိသာခါ, အနာထပိဏ်အစရှိသော

http://www.dhammadownload.com



ဘုရားလက်ထက်တော်ရှိ သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ အစရှိသော ကုဋေသိန်းသန်းမကသောသူတို့နှင့် နတ်ပြည်သို့ ကျမှ ဇာတ်ပေါင်းရကြကုန်လတ္တံ့၊ ထိုအခါ ထိုသူတို့ကို ကြည်ညို အားကျ၍ အဆုံးအမကိုခံယူ၍ သောတာပန်လည်းဖြစ်နိုင်၏၊ သကဒါဂါမ်လည်းဖြစ်နိုင်၏၊ ထိုသို့ပင် မဖြစ်ရသော်လည်း ယခုဘဝ၌ ပြုကြသော ဒါန, သီလ, ဘာဝနာကုသိုလ်ကြောင့် နတ်ပြည်မှသည် လူ့ပြည်၌ လူ့ပြည်မှ သည်နတ်ပြည်၌ ဆက်ခါ ဆက်ခါဖြစ်၍ မေတ္တေယျမြတ်စွာဘုရား သာသနာတော်နှင့် တွေ့ကြ၍ အတုမရှိသော မြတ်စွာဘုရား၏ အနန္တဘုန်းတော် တန်ခိုးတော်တို့ကို ကိုယ်တိုင်ဒိဋ္ဌ ဖူးမြင်ဘူးကြရ၍ အကျွတ်တရား ကို ရကြကုန်လတ္တံ့။

**[ဤသို့ ယခုဘဝ ဘုရားသာသနာတော်တွင်း၌ ကြုံကြိုက် ရှိနေကြကုန်သော ယခုမျက်မြင် လူရှင်အပေါင်းတို့၏ စခန်း ကောင်း-ထိုင်မီချက်ကို သိအပ်၏။]**

ထိုသို့ ယခုဘဝမှစ၍ပြဆိုလိုက်သော လမ်းစဉ် စခန်းစဉ် အတိုင်း ဖြောင့်မတ်စွာ သွားမှုမှာလည်း ဒါနကုသိုလ်မျှနှင့် စိတ် မချသာချေ၊ အားမကိုးသာချေ၊ ရှင်ရဟန်းဖြစ်သူတို့မှာ ပြဆို ခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလ သပ္ပုရိသအင်္ဂါတို့နှင့် ခိုင်လုံစွာ ပြည့်စုံပါမှ စိတ်ချလက်ချ အားကိုးရချေသည်၊ လူဖြစ်သူတို့မှာ လည်း အာဇီဝဋ္ဌမကသီလ သပ္ပုရိသအင်္ဂါတို့နှင့် ခိုင်လုံစွာ

http://www.dhammadownload.com



ပြည့်စုံပါမှ စိတ်ချလက်ချ အားကိုးရချေမည်၊ ထိုသို့ခိုင်လုံကြ၍ ပြဆိုခဲ့ပြီးသော လမ်းစဉ် စခန်းစဉ်သို့ အစဉ်အဖြောင့် သွားပေလတ္တံ့သော သူတို့ကို ဤသာသနာတော်၌ စူဠသောတာပန် ဆိုသည်။

သောတာပန်သည် အပါယ်တံခါး ပိတ်သကဲ့သို့ ဤသူတို့လည်း ယခုဘဝမှစ၍ အပါယ်တံခါးပိတ်ကြကုန်ပြီးဖြစ်၍ သောတာပန် လမ်းစခန်းသို့ ဆိုက်ရောက်သည့်အတွက်ကြောင့် သောတာပန်အစစ် မဟုတ်ကြသေးသော်လည်း သောတာပန်ပင် ဆိုရကုန်သည်၊ ဤသို့ ယခုဆိုက်တိုက်၍ နေရသော မိမိကိုယ် အဖြစ်ကို ကောင်းကောင်းကြီး မြော်မိကြ၍ သူတစ်ပါးတို့၏ အလဇ္ဇီဓမ္မ, အသပ္ပုရိသဓမ္မ အတွက်များနှင့် နားရှက်မျှမခတ်ပဲ တည့်မတ် ငြိမ်သက်စွာနေတတ်ကြပါမှ ထိုစခန်း ထိုလမ်း ဖြောင့်တန်းစွာ သွားကြရမည်၊ တည့်မတ်ငြိမ်သက်စွာ မနေတတ်ကြ၍ အလဇ္ဇီဓမ္မ အသပ္ပုရိသဓမ္မ အတွက်နှင့် နားရှက်များ ခတ်ကြလျှင် ကာယကံ ဝစီကံ မနောကံ တရားတစ်ခုခု တိမ်းပါးမှုနှင့် လူ့အဖြစ် ရှင်အဖြစ် မစင်ကြယ်သည့်အတွက် သေခါနီးအချက်တွင် အပါယ်ဘက်သို့ တစ်ချက်စောင်းမိချေက ထုတ်ပြခဲ့ပြီးသော ပါဠိတော်ကြီး အဋ္ဌကထာကြီးများက လွဲလျှင်လွဲပါမှ ပါဠိတော်ကြီး အဋ္ဌကထာကြီးများမည်သည် လွဲသည်ဟူ၍မရှိ မလွဲခဲ့လျှင်လည်း ငရဲထက်ငရဲ ပြိတ္တာထက်ပြိတ္တာ အပါယ်ရွာအပါယ်ခွင် နယ်စဉ်

http://www.dhammadownload.com



တလွှား တက်တက်ချောအောင် အမျှော်ကြီးမျှော်၍ သွားပြန်ဦးတော့မည်။

ထိုသို့ အမျှော်ကြီးမျှော်၍ သွားကြရလျှင် လူဖြစ်ရန်အရေး နတ်ဖြစ်ရန်အရေးနှင့် အဝေးကြီးဝေးကြသဖြင့် ပြဆိုခဲ့ပြီးသော သာဝတ္ထိပြည်သူ ရာဇဂြိုဟ်ပြည်သူ အစရှိသော မြတ်စွာဘုရားသားတော်အစစ် သမီးတော်အစစ် အရိယာသူမြတ် နတ်ပြည်သူ နတ်ပြည်သားတို့နှင့် ဇာတ်ပေါင်းရန်အရေး အဝေးကြီးဝေးလေ၏၊ မေတ္တေယျ မြတ်စွာဘုရား သာသနာတော်မြတ်နှင့်လည်း အဝေးကြီးဝေးလေ၏၊ ယခုဘဝ ပြုကြသောဒါနမှု, သီလမှု, ဘာဝနာမှု ဘုရားတကာလုပ်မှု ကျောင်းတကာလုပ်မှု ဥပုသ်စောင့်မှု အစုစုအရပ်ရပ်သော ကုသိုလ်ကောင်းမှုကိုသည်လည်း သံထဲရေသွန်ဖြစ်၍ ကုန်လေ၏။

အဘယ်သို့ သံထဲရေသွန်ဖြစ်၍ ကုန်ပါသနည်းဟူမူ လူ့ချမ်းသာ နတ်ချမ်းသာအတွက်မှာမူကား အပါယ်တစ်ခွင်တက်တက်စင်ပြီးနောက် တစ်ခေါက်တစ်ခါ လူ့ဘုံ လူ့ရွာသို့ ပြန်ခွင့်ရသောအခါ ယခုဘဝ ပြုကြသော ကံစုနှင့်ပင် လူပြန်၍ ဖြစ်ရပေလတ္တံ့၊ နတ်ပြန်၍ဖြစ်ရပေလတ္တံ့၊ သေဋ္ဌေးသူကြွယ် ပဒေသရာဇ် ဧကရာဇ်စကြာမန္တာတ် နတ်သိကြားဖြစ်ရပေလတ္တံ့၊ ယခုအခါပြုကြသောကုသိုလ်မျိုးမှာ ထိုကဲ့သို့သော ဘဝသမ္ပတ္တိမျိုးကို အကျိုးကောင်း အကျိုးမြတ်ပြုလိုရင်းမဟုတ်၊ ဘဝများစွာ

http://www.dhammadownload.com



မကြာမတင် လျှင်လျှင်ဆောဆော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလိုကုန်၏ဟူ၍ ဆုတောင်း ပတ္ထနာကြီးအပြီးနှင့် မဂ်တရားဖိုလ်တရား နိဗ္ဗာန်တရားကို ဘဝများစွာ မကြာမတင် လျှင်လျှင်ဆောဆော ရမှု ရောက်မှု သည်သာ ယခုအခါ အထွတ်အမြတ်ပြုအပ်သော အကျိုးမြတ် အကျိုးထူးပေတည်း၊ ထို လိုရင်းလိုပတ် အကျိုးမြတ် အကျိုးထူး တို့သည် ဤသာသနာနှင့်လည်းလွဲ မေတ္တေယျဘုရား သာသနာ နှင့်လည်းလွဲသဖြင့် သဲထဲရေသွန်ဖြစ်ကြလေကုန်သတည်း၊ သုညကမ္ဘာနယ်မှာ ထိုအကျိုးတို့ အခွင့်မရှိပြီ။

မဂ်ဖိုလ်နိဗ္ဗာန်အကျိုးကို ဆောင်နိုင်သော ပါရမီ ကုသိုလ်မည်သည်---

၁။ နိယတကုသိုလ်,

၂။ အနိယတကုသိုလ်,

ဟူ၍ နှစ်ပါးအပြားရှိ၏။

၁။ နိယတဗျာဒိတ်ကို ရကြကုန်ပြီးသော အလောင်း တော်ကြီးများ၏ ကုသိုလ်သည် နိယတကုသိုလ် မည်၏၊ ပြယ် ပျောက်ခြင်းမရှိပြီ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်အောင် အမြဲဆောင်လေ၏။

[ဤကား နိယတကုသိုလ်သဘောတည်း။]

http://www.dhammadownload.com



၂။ အနိယတ ကုသိုလ်ဆိုသည်ကား အခြေမမြဲ မနက်နဲသော ကုသိုလ်မျိုးဖြစ်၍ ရှေ့သို့ဘုရားသာသနာ အလှမ်းအကမ်းနီး၍ အခန့်သင့်ကြုံတွေ့လျှင် မဂ်အကျိုး ဖိုလ်အကျိုး နိဗ္ဗာန်အကျိုးကို ဆောင်ပါ၏၊ ဘုရားသာသနာ အလှမ်းအကမ်း ကွာဝေး၍ အမိုက်တရား အားကြီးစွာ အဆက်ဆက် ဖုံးလွှမ်းဘိစီး၍ သွားဖန်များပြန်လျှင် ပြယ်ပျောက်၍ ကုန်ပြန်၏၊ ဤအနိယတ ကုသိုလ်မျိုးသာရှိသော သူတို့သည် ဘုရားနှင့်တွေ့ရသော်လည်း နိယတ ဗျာဒိတ်မျိုးကို မရထိုက်ကုန်၊ ဤသို့သော အခွင့်အလမ်းကို မြော်မြင်မိသဖြင့် ယခုဘဝမှ အပါယ်သို့ တစ်ချက် စောင်းခဲ့လျှင် ယခုဘဝ အားထုတ်ကြသော ကုသိုလ်အစုစု ကောင်းမှုအရပ်ရပ်တို့သည် အကျိုးမနပ်ပဲ သဲထဲရေသွန် ဖြစ်ရန်အခွင့်ကို ဆိုပေသတည်း။

**[ဤကား အနိယတ ကုသိုလ်သဘောတည်း။]**

ဤအရာ၌ ယခုဘဝ ကောင်းမြတ်လှသည်ကို သိကြ၍ အလဇ္ဇီဓမ္မ အသပ္ပုရိသဓမ္မတို့ အတွက်နှင့် နားရွက်မှ မခတ်ပဲ တည့်မတ် ငြိမ်သက်စွာနေရန် အမှုကို ဥပမာနှင့်ပြဦးအံ့။

သင်္ဘောပျက်သူ လူအများသည် မဟာသမုဒ္ဒရာ အလယ်

http://www.dhammadownload.com



၌ နစ်မွန်းမျောပါးနေကြရာ၏၊ မဟာသမုဒ္ဒရာစောင့် နတ်မြင်၍ ဆယ်တင်လိုသော်လည်း ထိုသူတို့မှာ ကုသိုလ်ကံပြောင်းနည်းပါး လှ၍ အပြီးဆယ်တင်ခွင့်မရ၊ ထိုအခါ တစ်ဆင့်တစ်ဆင့် ဆယ် တင်ရန် တိုင်တစ်ခုစီ ဖန်ဆင်း၍ပေး၏၊ မိမိတိုင်ကို မိမိမြဲမြဲ ကိုင်၍နေကြ၊ ငါးပါးသီလနှင့်တကွ ကာယကံ, ဝစီကံ, မနောကံ များကို ခိုင်လုံစွာ စောင့်ထိန်းကြ၊ ရေသူရေသား ငါးလိပ်မကာရ်း တို့ကိုမြင်လျှင် စိတ်မှမပြစ်မှားကြနှင့်၊ သမုဒ္ဒရာ၌ရှိသော ရက္ခိုသ် ခေါ်သော ရေဘီလူးတို့သည် ပြောင်လာ ပြက်လာ ခြောက်ခြိမ်း လာကြလိမ့်မည်၊ စိတ်မှမပြစ်မှားကြနှင့်၊ စိတ်ပြစ်မှားလျှင် ဤတိုင်ပေါ်က ကျလိမ့်မည်၊ သမုဒ္ဒရာအစာ ဖြစ်လိမ့်မည်။

ငါမှာတိုင်း ကောင်းစွာနေနိုင်လျှင် ဤကုသိုလ်အတွက် ကြောင့် နက်ဖြန်ခါ ကျယ်ဝန်းစွာသော သောင်ကြီးတစ်ခုသို့ ရောက်၍ အစားအစာနှင့် ကျယ်ဝန်းစွာ နေကြရလိမ့်မည်၊ ထိုသောင်ကြီးလည်း ရေမလွတ်သေး၊ ထိုနောက် အဆင့်ဆင့် ပြောင်း၍ချမ်းသာစွာနေကြရလိမ့်မည်၊ ဆယ်ရက်တိုင် ရောက်လျှင် သမုဒ္ဒရာစောင့် နတ်မင်းကြီး တစ်ယောက်လာ၍ သင်တို့ကို ရတနာသင်္ဘောကြီးနှင့် တင်ယူ၍ ဘေးကင်းရာ သမုဒ္ဒရာကမ်းသို့ တင်ပို့လိမ့်မည်၊ ထိုကမ်းတွင် အတုမရှိ သာယာသောမြို့ကြီး၌ ကြီးကျယ်စွာသော သူဌေးသူကြွယ် စည်း စိမ်နှင့် နေကြရလိမ့်မည်ဟုဆိုပေ၏၊ ထိုသူတို့သည် နတ်မင်းကြီး

http://www.dhammadownload.com



ပြောပေ၍ မိမိတို့ချမ်းသာရန် ရှေ့စခန်းတွေကို သိမြင်ကြသဖြင့် ထိုစခန်းစဉ်အတိုင်း မချွတ်ရောက်နိုင်ရန် ခိုင်မြဲသော စိတ်တစ်ခုကို သန်သန်ကြီးထားကြ၍ နတ်မင်းကြီးဆုံးမခဲ့သော အချက်စုကို တစ်ခုမျှ မပျက် မကွက်ရအောင် ကာယကံ နားရွက်ခတ်ခြင်း, ဝစီကံနားရွက်ခတ်ခြင်း, မနောကံ နားရွက်ခတ်ခြင်းကိုမျှ မပြုကြပဲ ထိုတစ်နေ့အဖို့မှာ တည်မတ်ငြိမ်သက်စွာ နေထိုက်လှ၏။

* ပထမသမုဒ္ဒရာစောင့် နတ်မင်းကြီးနှင့် ငါတို့ဘုရားတူ၏၊
* ဒုတိယသမုဒ္ဒရာစောင့်နတ်မင်းကြီးနှင့် မေတ္တေယျမြတ်စွာဘုရား တူ၏၊
* တိုင်နှင့် ယခုလူ့ဘဝတူ၏၊
* သောင်အဆင့်ဆင့်နှင့် သုဂတိဘဝအဆင့်ဆင့် တူ၏၊
* တစ်ဖက်ကမ်းရှိ မြို့ကြီးနှင့် နိဗ္ဗာန်တူ၏၊
* ငါး လိပ် မကာရ်းတို့နှင့် ခပ်သိမ်းသောသတ္တဝါ သာမညတူ၏၊
* ပြောင်၍ ပြက်၍ ပြလာ ခြိမ်းခြောက်လာသော ရေစောင့်ဘီလူးတို့နှင့် သာသနာတွင် မသူတော်လူရှင် အလဇ္ဇီဒုဿီလ တူ၏၊
* ထိုသူတို့ ပြုချက်ကြောင့် နားရွက်ခတ်မှု ဆိုသည်ကား ထိုလူတို့နှင့် စပ်လျဉ်း၍ ရုန့်ရင်းသော ကာယကံ

http://www.dhammadownload.com



ဖြစ်မှု, ဝစီကံဖြစ်မှု, မနောကံဖြစ်မှုပေတည်း။

[အကြွင်းသိသာလှပြီ။]

ဤသို့ ဒေသနာတော်နှင့်တကွ ဖော်ပြခဲ့ပြီးသော လမ်းနှစ်ကြောင်းကို ကောင်းစွာမြော်မြင်နိုင်ကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်ကား ယခုဘဝ သေနေ့ကျအောင် သူတစ်ပါးတို့၏ အလဇ္ဇီဓမ္မ ဒုဿီလဓမ္မ အသပ္ပုရိသဓမ္မတို့အတွက်နှင့် နားရှုက်ခတ်ခြင်းကိုမျှ မပြုကြကုန်မူ၍ ယခုရရှိသော အဖိုးတန်ဘဝကို သေနေ့ကျအောင် လှလှကြီးစောင့်ရှောက်ပြီးလျှင် သိမြင်ပြီးသော သုဂတိအဆင့်ဆင့် နောက်ဘုရားသာသနာ ချမ်းသာသော လမ်းစခန်းသို့ မချွတ်မခွဲ အမြဲကေန် သွားကြရန် စိတ်တစ်ခုကိုသာ ခိုင်မြဲစွာထားကြကုန်ရာသည်။

၁။ ထိုသို့ လမ်းကောင်းဖြင့် နောက်ဘုရား သာသနာသို့ ချမ်းသာစွာ ရောက်နိုင်ရန် တရားတစ်ပါး,

၂။ နောက်ဘုရား သာသနာသို့ ချမ်းသာစွာ ရောက်ကြ၍ ဘုရားနှင့်တွေ့ကြသောအခါ ကျွတ်နိုင်ရန် တရားတစ်ပါး,

ဤနှစ်ပါးသော တရားဓမ္မ မျိုးစေ့ကိုလည်း ယခုဘဝက အရ ကြိုးစားကုန်ရာသည်။

http://www.dhammadownload.com



ကြိုးစားရန်တရားဆိုသည်ကား-

၁။ ဝိဇ္ဇာတရား တစ်ပါး,

၂။ စရဏတရား တစ်ပါး,

ဤနှစ်ပါးတည်း။

ဝိဇ္ဇာဆိုသည်ကား-

အနိစ္စ ဝိပဿနာဉာဏ်, ဒုက္ခဝိပဿနာဉာဏ်, အနတ္တ ဝိပဿနာဉာဏ် ဤသုံးပါးတည်း။

စရဏဆိုသည်ကား-

အောက်က ပြဆိုခဲ့ပြီးသောလူတို့မှာ အာဇီဝဋ္ဌမကသီလ သဟ္ပရိသ အင်္ဂါစုတည်း၊ ရဟန်းတို့မှာ စတုပါရိသုဒ္ဓိသီလ သဟ္ပရိသ အင်္ဂါစုတည်း။

ထို ဝိဇ္ဇာစရဏမျိုး ဗီဇနှစ်ပါးတို့တွင် စရဏတရားကား အပါယ်လမ်းမှ လွတ်ကင်း၍ သုဂတိအဆင့်ဆင့် မြင့်မြတ်သော လမ်းစခန်းဖြင့်သာ နောက်ဘုရားသာသနာသို့ ဖြောင့်မတ်စွာ ဆိုက်ရောက်နိုင်ရန်တရားတည်း၊ ဝိဇ္ဇာမျိုး ဗီဇတရားကား နောက်ဘုရားနှင့် တွေ့ကြုံကြသောအခါ အကျွတ်ရနိုင်ရန် တရားတည်း။

အကြင်သူသည် ယခုဘဝ၌ ဝိဇ္ဇာမျိုးကား ရှိ၏၊ စရဏ တရား လုံလောက်စွာမရှိ၊ ထိုသူသည် နောက်ဘုရား သာသနာသို့

http://www.dhammadownload.com



ချမ်းသာစွာရောက်နိုင်ရန် လမ်းရိက္ခာမရှိ၊ လမ်းရိက္ခာမရှိက နောက်ဘုရားသာသနာနှင့် ငါတွေ့ရလိမ့်မည်ဟု မထင်စားရ။

အကြင်သူသည် ယခုဘဝ၌ သီလသံဝရ စရဏတရားနှင့် ပြည့်စုံ၏၊ ဝိဇ္ဇာတရားမူကား အတုအပနှင့်ပြီးရ၍ မျိုးဗီဇ အဆံမာသော ဉာဏ်ပညာမရှိ၊ ထိုသူသည် နောက်ဘုရား သာသနာသို့ ချမ်းသာစွာရောက်ရ၍ ဘုရားနှင့်တွေ့သော်လည်း အကျွတ်မရ၊ ဘုရားဒါယကာ, ကျောင်းဒါယကာ, တန်ဆောင်း ဒါယကာ, သိမ်ဒါယကာ, ဥပါသကာ, ဥပါသိကာ, ဘိက္ခု, ဘိက္ခုနီ ခေါ် ရရုံအမှုနှင့်ပင် ထိုတစ်သာသနာ ပြီးရှာပြန်လတ္တံ့။

ဥပမာကား-

* စရဏတရားမည်သည် ကျေးငှက်တို့မှာ အတောင် အင်္ဂါ ခြေအင်္ဂါနှင့်တူ၏၊
* ဝိဇ္ဇာတရားမည်သည် မျက်စိအင်္ဂါ နှုတ်သီးအင်္ဂါနှင့် တူ၏၊

ဤသာသနာနှင့် နောက်ဘုရားသာသနာနှစ်ပါးသည် တစ်ယူဇနာမျှ ကွာခြား၍နေကြသော အဏ္ဏဝါ သရက်တောကြီး နှစ်ခုနှင့်တူ၏၊ သုဂတိဘဝတို့သည် အကြားတစ်ယူဇနာခရီးတွင် လမ်းစဉ်တစ်လျှောက် ခဲတစ်ကျက္ခ နှစ်ကျက္ခ ရှိနေကြသော တောသရက်ကြမ်းပင်ကြီးတွေနှင့် တူ၏၊ အောက်မြေပြင် တစ်လျှောက်၌ကား ကျေးငှက်တို့ကို တွေ့ရှိလျှင် အတင်းဖမ်း၍

http://www.dhammadownload.com



မျိုးစားသော မြေဆီးစသည်အနံ့ရှိ၏၊ မြေသို့ကျရောက်သမျှသော ကျေးငှက်သည် အသက်ချမ်းသာသည်မရှိ၊ ဤ၌ မြေပြင် တစ်လျောက်နှင့် အပါယ်ဘုံတူ၏၊ အတောင်အင်္ဂါ ခြေအင်္ဂါ မျက်စိအင်္ဂါ နှုတ်သီးအင်္ဂါ အလုံးစုံနှင့်ပြည့်စုံကုန်သော ကျေးငှက် တို့သည် အဗ္ဗန္တရသရက်တောကြီးတစ်ခု အသီးတုံးလျှင် ပျော်ပျော် ရွှင်ရွှင် သစ်တစ်ပင်မှ သစ်တစ်ပင်သို့ ကောင်းကင်ခရီးဖြင့်သာ အသီးသီးရာ အဗ္ဗန္တရ သရက်တောကြီးတစ်ခုသို့ သွားရောက်၍ စားသောက် ပျော်မြူးကာ နေကြကုန်၏။

[ယခုအခါ ဤသာသနာ၌ ပြဆိုခဲ့ပြီးသော ကာမာဝစရ ဝိဇ္ဇာစရဏ ဓမ္မတို့နှင့် ပြည့်စုံကြကုန်သော ရှင်လူအပေါင်း တို့သည် ထိုကျေးငှက်တို့နှင့် တူကုန်၏။]

အချို့သော ကျေးငှက်တို့သည် အတောင်ကားရှိကြကုန်၏၊ နှုတ်သီးအင်္ဂါ ကျိုးပျက်၍ နှုတ်သီးကား မရှိကြကုန်၊ ထို ကျေး ငှက်တို့သည် ပထမငှက်တို့နှင့်အတူပင် ကောင်းကင်ခရီးဖြင့် အဗ္ဗန္တရ သရက်တောကြီးသို့ ရောက်နိုင်ကြကုန်၏၊ နှုတ်သီး မရှိသည့်အတွက် သရက်သီး အရသာကိုကား မရနိုင်ကြကုန်၊ သရက်တောကြီး၏ အရိပ်ကို ခိုရကုန်၏၊ သရက်တောကြီး၏ တင့်တယ်ခြင်း ကျက်သရေကို ကြည်လင်စွာ မြင်ကြရကုန်၏၊ နှုတ်သီးမရှိသည့်အတွက် အသီးအရသာကို မရ၊ အရွက်နု အရွက်ကြမ်းမျှနှင့် မျှတကြရကုန်၏၊ ဤကျေးငှက်တို့နှင့်

http://www.dhammadownload.com



ဤသာသနာဝယ် ဝိဇ္ဇာမျိုးကို မကြိုးမစား သီလတရားနှင့်ပြီး၍ နောက်သာသနာ၌ အကျွတ်မရထိုက်သောသူတို့ တူကုန်၏၊ အကြွင်ကျေးငှက်တို့သည် နှုတ်သီးအင်္ဂါနှင့်ပြည့်စုံကြကုန်၏၊ အတောင်ကျိုးပျက်၍ အတောင်အင်္ဂါ မရှိကြကုန်၊ ထိုကျေးငှက်တို့သည် ကောင်းကင်ခရီးဖြင့် မပျံနိုင်ကြကုန်မူ၍ မြေပြင်မှာ လျှောက်သွားကြရကုန်၏၊ အဗ္ဗုဿတ္တရ သရက်တောကြီးသို့ ချောမောစွာ ရောက်ပေါက်ရန်အခွင့် အလွန်နည်းလှ၏။

[ယခုအခါ သုတ်အဘိဓမ္မာကျမ်းဂန်ကိုသာ တတ်သိ၍ စတုပါရိသုဒ္ဓိသီလစရဏတရားမှ ချို့တဲ့သောသူတို့သည် ထိုကျေးငှက်တို့နှင့် တူကြကုန်၏။]

ထိုကြောင့် ယခုအခါ သာသနာမြတ်၌ ကြုံကြိုက်ကြရကုန်သော သူတော်ကောင်းအပေါင်းတို့သည် ပထမကျေးငှက်တို့နှင့်တူစွာ ဤဘဝမှသေလွန်ကြလျှင် သုဂတိစခန်း မြတ်သောလမ်းဖြင့် နောင်ဘုရားသာသနာတော်သို့ ချမ်းသာစွာ ဆိုက်ရောက်ကြပြီးလျှင် မြတ်စွာဘုရား၏ တရားဓမ္မဒေသနာတော်ကို ကြားနာရသည့်အဆုံး၌ အကျွတ်တရားကို ရနိုင်ကြရန် နှစ်တန်သော ဝိဇ္ဇာဓမ္မ စရဏဓမ္မများကို ယခုဘဝ အရအမိ ကြိုးစားကြကုန်ရာသတည်း။

[ဤတွင် ၁၃-ပုစ္ဆာ လျှောက်ထားသူ ဒါယကာတို့ကို ဩဝါဒပေးလိုက်သော ဩဝါဒခန်းပြီး၏။]

ဓမ္မဒီပနီပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com

လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့
သန့်စင် စိစစ်ပြီး စာမူ။

မိခင်ရောဝတီ